# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကိုဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၆ ရက် ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ သောကြာနေ့ အတွဲ (၅၇)၊ အမှတ် (၁၁၉)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအကြံပေးအဖွဲ့၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ



အကြံပေးအဖွဲ့၏ အပြီးသတ်အစီရင်ခံစာကို **H.E. Dr. Surakiart Sathirathai** က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ပေးအပ်စဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် H.E. Dr. Surakiart Sathirathai ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအကြံပေးအဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အစီရင်ခံစာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား**

ယင်းသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီသို့ ယင်း၏အကြံပေးအဖွဲ့မှ ယနေ့တွင် တင်သွင်းခဲ့သော အပြီးသတ်အစီရင်ခံစာနှင့် ပတ်သက်၍ အကြံပေးအဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းပြောကြားသည်။

**အပြီးသတ်အစီရင်ခံစာကို ပေးအပ်**

ယခုတွေ့ဆုံမှုသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအကြံပေးအဖွဲ့အနေဖြင့် စတင်ထူထောင်ပြီးချိန်မှစ၍ စတုတ္ထအကြိမ်နှင့် နောက်ဆုံးအကြိမ် လာရောက်တွေ့ဆုံခြင်းဖြစ်ပြီး Dr. Surakiart က အကြံပေးအဖွဲ့၏ အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ ပေးအပ်ခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## မြန်မာအမျိုးသားလေကြောင်းလိုင်း နှစ် (၇၀) ပြည့် အထိမ်းအမှတ် ခရီးသွားပြပွဲ ကျင်းပမည်



**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာအမျိုးသားလေကြောင်း၏ နှစ် (၇၀) ပြည့် အထိမ်းအမှတ်အနေဖြင့် ကျင်းပသည့် Travel Fair ကို ရန်ကုန်မြို့ မြန်မာပလာဇာ၌ ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်များတွင် နံနက် ၁၀ နာရီမှ ည ၇ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ယင်း MNA 70th Anniversary Travel Fair တွင် မြန်မာအမျိုးသားလေကြောင်း ပြည်တွင်း၊ ပြည်ပလက်မှတ်များကို ၁၅ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းမှ Boeing 737-800 NG ၊ Embraer 190၊ ATR 72-600၊ Caravan လေယာဉ်အသစ်များဖြင့် ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိပြီး စီးနင်းလိုက်ပါလာသော

*စာမျက်နှာ ၃ ကော်လံ ၅* ❐

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ**

စာမျက်နှာ-၇

**အိန္ဒိယနိုင်ငံ၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ တပ်မတော်အဖွဲ့ နယ်လှည့်ဆေးကုသ**

စာမျက်နှာ-၁၀


C B BANK

Contact Center : (+95) 1 231 777 0

INTERNATIONAL TRADE SERVICES

- Export / Import Services
- Export / Import Financing
- International Remittance

Contact Us : (95-1) 2317698, (95-9) 261997208 www.cbbank.com.mm STU@cbbank.com.mm

မြန်မာ့အလင်း

# သွက်လက်မြန်ဆန်တိကျလာသော မြန်မာ့စာတိုက်လုပ်ငန်း

ကမ္ဘာပေါ်တွင် ဒစ်ဂျစ်တယ်စာပို့စနစ်နှင့် ဆိုရှယ်မီဒီယာအသုံးပြုဆက်သွယ်နိုင်မှုများကြောင့် စာတိုက်မှတစ်ဆင့် စာပို့လုပ်ငန်းများကျဆင်းလာသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော် ကမ္ဘာ့နေရာများစွာတွင် စာတိုက်မှ စာများ၊ စာအုပ်နှင့် အခြားပစ္စည်းများပို့ဆောင်ရန် လိုအပ်လျက်ပင်ရှိနေသေးသည်ကိုလည်း တွေ့ရသည်။ ဂျပန်နိုင်ငံတွင် စာတိုက်ပေါင်း ၂၄၀၀၀၊ အမေရိကန်တွင် စာတိုက် ၃၁၀၀၀ ရှိနေရာ မြန်မာနိုင်ငံတွင် စာတိုက်ပေါင်း ၁၃၀၀ ကျော်ရှိနေသည်မှာ နည်းသည်ဟုပင် ဆိုနိုင်ပါသည်။

ဂျပန်နိုင်ငံ၏ ၁၂၃၈၈ ပေမြင့်သော ဖူဂျီတောင်ထိပ်တွင် ၁၉၀၆ ခုနှစ်ကတည်းက တည်ထောင်ထားသော စာတိုက်တစ်ခုရှိသည်။ ၎င်းစာတိုက်ကို ဖူဂျီတောင်သို့တက်ရောက်ခရီးထွက်ကြသော ကျောင်းသားများ၊ ပြည်သူများ၊ ကမ္ဘာလှည့်ခရီးသည်များက အသုံးပြုကြသည်။ ပြီးခဲ့သည့်နှစ်က ဖူဂျီတောင်သို့ခရီးသွား ၃၀၀၀၀၀ ခန့်လည်ပတ်ခဲ့ရာ လူပေါင်း ၁၈၀၀၀ လောက်က ထိုစာတိုက်ကိုအသုံးပြု၍ စာများ၊ ပို့စ်ကတ်များ၊ ပစ္စည်းများ ပေးပို့ခဲ့ကြရာ တစ်နှစ်ဝင်ငွေဒေါ်လာ တစ်သိန်းကျော်ရရှိခဲ့သည်ဟုဆိုပါသည်။ ထိုစာတိုက်၏ဝန်ဆောင်မှုမှာ အထူးတလည်ချီးကျူးလောက်သည်။ တောင်ပေါ်သို့တက်သော ပုံမှန်ကားလမ်းသည် ပေ ၇၉၀၀ တွင် ခရီးဆုံးသည်။ ကျန်သောအပိုင်းတွင်ပစ္စည်းများကို တောင်တက်သမားများက မိမိတစ်နိုင်သယ်ဆောင်၍ တက်ကြခြင်းဖြစ်ပြီး ကျန်သောစားသောက်စရာများ၊ ရှက်ဖျင်တဲများ၊ စာအုပ်စာတမ်းများ၊ ဂက်စ်အိုးများအပါအဝင် အားလုံးသောအသုံးအဆောင်များကို စာတိုက်က ဘူလ်ဒိုဇာတစ်စီးဖြင့် သယ်ဆောင်ပေးခြင်းဖြစ်သည်။ ကမ္ဘာ့အမြင့်ဆုံးစာတိုက်သို့ မိုးကာလ၊ ဆောင်းတွင်းကာလများသာမက ကျန်အချိန်များတွင်ပါ ဝန်ဆောင်မှု မပျက်ကွက်စေရန် ဘူလ်ဒိုဇာယာဉ်ဖြင့် ဆောင်ရွက်ပေးသော ကမ္ဘာ့တစ်ခုတည်းသောစာတိုက် ဖြစ်လောက်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ဂျပန်နည်းပညာအထောက်အကူဖြင့် စာတိုက်လုပ်ငန်း တစ်ခေတ်ဆန်းနေပြီဖြစ်ပါသည်။ မြန်မာ့စာတိုက်သည် ခေတ်မီနည်းပညာအသုံးပြုမှုဖြင့် ယခင်ကာလများကထက် လျင်မြန်တိကျစွာ စာများ၊ စာအုပ်များ၊ ဆိုရှယ်မီဒီယာတွင် ရောင်းဝယ်ကြသောပစ္စည်းများကို တွင်ကျယ်စွာ ဖြန့်ဝေပေးလျက်ရှိသည်ကို တွေ့ရသည်။ မသိသူကျော်သွား၊ သိသူဖော်စားဆိုသကဲ့သို့ အချို့သောစာအုပ်တိုက်များသည် မြန်မာ့စာတိုက်ကိုအသုံးပြု၍ နိုင်ငံတစ်လွှား တွင်ကျယ်စွာစာအုပ်ဖြန့်ချိရေး ပြုလုပ်နေကြပြီဖြစ်သည်။ စာအုပ်များ၊ ပစ္စည်းများပေးပို့ရာတွင် ဘဏ်၊ စာအုပ်တိုက်နှင့် မြန်မာ့စာတိုက်ကြီး သုံးဦးသုံးဖလှယ်ကြား ဆက်သွယ်ချိတ်ဆက်ပေးသော ဆော့ဖ်ဝဲတစ်ခုဖြင့် အဆင်ပြေစွာလုပ်ဆောင်နိုင်ကြခြင်းဖြစ်သည်။ ၎င်းဆော့ဖ်ဝဲအကူအညီဖြင့် မိမိပေးပို့သောပစ္စည်းမည်သည့်နေရာသို့ရောက်ရှိနေသည်၊ မည်သည့်ရက်တွင် ပေးပို့ရာအရပ်သို့ရောက်ရှိသည်။ လက်ခံရရှိသူကို မည်သည့်အချိန်တွင်ပေးပို့လိုက်သည်။ စသည့်ဖြစ်စဉ်တစ်ခုလုံးကို ပေးပို့သူ၏လက်ကိုင်ဖုန်းတွင် တစ်ချိန်လုံးစောင့်ကြည့်နေနိုင်သည်။ လက်ခံမည့်လိပ်စာအတိုင်း ရှာမတွေ့ပါက ရှာမတွေ့ကြောင်း ပေးပို့သူထံ သတင်းရောက်လာပါသည်။ ထိုအခါပေးပို့သူက လက်ခံမည့်သူထံဖုန်းဖြင့်ဆက်သွယ်၍ အနီးဆုံးမည်သည့်စာတိုက်တွင် သွားရောက်ထုတ်ယူနိုင်ကြောင်း အကြောင်းကြားပြီး ထုတ်ယူနိုင်သည်။ ယခုစတင်အသုံးပြုသူများထံမှ စာတိုက်စနစ်သည် အံ့သြဖွယ်ရာ အလွန်အဆင်ပြေကြောင်း ပြောဆိုမှုများကြားရသည်။

၁၉၇၀ ပြည့်နှစ်၊ ၈၀ ပြည့်နှစ်များက တက္ကသိုလ်ကျောင်းသားများသို့ မိဘများက စာတိုက်မှပင် ငွေပို့ကြရသည်။ ယခုထိုပုံစံကို ပြန်လည်အသုံးပြုနိုင်ကြပြီဖြစ်သည်။ ငွေပို့နိုင်သောစာတိုက် ၇၀၀ ကျော်ရှိရာ ဘဏ်ခွဲအများဆုံး ၄၀၀ ကျော်ရှိသော ဘဏ်များထက်ပို၍ နယ်မြို့များသို့ရောက်ရှိနိုင်မည်ဖြစ်သည်။ စာတိုက်လုပ်ငန်းသည်အရှုံးခံ၍ နိုင်ငံတော်မှ စိုက်ထုတ်ဝန်ဆောင်မှုပေးသော လုပ်ငန်းမျိုးဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် ပြီးခဲ့သောနှစ်က စာတိုက်လုပ်ငန်းမှ ၃ ဒသမ ၅ ဘီလီယံ ဒေါ်လာအရှုံးပေါ်ခဲ့သည်။ မြန်မာ့စာတိုက်လုပ်ငန်းသည်လည်း အရှုံးတစ်စုံတစ်ရာရှိမည်ဖြစ်သည့်တိုင် ပြည်သူတို့၏ လိုအပ်ချက်ကို ပို၍ဖြည့်စွက်ဝန်ဆောင်မှုပေးခြင်းအားဖြင့် တာဝန်ကျေပွန်အောင်ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ အထူးသဖြင့် စာအုပ်ဆိုင်မရှိသောမြို့နယ်များမှ ကျောင်းသားများ၊ စာပေဖတ်ရှုလိုသူများအတွက် အထူးတလည် ဝန်ဆောင်မှုပေးနိုင်လာခြင်းက တိုင်းပြည်အတွက်အကျိုးရှိစေသော ဂုဏ်ယူဖွယ်ရာလုပ်ငန်းတစ်ခုဖြစ်နေကြောင်း ဖော်ပြလိုက်ရပါသည်။ ။

# ပုသိမ်မြို့၌ ပထမအကြိမ် ကရင်ရိုးရာ လက်ချည်ဖွဲ့ မင်္ဂလာအခမ်းအနား ကျင်းပ

**ပုသိမ် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (ပထမအကြိမ်) ကရင်ရိုးရာလက်ချည်ဖွဲ့ မင်္ဂလာအခမ်းအနားကို ယမန်နေ့က မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂေါ့မိုးမြတ်မြတ်သူက ကရင်မင်္ဂလာဖားစည် ကိုးချက်တီးခြင်းဖြင့်အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ပုသိမ်တက္ကသိုလ် ကရင်စာပေနှင့်ယဉ်ကျေးမှုဆပ်ကော်မတီက ကရင်ဒုံးအကဖြင့် ဖျော်ဖြေတင်ဆက်သည်။



ယင်းနောက် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက လက်ချည်ဖြူဖွဲ့မင်္ဂလာပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ လက်ချည်ပွဲ ပြုလုပ်ရာတွင် ပါဝင်သည်ပစ္စည်းများ အကြောင်းကိုလည်းကောင်း၊ လက်ချည်ဖြူဖွဲ့ခြင်းကို ပြုလုပ်နိုင်သည့်အတွက် တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်မှုကို ရရှိခြင်း၊ စာပေ ယဉ်ကျေးမှု ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း၊ ပူးပေါင်း ဆောင်ရွက်နိုင်သည့် အကျိုးရလဒ်များရရှိခြင်း၊ မိမိတို့၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုကို ပိုမိုသိရှိခြင်း၊ ရောဂါဘယဘေးဒုက္ခ အမျိုးမျိုးမှ ကင်းဝေးပြီး အေးချမ်းသာယာစွာ နေထိုင်နိုင်ကြပြီး တိုင်းဒေသကြီးမှသည် တိုင်းနှင့်ပြည်နယ်အသီးသီးမှ လူမှုဒုက္ခ ဘေးဒုက္ခ အမျိုးမျိုးမှ ကင်းဝေးနိုင်ရန် လက်ချည်ဖြူဖွဲ့ခြင်းမင်္ဂလာကို ဆင်ယင်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် ဇနီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# မင်းဘူး-စကုမြို့နယ်ရှိ လေးပင်ရေကျော်ကို တံတားတည်ဆောက်ပေးရန်လို

**မကွေး ဩဂုတ် ၁၆**

မင်းဘူးမြို့မှ ရခိုင်ပြည်နယ် အမ်းမြို့သို့လည်းကောင်း၊ သရက်ခရိုင် မင်းတုန်းမြို့နှင့် ပဒါန်း၊ ငဖဲနှင့် ပုသိမ်-မုံရွာလမ်းမသို့ သွားလာရာ ဆက်သွယ်သည့်လမ်းမကြီးပေါ်ရှိ လေးပင်ရေကျော်ကို တံတားတည်ဆောက်ပေးရန်အတွက် မကွေးတိုင်းဒေသကြီးလွှတ်တော်၌ ဩဂုတ် ပထမပတ်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်က မေးမြန်းခဲ့သည်။

မိုးတွင်းကာလ၌ မိုးရွာသွန်းမှု နည်းသည်ဖြစ်စေ များသည်ဖြစ်စေ ရခိုင်ရိုးမမှ စီးဆင်းလာသောရေများမှာ ကားများနှင့် ဆိုင်ကယ်များ မျောပါသွားနိုင်သည်အထိဖြစ်ပေါ်နေသဖြင့် ခရီးသွား ပြည်သူများ၊ ဒေသခံများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အနှောင့်အယှက် မဖြစ်စေရန်အတွက် မေးမြန်းခဲ့ခြင်းဖြစ်သည်ဟု ဦးကျော်စွမ်းရည်က ပြောသည်။

“အကောင်အထည်ဖော်မယ့် အစီအစဉ်တော့ မသိရသေးဘူး။ ပြည်ထောင်စုမှာ မှတ်တမ်းထားပြီး ပြည်ထောင်စုဘဏ္ဍာငွေနဲ့ ခွဲဝေရရှိမှာဖြစ်လို့ တံတားအထူးအဖွဲ့နဲ့ တည်ဆောက်သွားမယ်လို့တော့ ဆောက်လုပ်ရေးဝန်ကြီးက ဖြေကြားခဲ့ပါတယ်” ဟု ၎င်းကဆက်လက်ကြားပြောသည်။

ဇွန် ၉ ရက်မှစ၍ သည်းထန်စွာ ရွာသွန်းခဲ့သောမိုးကြောင့် လေးပင်ရေကျော်မှာ ကားများ၊ ဆိုင်ကယ်များ မျောပါခဲ့ကြောင်း၊ ခရီးသွားပြည်သူများ၊ ဝန်ထမ်းများ လေးပင်ချောင်းဖြတ်သွားရန်အချိန် ကြန့်ကြာခဲ့ကြောင်းနှင့် အရေးပေါ် လူနာတင်ယာဉ်များ အခက်အခဲဖြစ်ခဲ့ရကြောင်း၊ မိုးရွာသွန်းမှုများပြီး ချောင်းရေကျခဲ့ပါက မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဒေသခံများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

တိုင်းဒေသကြီး ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးက ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် တင်ပြထားကြောင်း၊ ယင်းတံတားကို အရှည်ပေ ၁၂၀၊ အကျယ်ပေ ၇၀၊ တံတားကို ကျပ်သန်း ၄၅၀ ကျော်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း တင်ပြထားသည်ဟု ဖြေကြားထားသည်။

“ဒီတံတားက ငွေကြေးကုန်ကျမှုများတဲ့အတွက် ပြည်ထောင်စုဘတ်ဂျက်ဘဏ္ဍာကို အားထားတည်ဆောက်ရမယ့်အနေအထား ဖြစ်နေပါတယ်” ဟု ၎င်းကပြောသည်။

“ဒီလေးပင်ရေကျော်က အမှန်တကယ်လည်း တံတားထိုးဖို့လိုအပ်ပါတယ်။ မိုးတွင်းမှာ မန်းရွှေစက်တော်ဘုရားဘက် သွားဖို့တောင် မလွယ်ဘူး” ဟု မင်းဘူးမြို့မှ ဒေသခံတစ်ဦးကပြောသည်။ အဆိုပါ တံတားတည်ဆောက်ပြီးပါက မင်းဘူးမြို့မှ ရခိုင်ပြည်နယ် အမ်းမြို့သို့ လည်းကောင်း၊ သရက်ခရိုင် မင်းတုန်းမြို့နှင့် ပဒါန်း၊ ငဖဲနှင့် ပုသိမ်-မုံရွာလမ်းမသို့ သွားလာနိုင်မည်ဖြစ်ရာ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာကာ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

**ဇွဲထက်ရှင်**

# မူဆယ်-နမ့်ခမ်းလမ်းကို အသုံးပြု၍ ကုန်စည်ပို့ဆောင်လျက်ရှိသော ကုန်တင်ယာဉ်ကြီးများအား တန်ပိုတင်ဆောင်ခြင်း ရှိ မရှိ စစ်ဆေး

**မူဆယ် ဩဂုတ် ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း တရုတ်-မြန်မာနယ်စပ် ဒေသ မူဆယ်-နမ့်ခမ်းသွား ပြည်ထောင်စုလမ်းမပေါ် ပန်ခမ်းရွာရှိ နမ့်ပေါ်တံတား၌ ယမန်နေ့က ကုန်တင်ယာဉ်ကြီးများအား တန်ပိုတင်ဆောင်ခြင်း ရှိ/မရှိ စစ်ဆေးခဲ့ကြောင်း သိရ သည်။



မူဆယ်-နမ့်ခမ်းလမ်း ပျက်စီးရခြင်း၊ ယာဉ်ကြောပိတ်ဆို့ရခြင်း၏ အကြောင်းရင်းသည် ယင်းလမ်းကို အသုံးပြု၍ ကုန်စည်ပို့ဆောင်လျက်ရှိသော အချို့ကုန်တင်ယာဉ်ကြီးများမှာ သတ်မှတ်ထားသော (ယာဉ်+ကုန်)တန်ချိန်ထက်ပို၍ တင်ဆောင်နေခြင်းကြောင့်ဖြစ်သည်။ အဆိုပါ လမ်းအားအသုံးပြု၍ သွားလာနေသော ကုန်တင်ယာဉ်ကြီးများအား မြို့နယ်လမ်းဦးစီးဌာနမှ ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ညွှန်ကြားမှုဖြင့် သတ်မှတ်ထားသော (ယာဉ်+ကုန်) တန်ချိန်ထက်ပို၍ တင်ဆောင်သွားလာခြင်းများ မပြုလုပ်ရန် အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် မူဆယ်-နမ့်ခမ်းလမ်းကို ဖြတ်သန်းသွားလာနေသည့် ကုန်တင်ယာဉ်ကြီးများသည် သတ်မှတ်ထားသော (ယာဉ်+ကုန်) တန်ချိန်ထက်ပို၍ တင်ဆောင်သွားလာခြင်းရှိ/မရှိ စစ်ဆေးရာ လိုက်နာဆောင်ရွက်မှုရှိသော ကုန်တင်ယာဉ်ကြီးများရှိသကဲ့သို့ လိုက်နာခြင်းမရှိသော ကုန်တင်ယာဉ်ကြီးများကိုလည်း တွေ့ရပြီး ယင်းယာဉ်တို့အား ချမှတ်ထားသည့် ဥပဒေအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်မိုးက ပြောကြားသည်။ အဆိုပါ ပြည်ထောင်စုလမ်းမသည် လမ်းများပျက်စီးကာ ယာဉ်ကြောပိတ်ဆို့မှု ရက်အတန်ကြာဖြစ်ပွားနေပြီး သွားလာအသုံးပြုနေသော ဒေသခံပြည်သူများ၊ ခရီးသည်တင် မော်တော်ယာဉ်မောင်းများမှာ အခက်အခဲ များဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် H.E. Dr. Surakiart Sathirathai ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအကြံပေးအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံမှုသို့ အကြံပေးအဖွဲ့ဝင်များအပြင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ H.E. Dr. Surakiart Sathirathaiနှင့်အတူ အကြံပေးအဖွဲ့ဝင် ငါးဦးတို့လည်း တက်ရောက်ခဲ့သည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် ပါမောက္ခအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် Policy Alternatives Research Institute (PARI) မှ ပါမောက္ခ Mr. Hisashi Yoshikawa နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် မြန်မာလွှတ်တော်များ၏အခန်းကဏ္ဍ ပိုမိုတိုးတက်မြင့်မားရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး၊ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် ပါမောက္ခ Mr. Hisashi Yoshikawa အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း ဒုတိယဥက္ကဋ္ဌနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၆**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် UEHRD စီမံကိန်း၏ ဆောင်ရွက်နေသောကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့များ ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးခဲ့ပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင်များက သိရှိလိုသည်များကို ဖြေကြားရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးစဉ်။

သတင်းစဉ်

❐ *ရှေ့ဖုံးမှ*

ခရီးသွားပြည်သူများအား လေယာဉ်၏ Business Class၊ Premium Economy Class နှင့် Economy Class များတွင် ခရီးစဉ်တစ်လျှောက် အကောင်းဆုံးဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည်။ ခရီးသည်များအနေဖြင့် မြန်မာအမျိုးသားလေကြောင်းကို ရွေးချယ်စီးနင်းရာတွင် ပြည်တွင်းခရီးစဉ်များအတွက် ခရီးသွားအိတ်အလေးချိန် ကီလို ၂၀၊ ပြည်ပခရီးစဉ်များအတွက် ကီလို ၃၀ မှစ၍ ဝယ်ယူထားသည့် လက်မှတ်အမျိုးအစားအလိုက် သယ်ယူနိုင်မည်ဖြစ်သည်။

မြန်မာအမျိုးသားလေကြောင်း၏ 70th Anniversary Travel Fair အတွင်းတွင် လက်မှတ်ဝယ်ယူသူများအနေဖြင့် လက်မှတ်ဝယ်ယူရာတွင် ငွေသား (သို့) ဘဏ်ကတ်များ အသုံးပြု၍ မြန်မာကျပ်ငွေ (သို့) အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။ လက်မှတ်ဝယ်ယူထားသည့် ခရီးသည်များအတွက် လက်ဆောင်များနှင့် ကံစမ်းမဲအစီအစဉ်များ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးမြစ်ရေ ပဲခူးမြို့၏ စိုးရိမ်ရေမှတ်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

ယနေ့ ညနေ ၃ နာရီခွဲတိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

❑ *ကျောဖုံးမှ*

စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အောင်မြင်စေရန် အတွက် ချမှတ်ထားသည့် ရည်မှန်းချက် ၈ ရပ်၊ ရည်ရွယ်ချက် ၅ ရပ်နှင့် အဓိက လုပ်ငန်းတာဝန်ကြီး ၄ ရပ်တို့ကို အလေးထားဆောင်ရွက်ရေး၊ အပူပိုင်းဒေသ သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်း တိုးတက်ရေးနှင့် ထင်းအစားထိုး လောင်စာများ ပိုမိုအသုံးချနိုင်ရေး၊ ထင်းစိုက်ခင်းများ ယခုထက်တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စီမံကိန်းလျာထားချက်များကို နှစ်အလိုက် ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

**ထင်းအစားထိုးလောင်စာတောင့်**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ထင်းအစားထိုး နမူနာလောင်စာတောင့်များ၊ စွမ်းအားမြင့်မီးဖိုနမူနာပုံစံခင်းကျင်းပြသထားမှုများနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**နန်းတော်အတွင်း ဆောင်ရွက်ထားမှု**

ထို့နောက် ရွှေဘိုမြို့ ရွှေဘုံရတနာမင်္ဂလာနန်းတော် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ရွှေဘုံရတနာမင်္ဂလာနန်းတော် နောက်ခံသမိုင်း၊ နန်းတော်ဆိုင်ရာ အချက်အလက်များနှင့် နန်းတော်အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**တည်တံ့ခိုင်မြဲရေး ပြုပြင်ထိန်းသိမ်း**

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရွှေဘုံရတနာ မင်္ဂလာနန်းတော်သည် တန်ဖိုးမဖြတ်နိုင်သည့်



ဒုတိယသမ္မတ ဦးမြင့်ဆွေ ရွှေဘိုမြို့ ရွှေဘုံရတနာ မင်္ဂလာနန်းတော်အတွင်း လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစဉ်။ သတင်းစဉ်



သမိုင်းအမွေအနှစ်ဖြစ်သည့် အတွက် သမိုင်းဆိုင်ရာ အထောက်အထား အချက်အလက်များနှင့် မှတ်တမ်းများ စနစ်တကျပြုစုထားရှိရေး၊ နန်းတော်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျပြုပြင်ထိန်းသိမ်းရေးတို့ကို မှာကြားသည်။

**အုတ်နန်းပြာသာဒ်ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ရွှေဘုံရတနာမင်္ဂလာနန်းတော် အဆောက်အအုံပုံစံငယ်၊ နန်းတော်ပြတိုက်နှင့် အလောင်းမင်းတရားကြီး၏ အုတ်နန်းပြာသာဒ်တို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မုံရွာမြို့နယ် ကျောက္ကာ(မြောက်) ကျေးရွာရှိ ငွေကြယ်စင် မြန်မာ့ရိုးရာလက်မှုပညာ ယွန်းထည်လုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းပိုင်ရှင် ဦးစိုးမိုးကျော်က ယွန်းထည်ထုတ်လုပ်မှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

**နိုင်ငံတကာဈေးကွက်ထိုးဖောက်**

ထို့နောက် ဒုတိယသမ္မတသည် ယွန်းထည်ထုတ်လုပ်မှု လုပ်ငန်းများနှင့် ယွန်းအချောထည်များကို ကြည့်ရှုလေ့လာပြီး ယွန်းထည်များ နိုင်ငံတကာဈေးကွက်တွင် ထိုးဖောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဝက်လက်မြို့နယ်ရှိ ရေထွက်ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးကို ချီးကျူးပါကြောင်း။

**နေရပ်စွန့်ခွာသူများနှင့်တွေ့ဆုံ**

ဒုတိယအနေဖြင့် အကြံပေးကော်မတီ၏ အကြံပြုချက်များကို သေချာစွာ အကောင်အထည်ဖော်သော အကောင်အထည်ဖော်ဆောင်ရေးကော်မတီ၏ ကြိုးပမ်းမှုများအပေါ် စိတ်ကျေနပ်မှုရှိသည်ဟု မိမိပြောကြားလိုကြောင်း၊ ပြီးခဲ့သည့် ဇန်နဝါရီလ နောက်ပိုင်း အပြုသဘောဆောင်သော တိုးတက်ဖြစ်ထွန်းမှုများ လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ဥပမာ ရခိုင်ပြည်နယ်သို့ မီဒီယာများကို ပိုမို၍သွားရောက်ခွင့်ပြုခဲ့သကဲ့သို့ ရခိုင်ပြည်နယ်သို့ သံတမန်အဖွဲ့များ၊ အကြံပေးဘုတ်အဖွဲ့ဝင်များ၏ သွားရောက်လည်ပတ်မှုများ ပိုမိုရှိလာခဲ့ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည်လည်း နေရပ်စွန့်ခွာသူများနှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့်ကိစ္စကို ရှင်းပြရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားသို့ သွားရောက်ခဲ့ပါကြောင်း။

ပို၍အရေးကြီးသည်မှာ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့ကြား ဆက်ဆံရေးသည် တိုးတက်လာခဲ့ပါကြောင်း၊ မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့တို့အကြား အထူးသဖြင့် United Nations High Commissioner For Refugees (UNHCR)၊ United Nations Development Programme (UNDP) တို့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

မြန်မာနိုင်ငံက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးသံတမန်ဖြစ်သူ သံအမတ်ကြီး Christine Schraner Burgener ကိုလည်း လက်ခံခဲ့ပါကြောင်း၊ အထူးသံတမန်သည် မြန်မာနိုင်ငံ လက်ရှိကြုံတွေ့နေသော အခက်အခဲများကို ကူညီဖြေရှင်းပေးရန် စိတ်အားထက်သန်သူဖြစ်ကာ ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ နောက်တစ်ကြိမ် လာရောက်မည်ဖြစ်ပါကြောင်း၊ အကြံပေးကော်မတီ၏ သိသာထင်ရှားသော ဆောင်ရွက်ချက်တစ်ရပ်သည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် Independent Commission of Enquiry တစ်ခု ဖွဲ့စည်းရေးဖြစ်ပါကြောင်း။

**အကြံပြုချက်အားလုံး အကောင်အထည်ဖော်ပြီးဖြစ်**

မိမိတို့အကြံပေးအဖွဲ့၏ အမြင်သည် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ အပြုသဘောဆောင်သော တိုးတက်ဖြစ်ထွန်းမှုများစွာရှိခဲ့ပြီး ပြီးခဲ့သည့်နှစ် ဒီဇင်ဘာအတွင်း အကြံပေးဘုတ်အဖွဲ့ကို ဖွဲ့စည်းပြီးချိန်ကတည်းက အကြံပေးဘုတ်အဖွဲ့၏ အကြံပြုချက်အားလုံးကို အကောင်အထည်ဖော်ဆောင်ပြီး ဖြစ်ပါကြောင်း၊ ယခု အပြီးသတ်အစီရင်ခံစာတွင် မိမိတို့အနေဖြင့် အကြံပြုချက်အချို့ကို ထည့်သွင်းထားကြောင်း။

ဥပမာ စံပြမြို့နယ်တစ်ခုတည်ဆောက်ရေး ရွှေ့ပြောင်းစီမံကိန်းကို ဆက်လက်လုပ်ဆောင်သင့်ကြောင်း၊ ရွှေ့ပြောင်းစီမံကိန်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပူးပေါင်းပါဝင်မှု၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် ရွှေ့လျားဆေးခန်းတို့ကို အလေးထားဆောင်ရွက်သင့်သည်ဟု အစီရင်ခံစာအတွင်း မိမိတို့ အကြံပြုထားကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်နေ အသိုင်းအဝိုင်းများအကြား အချင်းချင်းဆွေးနွေးမှုပြုလုပ်သင့်ကြောင်းကိုလည်း အကြံပြုခဲ့ကြောင်း၊ ယင်းအချက်မှာ ရခိုင်ပြည်နယ်အတွင်း မတူညီသော အသိုင်းအဝိုင်းများအကြား ရေရှည်ဖြေရှင်းနည်းဖြစ်ပါကြောင်း၊ အကြံပေးဘုတ်ကော်မတီအဖွဲ့ဝင်အချို့က လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ခရီးစဉ်များအပေါ် ဆန်းစစ်အကဲဖြတ်ရန် မြန်မာအစိုးရနှင့် လက်တွဲဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း။

**မတူညီသည့် အသိုင်းအဝိုင်းများအကြား ဆွေးနွေး**

ဥပမာ ပါမောက္ခ လော့ဒ်ဒါဗီက ရွှေ့လျားဆေးခန်းကိစ္စနှင့် စစ်တွေဆေးရုံ အဆင့်မြှင့်တင်ရေးလုပ်ဆောင်ရန် ဆန္ဒပြင်းပြပါကြောင်း၊ မိမိညာဘက်ရှိ ရိုလော့ဖ်ပတ်ထရပ်စ် ကလည်း မတူညီသည့် အသိုင်းအဝိုင်းများအကြား ဆွေးနွေးမှုများပြုလုပ်ပုံနှင့် ပတ်သက်၍ တောင်အာဖရိကနိုင်ငံ၏ အတွေ့အကြုံကို မျှဝေပေးလိုပါကြောင်း။

ကိုဖီအာနန်ကော်မရှင်၏ အစီရင်ခံစာအတိုင်း စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် မတူညီသော အသိုင်းအဝိုင်းများအကြား ဆွေးနွေးမှုများပြုလုပ်ရာတွင် အရေးကြီးပါကြောင်း၊ အကြံပေးဘုတ်အဖွဲ့က ကော်မရှင်များ၏ လုပ်ဆောင်ချက်များကို အထောက်အကူပြုစေရန် နေရပ်စွန့်ခွာသူများ၏ အမည်များကို ဖော်ပြပေးလိုပါကြောင်း ပြောကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ်တွင် လက်ရှိ လုပ်ကိုင်ဆောင်ရွက်နေသူများအပါအဝင် ရခိုင်အရေး စကားဝိုင်းဆွေးနွေးမှုများကိုလည်း ဆောင်ရွက်သင့်ကြောင်း၊ ကုလသမဂ္ဂနှင့် အခြားအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဆွေးနွေးမှုများကလည်း အကြံပေးအဖွဲ့အတွက် အစိုးရအား အဆင့်မြင့်အကြံပြုချက်များပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း ပြောကြားခဲ့သည်။

**နိုင်ငံတကာဖိအားပေးမှုများကို တုံ့ပြန်**

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများက အကြံပေးအဖွဲ့နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေးမှုအခြေအနေ၊ ရခိုင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာသူများ၏ နိုင်ငံသားဖြစ်ခွင့်အခြေအနေ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတကာဖိအားပေးမှုများကို အစိုးရအနေဖြင့် တုံ့ပြန်ဆောင်ရွက်နေမှုအခြေအနေနှင့် အကြံပေးအဖွဲ့၏ ရခိုင်ပြည်နယ်ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်သည့် အပြီးသတ်အစီရင်ခံစာထုတ်ပြန်ခြင်းနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြရာ အကြံပေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ Dr. Surakiart Sathirathai ၊ Mr.Roelof Petrus (Roelf) Meyer ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ အငြိမ်းစား ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် ဦးထွန်းမြတ်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေး၊ ပြည်သူ့လွှတ်တော်ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဒေါက်တာခင်ညို၊ ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံဆိုင်ရာ မာလာဝီနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဂျော့ချ်ခရစ်တုန်း(န)မခွန်ဒီဝ အား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဩဂုတ် ၁၇**

နယူးဒေလီမြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မာလာဝီနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဂျော့ချ် ခရစ်တုန်း(န) မခွန်ဒီဝ အား ခန့်အပ်ရန် မာလာဝီနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဂျော့ချ် ခရစ်တုန်း(န) မခွန်ဒီဝ သည် ၁၉၇၇ ခုနှစ်တွင် မာလာဝီတက္ကသိုလ်၊ Chancellor College မှ ပြည်သူ့စီမံခန့်ခွဲမှုပညာဝိဇ္ဇာဘွဲ့ကို လည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၊ Insittute of Social Studies မှ ဖွံ့ဖြိုးရေးလေ့လာမှုပညာမဟာဘွဲ့ကို လည်းကောင်း ရရှိခဲ့သည်။

မစ္စတာ ဂျော့ချ် ခရစ်တုန်း(န) မခွန်ဒီဝ သည် ၁၉၈၉ ခုနှစ်မှ ၁၉၉၀ ခုနှစ်အထိ သမ္မတနှင့် အစိုးရအဖွဲ့ရုံးတွင် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုနှင့် လေ့ကျင့်ရေးဌာန၌ လေ့ကျင့်ရေးဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ စွမ်းအင်နှင့် သတ္တုဝန်ကြီးဌာနတွင် ဒုတိယအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ သမ္မတနှင့်အစိုးရအဖွဲ့ရုံး၌ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီနှင့် ယင်းကော်မတီ၏ အကြံပေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၆**

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီနှင့် ကော်မတီ၏အကြံပေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို နေပြည်တော် Hilton Hotel ၌ ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ကော်မတီဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ H.E . Professor Dr.Surakiart Sathirathai နှင့် အကြံပေးအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**နောက်ဆုံးအကြိမ် အစီရင်ခံစာတင်သွင်းပြီးဖြစ်**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ H.E . Professor Dr.Surakiart Sathirathai က ယနေ့ တွေ့ဆုံဆွေးနွေးရခြင်းသည် မိမိတို့အကြံပေးအဖွဲ့၏ အကြံပြုချက်များပါဝင်သည့် နောက်ဆုံးအကြိမ် အစီရင်ခံစာ စာအုပ်ကို လွှဲပြောင်းပေးအပ်လိုသောကြောင့် ဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် ယခုနှစ် ဇန်နဝါရီလမှစ၍ လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးအစိုးရနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအကြား ရခိုင်ပြည်နယ် အကြံပြုချက်များဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်စေရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပြီး အစိုးရအနေဖြင့် UNDP, UNHCR တို့ဖြင့် နားလည်မှုစာချွန်လွှာရေးထိုးလျက် လုပ်ငန်းများဆောင်ရွက်နေသည်ဟု သိရသည့်အတွက်လည်း များစွာဝမ်းမြောက်မိပါကြောင်း၊ ယခုအခါ နောက်ဆုံးအကြိမ် အစီရင်ခံစာတင်သွင်းပြီးဖြစ်သည့်အတွက် မိမိတို့၏ လုပ်ငန်းတာဝန်များ ပြီးမြောက်ပြီဖြစ်ပြီး အကြံပေးအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများတွင် အောင်မြင်ချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။





**အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E . Professor Dr.Surakiart Sathirathai က ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ အစီရင်ခံစာစာအုပ်ပေးအပ်စဉ်။**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်အတွင်း တည်ငြိမ် အေးချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အကြံပေးအဖွဲ့၏ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ်အကြံပြုချက်များကို ထည့်သွင်းစဉ်းစားလျက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကောင်းမွန်သော ရလဒ်များရရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုလသမဂ္ဂ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေးအတွက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)တို့နှင့်လည်း နားလည်မှုစာချွန်လွှာရေး ထိုးထားရှိပါကြောင်း၊ နားလည်မှုစာချွန်လွှာပါလုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း။

**အကြံပေးအဖွဲ့၏ အားထုတ်ကြိုးပမ်းမှုများကို အသိအမှတ်ပြု**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီပေးရေးလုပ်ငန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ UNHCR၊ WFP အဖွဲ့များအပြင် ကြက်ခြေနီအဖွဲ့များအနေဖြင့် ကြက်ခြေနီလှုပ်ရှားမှုအသွင်ဖြင့် လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ အခြေခံမူများနှင့်အညီ ကူညီထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကိုလည်း နိုင်ငံတကာနှင့် ပြည်တွင်းမှပညာရှင်များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ IDP စခန်းများပိတ်သိမ်းရေး အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် စခန်းသုံးခုပိတ်သိမ်းပြီး ကျန်ရှိနေသောစခန်းများအနက် စခန်းခြောက်ခုကို ထပ်မံ၍ အမြန်ဆုံးပိတ်သိမ်းနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးတစ်လျှောက် နယ်မြေလုံခြုံရေးအတွက် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေရှည်ပဋိပက္ခကင်းဝေးရန် လူမှုသဟဇာတဖြစ်ရေးသည် အရေးကြီးသဖြင့် လူမှုအဖွဲ့အစည်းများအကြား တွေ့ဆုံဆွေးနွေးမှုများ၊ ဒေသအုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် ကော်မတီအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြံပေးအဖွဲ့၏ အားထုတ်ကြိုးပမ်းမှုများကိုအသိအမှတ်ပြုပါကြောင်းနှင့် ယခုလွှဲပြောင်းပေးအပ်သည့် အကြံပေးအဖွဲ့၏ နောက်ဆုံးအကြိမ်အစီရင်ခံစာသည်လည်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများကို များစွာအထောက်အကူဖြစ်မည်ဟုယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ Friends in Need (of "Pa") Volunteers Foundation , Thai Red Cross မှ မြန်မာနိုင်ငံအတွင်းရေဘေးသင့်ဒေသများတွင် အရေးပေါ်အသုံးပြုရန်အတွက် ထိုင်းဘတ်ငွေ ၂ သန်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၆ သောင်းကို ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E . Professor Dr.Surakiart Sathirathai က ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။ **(အောက်ပုံ)**

**နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဒေါက်တာ ဝင်းမြတ်အေး ၊ UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင်များက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E . Professor Dr.Surakiart Sathirathaiနှင့် အဖွဲ့ဝင်များကို Hilton Hotel တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**




# ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်း ဆက်လက်အကောင်အထည်ဖော်တည်ဆောက်နိုင်ရန် Notice to Proceed ပေးအပ်သည့် အခမ်းအနားကျင်းပ




**နေပြည်တော် ဩဂုတ် ၁၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်ငယ်မြစ်ပေါ်ရှိ ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်းဆက်လက်အကောင်အထည်ဖော် တည်ဆောက်နိုင်ရန်အတွက် Notice to Proceed ပေးအပ်သည့်အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် Park Royal Hotel နေပြည်တော်၌ ကျင်းပသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများအား ဝန်ကြီးဌာနမှ အကောင်အထည်ဖော်မည့် ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက် Video Clip အား ပြသခဲ့ပြီး လုပ်ငန်းရှေ့ဆက်လက်ဆောင်ရွက်ရန်အတွက် Notice to Proceed စာချုပ်အားလက်မှတ်ရေးထိုးကြရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးတင်မောင်ဦးနှင့်Andritz Hydro GmbH၊ Kansai Electric Power နှင့် High Tech Construction Trust Co.,Ltd. တို့၏ တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြသည်။ **(ဝဲပုံ)**

အဆိုပါ ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား ၆၀ မဂ္ဂါဝပ်ရှိပြီး နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၂၉၈ သန်းကို ၂၀၂၂ ခုနှစ်တွင် ရရှိလာမည်ဖြစ်ကာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် လိုအပ်လာမည့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၈၀၀၀ ကျော်ကို ဖြည့်ဆည်းရာ၌ အထောက်အကူပြုမည့် စီမံကိန်းဖြစ်သည်။ စီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားသည် အိမ်ထောင်စုပေါင်း၆၀၀၀၀အား ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အကျိုးပြုမည့် စီမံကိန်းဖြစ်သည်။ မြစ်ငယ်မြစ်ပေါ်တွင်ရှိသည့် Cascade Type စီမံကိန်းဖြစ်ပြီး ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံမှထုတ်လွှတ်လိုက်သည့် ရေကိုရယူပြီး ထပ်မံဓာတ်အား ထုတ်လုပ်ပေးခြင်းအားဖြင့် ရေအရင်းအမြစ်များကို ထိရောက်စွာ အကျိုးရှိရှိအသုံးချနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက်မှ ဝန်ထမ်းများနှင့် တွေ့ဆုံ

**စစ်ကိုင်း ဩဂုတ် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိပြန်ကြားရေးဝန်ကြီးဌာနအောက် ဌာနအသီးသီးမှ ဝန်ထမ်းများနှင့် ယနေ့မွန်းလွဲ ၁ နာရီတွင် မုံရွာမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ခရိုင်စာကြည့်တိုက်အတွင်းရှိ စာအုပ်စာစောင်များ၊ ကျောက္ကာကျေးရွာမှ ထွက်ရှိသည့် ယွန်းပစ္စည်းများ၊ မုံရွာခရိုင်အတွင်းရှိ အထင်ကရ ဘုရားစေတီများနှင့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်ကြီးများ၏ မှတ်တမ်းများကို ကြည့်ရှုလေ့လာသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)မှ တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ထပ်ဆင့်လွှင့်)စက်ရုံမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးသည် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးများနှင့် တွေ့ဆုံခဲ့သည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

**ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး မစ္စရိုဆာရီယိုမယ်နာလို ဦးဆောင်သောအဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။** (အောက်ပုံ)




### အသေးစိတ်ဆွေးနွေး

သတင်းစာရှင်းလင်းပွဲ၌ ကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး မစ္စရိုဆာရီယိုမယ်နာလိုက လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မရှင်ကို နိုင်ငံတကာကျွမ်းကျင်သူအပါအဝင် ကိုယ်စားလှယ်လေးဦးဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ကော်မရှင်အနေဖြင့် ဩဂုတ် ၁၄ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ တွေ့ဆုံချိန်တွင် ကော်မရှင်၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်များကို ဆွေးနွေးခဲ့သည့်အပြင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ဒေသတွင် ဆောင်ရွက်နေသည့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုအသေးစိတ် ဆွေးနွေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ရခိုင်ဒေသမှ ရွှေ့ပြောင်းသွားသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းအစီအစဉ်နှင့်ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်ဘက်သို့သွားသူများ ပြန်လာရာတွင် မိမိဆန္ဒအလျောက် လုံခြုံစိတ်ချရပြီး ဂုဏ်သိက္ခာရှိစွာ ပြန်လည်နေထိုင်နိုင်ရေးနှင့်ပတ်သက်၍ မည်သို့ပြန်လည်လက်ခံမည်ဆိုသည့်ကိစ္စနှင့် ပတ်သက်ပြီး ကော်မရှင်နှင့်အစိုးရအကြား အသေးစိတ် ဆွေးနွေးနိုင်ခဲ့ပါကြောင်း။

### ပြန်လည်ရင်ကြားစေ့ရေးကိစ္စဆွေးနွေး

မြန်မာနိုင်ငံအစိုးရနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ကိစ္စရပ်များ၊ ငြိမ်းချမ်းရေး၊ ရခိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ အရေးအကြီးဆုံး တစ်ချက်မှာ ကော်မရှင်ကို အကူအညီပေးမည့် အတွင်းရေးမှူးအဖွဲ့ကို မည်သို့ဖွဲ့မည်၊ မည်သူများပါဝင်မည်၊ ရုံးအဖွဲ့များနှင့် ပတ်သက်ပြီး အသေးစိတ် ဆွေးနွေးနိုင်ခဲ့ပါကြောင်း။

### စုံစမ်းစစ်ဆေးမည်

ကော်မရှင်အဖွဲ့၏ လုပ်ငန်းတာဝန် သတ်မှတ်ရာတွင် ပါဝင်သည့် အဓိက အချက်အလက်များတွင် ပထမအချက်မှာ ကော်မရှင်အနေဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နှင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပွားသည့် အကြမ်းဖက်မှုများတွင် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အကြမ်းဖက်မှုကိစ္စများနှင့်ပတ်သက်ပြီး စွပ်စွဲခံရသူများကို စုံစမ်းစစ်ဆေးမည် ဖြစ်ပါကြောင်း၊ စုံစမ်းစစ်ဆေးသည့်အခါတွင် အကြမ်းဖက်မှုကိစ္စများနှင့် ပတ်သက်ပြီး မည်သူက တာဝန်ရှိသည်၊ မည်သို့အဖြေရှာမည်ဆိုသည်ကို အကြံပြုချက်များ ရေးမည်ဖြစ်ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ရခိုင်ဒေသတွင်ရှိသည့်သူများ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးကို သေချာစေရေး မည်သို့ဆောင်ရွက်ပါက မည်သို့အဆင်ပြေနိုင်မည်ဆိုသည့် အကြံပြုချက်များကို အကြံပြုသွားမည် ဖြစ်ပါကြောင်း။

### လူ့အခွင့်အရေးချိုးဖောက်မှု

ကော်မရှင်၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်များအနေဖြင့် ပထမဦးဆုံးအချက်မှာ ARSA အကြမ်းဖက် တိုက်ခိုက်မှုများဖြစ်ပွားပြီး ပေါ်ပေါက်လာသည့် လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စနှင့်ပတ်သက်သည့် ကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန်နှင့် ထိုသို့စုံစမ်းစစ်ဆေးရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ဆက်စပ်ဖြစ်ပေါ်လာသည့် ကိစ္စရပ်များတွင် မည်သူတွင်တာဝန်ရှိသည်ဆိုသည်ကို ဖော်ထုတ်မည်ဖြစ်ပါကြောင်း။

ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ **၁၉၅၀ ခုနှစ် စုံစမ်းစစ်ဆေးရေး ကော်မတီ အက်ဥပဒေ** ကို မူတည်ပြီး လုပ်ငန်းတာဝန်ကို ရေးဆွဲထားပါကြောင်း၊ ထို့အပြင် **နိုင်ငံတကာလူ့အခွင့်အရေး ဆိုင်ရာ ဥပဒေ** နှင့် **နိုင်ငံတကာလူသားချင်း စာနာမှုဆိုင်ရာ ဥပဒေ**တို့ကို ကိုးကားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်သွားမည်

ကော်မရှင်အဖွဲ့ အနေဖြင့် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အပါအဝင် အခြားသက်ဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွင် သတင်းအချက်အလက် တောင်းခံခြင်း၊ သတင်းအချက်အလက် စုဆောင်းမှုတွင် အထောက်အကူပေးခြင်း၊ သက်သေခံချက် ရယူခြင်းတို့ကိုလည်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ သက်သေခံ အချက်အလက်များ တောင်းခံသည့်နေရာတွင် သက်ဆိုင်ရာ အစိုးရအရာရှိများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၏ ပူးပေါင်းပါဝင်မှုနှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### သတင်းအချက်အလက် ရယူခွင့်ရှိ

စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် ကော်မရှင်၏အဖွဲ့ဝင်များနှင့် ဝန်ထမ်းများကို အစိုးရအနေဖြင့် သင့်တော်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စီစဉ်ပေးရမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့သည် သက်ဆိုင်သည့်၊ ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက် အကုန်လုံးကို ရယူခွင့်ရှိပါကြောင်း၊ ယင်းသတင်းအချက်အလက် အကုန်လုံးကိုလည်း အသုံးပြုမည် ဖြစ်ပါကြောင်း၊ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် နေရာများကို စုံစမ်းစစ်ဆေးမည် ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် တွေ့ဆုံလိုသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းအဖွဲ့များကိုလည်း တွေ့ဆုံခွင့်ရမည် ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် လိုအပ်သည်ဟု ထင်မြင်ယူဆပါက သက်ဆိုင်သူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသည် ကော်မရှင်ကို စာဖြင့်ရေးသားတင်ပြခွင့်ရှိရမည် ဖြစ်ပါကြောင်း၊ ကော်မရှင်၏ ဆောင်ရွက်ချက်များကို လွတ်လပ်ခြင်း၊ ဘက်လိုက်မှုကင်းခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်း၊ သမာသမတ်ရှိခြင်း၊ ပွင့်လင်းမြင်သာခြင်း၊ ယုံကြည်စိတ်ချရခြင်းတို့ကို အခြေခံပြီး မူတည်ထားပါကြောင်း။

### စတင်စုဆောင်းသွားမည်

ကော်မရှင်အနေဖြင့် အဓိကလုပ်ငန်းဖြစ်သည့် အစီရင်ခံစာ တင်သွင်းရသည့်အပိုင်း ရှိပါကြောင်း၊ အစီရင်ခံစာ တင်သွင်းသည့်အခါ ကော်မရှင်၏ စုံစမ်းစစ်ဆေးလေ့လာတွေ့ရှိချက်များအပေါ် အကြံဉာဏ်ပြုပြီး နိုင်ငံတော်သမ္မတထံ တင်သွင်းသွားမည် ဖြစ်ပါကြောင်း၊ ကော်မရှင်၏ အတွင်းရေးမှူးရုံးကို မြန်မာနိုင်ငံတွင် ရုံးစိုက်သွားမည်ဖြစ်ပါကြောင်း၊ အတွင်းရေးမှူးရုံးတွင် ဥပဒေဆိုင်ရာကျွမ်းကျင်သူများနှင့် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များကို လိုအပ်သလို ခေါ်ယူသွားမည် ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ပထမဆုံး သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ အစီရင်ခံစာများနှင့် လိုအပ်သည့် စာရွက်စာတမ်းများကို စတင်စုဆောင်းသွားမည်ဖြစ်ပြီး ရရှိလာသည့် အချက်အလက်များအပေါ် မူတည်ကာ သုတေသနလုပ်မည် ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် လုပ်ငန်းနှင့် ပတ်သက်သည့် တရားဝင် အင်တာနက်စာမျက်နှာကိုလည်း ဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး မစ္စရိုဆာရီယိုမယ်နာလိုနှင့် ကော်မရှင်အဖွဲ့ဝင် သံအမတ်ကြီး မစ္စတာ ကင်ဇိုအိုရှီးမားတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဦးမြသိန်းနှင့် ပါမောက္ခဒေါက်တာအောင်ထွန်းသက်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## အပူပိုင်းမုန်တိုင်း ဘက်ဘင်ကာ အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရ

**နေပြည်တော် ဩဂုတ် ၁၆**

ယနေ့ မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း"ဘက်ဘင်ကာ" Bebinca သည် တုံကင်ပင်လယ်ကွေ့သို့ ရောက်ရှိခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့၏ အရှေ့-အရှေ့တောင်ဘက် မိုင် ၁၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး ခေတ္တမျှ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစီရင်ခံစာသုံးခု ဖတ်ကြားခြင်းနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ် (၆/၂၀၁၈) အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြ

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက **လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြရာတွင် ကော်မတီသည် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်များနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၉ ၊ အပိုဒ် ၂၅ အပိုဒ်ခွဲ (က)နှင့် အပိုဒ် ၂၈ အပိုဒ်ခွဲ (က)တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း လည်းကောင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ (ဍ)နှင့် အပိုဒ် ၄ အပိုဒ်ခွဲ (စ)တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းလည်းကောင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ် (၁)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ် ၄၁ ၏ ခြွင်းချက်တို့ကို ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းလည်းကောင်း အတည်ပြုပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

သို့ဖြစ်၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၂နှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးကျော်ကျော်က **လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ** ကို ဖတ်ကြားတင်ပြရာတွင် ကော်မတီသည် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အချက်များနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၅နှင့် နည်းဥပဒေ ၄၅၊ နည်းဥပဒေခွဲ (က)တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းလည်းကောင်း၊ နည်းဥပဒေ ၃၄နှင့် နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က) တို့ကို ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းလည်းကောင်း အတည်ပြုပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၂နှင့် အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ် (၇/၂၀၁၈) အပိုင်း(၁) ကို ဖတ်ကြားတင်ပြ

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောသန်းထွဋ်က **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ် (၇/၂၀၁၈) အပိုင်း(၁)** ကို ဖတ်ကြားတင်ပြရာတွင် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် သက်ဆိုင်ရာဗဟိုအဖွဲ့အစည်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစုအဖွဲ့အစည်းအဝေး ၁၀ ကြိမ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့အပါအဝင် တာဝန်ရှိသူများနှင့် အစည်းအဝေး ၁၁ ကြိမ် စုစုပေါင်းအစည်းအဝေး ၂၁ ကြိမ် ပြုလုပ်၍ စိစစ်ခဲ့ပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို အပိုင်း ၃ပိုင်း ခွဲခြားပြုစု၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ (က)၊ (ခ)၊ (ဂ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်နာယကမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါကြောင်း။

အပိုင်း (၁) အနေဖြင့် အမျိုးသားစီမံကိန်းအပေါ် ကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှု၊အခွန်အကောက်ဥပဒေအပေါ်အကောင်အထည်ဖော်မှု၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအပေါ် အကောင်အထည်ဖော်မှု၊ နိုင်ငံတော်အပေါ် တင်ရှိနေသည့် ကြွေးမြီများနှင့် ဌာနအဖွဲ့အစည်းများမှ တင်ပြလာသော အမှန်စာရင်း (Actual) များအပေါ် လေ့လာတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်များကို အစီရင်ခံသွားမည် ဖြစ်ပါကြောင်း။




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပစဉ်။

အမျိုးသားစီမံကိန်းဥပဒေကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ သုံးသပ်အကြံပြုချက်အနေဖြင့် လယ်ယာကဏ္ဍ အနည်းငယ်လျော့နည်းခဲ့သည်မှအပ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် ရည်မှန်းချက်ထက် ကျော်လွန်အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) မှာ ၂၀၁၆ - ၂၀၁၇ခုနှစ်တွင် ၅ ဒသမ၉ ရာခိုင်နှုန်းရှိသဖြင့် ယခင်နှစ်များထက် လျော့နည်းခဲ့ပါကြောင်း၊ နိုင်ငံပိုင် အခန်းရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်များတွင် လုပ်ငန်းစီမံကိန်းအချို့ကို နိုင်ငံတကာနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ချေးငွေထောက်ပံ့ငွေများဖြင့် သုံးစွဲခဲ့ပြီး အချို့လုပ်ငန်း စီမံချက်များသည် လျာထားချက်အတိုင်း ဆောင်ရွက်နိုင်မှုမရှိသေးသည်ကို သုံးသပ်ထားပါကြောင်း။

ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပေါ် အကောင်အထည်ဖော်မှု အနေဖြင့် ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ၂၂ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်အရ အခွန်အကောက်ရငွေ၏ မူလခန့်မှန်းခြေမှာ ငွေကျပ် ၆၂၁၉ ဒသမ ၇၅၉ ဘီလီယံဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေတွင် ငွေကျပ် ၆၅၁၂ ဒသမ ၇၀၄ ဘီလီယံသို့ တိုးမြှင့်လျာထားခဲ့ပါကြောင်း၊ အခွန်ကောက်ခံရရှိမှုမှာ ငွေကျပ် ၇၁၂၂ ဒသမ ၄၃၀ ဘီလီယံ ဖြစ်ပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်၏ သုံးသပ်အကြံပြုချက်အနေဖြင့် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအရ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ယူကောက်ခံသည့်အခွန် ၂၁ မျိုးတွင် အခွန် ၁၇ မျိုးမှာ လျာထားချက်ထက် ကျော်လွန်ကောက်ခံနိုင်ပြီး အခွန် ၄ မျိုးမှာ လျာထားချက်အတိုင်း ကောက်ခံနိုင်မှုမရှိခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံရန်ကြွေးကျန်များ ကျန်ရှိနေခြင်း၊ အခွန်ရရှိမှုနှင့် GDP အချိုးမှာအခြား အာဆီယံနိုင်ငံများထက် လျော့နည်းနေခြင်းတို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်သည်ဟု သုံးသပ်ထားပါကြောင်း။

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအပေါ် အကောင်အထည်ဖော်မှုအနေဖြင့် ၂၀၁၆ - ၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၁၂၈၄ ဘီလီယံကို နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံခွင့်ပြုခဲ့ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ သုံးသပ်အကြံပြုချက်အနေဖြင့် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ပေးရာတွင် အမှန်လိုငွေအတွက်သာ ထောက်ပံ့ပေးသင့်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ချက်အရ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက စည်းကြပ်ကောက်ခံနိုင်သည့် အခွန်အခများကို ထပ်မံခွင့်ပြုပြီးဖြစ်သဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် အခွန်အခများ ပိုမိုစည်းကြပ်ကောက်ခံနိုင်ပြီး စွမ်းဆောင်ရည်များ ပိုမိုမြင့်တက်လာပါက ထောက်ပံ့ငွေများကို လျှော့ချနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်တွင်း ပြည်ပမှ ငွေချေးယူမှုများအား ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါငွေချေးယူခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါအောင်မြင်သူများထံမှရယူသည့် လုပ်ငန်းပြီးမြောက်မှုအာမခံများကို ဌာနများ၏ ငွေထုတ်စာရင်းသို့ ပေးသွင်းပြီး အပ်ငွေအဖြစ်ထားရှိ ဆောင်ရွက်ပါက နိုင်ငံတော်၏ လိုငွေဖြစ်ပေါ်မှုကို လျှော့နည်းစေမည်ဟု သုံးသပ်ထားပါကြောင်း။

## ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ပြည်ပကြွေးမြီအခြေအနေ

နိုင်ငံတော်အပေါ် တင်ရှိနေသည့် ကြွေးမြီများအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ပြည်ပကြွေးမြီအခြေအနေမှာ စုစုပေါင်းချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁၂၃ ဘီလီယံအနက် ထုတ်ယူသုံးစွဲငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၄၁ ဘီလီယံ၊ ပြန်လည်ပေးဆပ်ပြီးငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၉၂ ဘီလီယံဖြစ်၍ ၂၀၁၇ခုနှစ် မတ် ၃၁ ရက်နေ့ရှိ ပေးချေရန် လက်ကျန်မှာ အမေရိကန် ဒေါ်လာ ၉ ဒသမ ၁၄၉ ဘီလီယံ ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သုံးသပ်ချက်နှင့် အကြံပြုချက်အနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်းမှာ ၅ ဒသမ ၉ ရာခိုင်နှုန်းသာရှိပြီး ၂၀၁၅ - ၂၀၁၆ ခုနှစ်ထက် လျော့နည်းခဲ့ရခြင်းမှာ လယ်ယာကဏ္ဍကြီးတစ်ခုလုံး၏ ထုတ်လုပ်မှုသည် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ထုတ်လုပ်မှုကိုပင် မပြည့်မီခဲ့ခြင်းကြောင့်ဖြစ်သည်ကို သုံးသပ်ရရှိပါကြောင်း၊ အခွန်အကောက်ရရှိငွေတိုးတက်လျက်ရှိသော်လည်း အခွန်ရရှိငွေနှင့် ဂျီဒီပီ အချိုးမှာ နိမ့်ကျဆဲပင် ဖြစ်ပါကြောင်း၊ အထူးသဖြင့် အခွန်ရငွေတိုးတက်မှုသည် ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးတိုးတက်မှုနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းတို့ကို ကျော်လွန်ရရှိအောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ လက်ရှိအခွန်နှုန်းထားများမှာ သင့်လျော်သည့် နှုန်းထားများဖြစ်၍ နှုန်းထားတိုးမြှင့်ခြင်းမပြုဘဲ ဆောင်ရွက်သင့်သည်ကို သုံးသပ်အကြံပြုအပ်ပါကြောင်း။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီး ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၇ခုနှစ် မတ် ၃၁ ရက်နေ့ရှိ နိုင်ငံခြားသုံးငွေလက်ကျန်မှာ အမေရိကန်ဒေါ်လာ ၅၇၁ ဒသမ ၇၃၉ သန်းဖြစ်ရာ ၎င်းလက်ကျန်ငွေများနှင့် စပ်လျဉ်း၍ ကြပ်မတ်ဆောင်ရွက်မှု အခြေအနေကို ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြရန် လိုအပ်သည်ကို သုံးသပ်အကြံပြုအပ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်ပအကူအညီရငွေနှင့် ချေးယူငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ လုပ်ငန်းစီမံကိန်းများကို စီမံကိန်း လျာထားချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ အကူအညီ ရငွေနှင့် ချေးယူရငွေများကို ဘတ်ဂျက်ခွင့်ပြုချက်နှင့်အညီ ထုတ်ယူသုံးစွဲနိုင်မှု မရှိခြင်းတို့နှင့် စပ်လျဉ်း၍ သဘောတူစာချုပ်ပါ Disbursement Plan နှင့်အညီ ထုတ်ယူသုံးစွဲနိုင်ရေးနှင့် ၎င်းထုတ်ယူသုံးစွဲငွေပါ လုပ်ငန်းများအတိုင်း ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်သည်ကို အကြံပြုအပ်ပါကြောင်း။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြုစုပေးပို့ထားသော ၂၀၁၆ - ၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာ၊ အခွန်ရငွေအစီရင်ခံစာများနှင့် အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာတို့နှင့် စပ်လျဉ်းသည့် အခြေအနေအရပ်ရပ်တို့အပေါ် စိစစ်သုံးသပ်ပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၅)စောင်ကို ပြည်ထောင်စု လွှတ်တော်သို့ အစီရင်ခံတင်ပြပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ *စာမျက်နှာ ၉ သို့*

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နိုင်ငံရဲ့ဂျီဒီပီတိုးတက်ဖို့ လိုအပ်ပါတယ် နောက်တစ်ခုကတော့ ကုန်သွယ်မှုတိုးတက်ရပါမယ်

**အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်**

## “ပုဂ္ဂလိကစွမ်းအား ပြည်ထွန်းကား” စီးပွားရေးစကားဝိုင်း

ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး



**“၂၀၁၅ ခုနှစ် စာရင်းအရ ကျွန်တော်တို့နိုင်ငံရဲ့ ကုန်သွယ်မှုကိုပြောရရင် ကျွန်တော်တို့ဟာ export အနေနဲ့ ၁၂ ဘီလီယံ ပတ်ဝန်းကျင်လောက်အထိတော့ ဖြစ်လာတယ်။ ဒါပေမယ့် တစ်ဦးချင်းကုန်သွယ်မှုကို ကြည့်မယ်ဆိုရင် ဒေါ်လာ ၂၅၀ ကျော်လောက်ရှိပါတယ်။ ကျွန်တော်တို့နဲ့အတူတူ LDC လွတ်မြောက်ရေးကိုလည်း ဆောင်ရွက်နေကြတဲ့ ကမ္ဘောဒီးယားနိုင်ငံဆိုရင် သူ့ရဲ့တစ်ဦးချင်း ပြည်ပတင်ပို့နိုင်မှု export ပမာဏဟာ ၇၈၃ ဒေါ်လာရှိတယ်။ ကျွန်တော်တို့ထက် သုံးဆလောက်မြင့်တယ်။ လာအိုနိုင်ငံဆိုရင်လည်း ကုန်းတွင်းပိတ်နိုင်ငံဖြစ်ပေမယ့် ပြည်ပတင်ပို့မှုကို ကြည့်မယ်ဆိုရင် ဒေါ်လာ ၅၀၀ ကျော်ရှိတယ်။ ကျွန်တော်တို့ရဲ့နှစ်ဆလောက်ရှိပါတယ်”**

နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ကဏ္ဍအသီးသီးတို့တွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များထံမှ ဗဟုသုတရရှိဖွယ်ရာများကို သိရှိနိုင်ကြရန်အတွက် “ပုဂ္ဂလိကစွမ်းအား ပြည်ထွန်းကား” ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်း အစီအစဉ်ကို ဩဂုတ်လ ၉ ရက်နေ့က နေပြည်တော်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ပြုလုပ်ခဲ့ပါသည်။

စကားဝိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်၊ ဆင်ဖြူကျွန်းမြို့နယ် အောင်ချစ်စံ နွားမွေးမြူရေးခြံပိုင်ရှင် ဦးအောင်နိုင်ဦးတို့က ဆွေးနွေးခဲ့ကြပါသည်။

**အစီအစဉ်မှူး ။** ။ ကျွန်တော်တို့နိုင်ငံရဲ့ ကုန်သွယ်မှုအခြေအနေနဲ့ ပတ်သက်ပြီး ပထမဆုံး ရှင်းပြပေးစေလိုပါတယ်။

**အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် ။** ။ အာဆီယံနိုင်ငံတွေရော ကမ္ဘာ့နိုင်ငံတွေရောမှာ ကုန်သွယ်မှုများများလုပ်တဲ့ နိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတယ်။ နိုင်ငံချမ်းသာလာတယ်။ ပြည်သူတွေ ချမ်းသာလာတယ်။ အဲဒီတော့ ကုန်သွယ်မှု များများလုပ်နိုင်ဖို့ စီစဉ်ဆောင်ရွက်တဲ့အခါမှာ လက်ရှိကုန်သွယ်မှုလုပ်နိုင်တဲ့ အခြေအနေလေးတွေကို ကိန်းဂဏန်းလေးတွေနဲ့ ပြောချင်ပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နိုင်ငံရဲ့ ဂျီဒီပီတိုးတက်ဖို့ လိုအပ်ပါတယ်။ နောက်တစ်ခုကတော့ ကုန်သွယ်မှုတိုးတက်ရပါမယ်။ အဲဒီလိုနှစ်ချက်မှာ ကျွန်တော်တို့နဲ့ အဓိကဆိုင်တဲ့ ကုန်သွယ်မှုအပိုင်းကို တင်ပြရမယ်ဆိုရင် လူတစ်ယောက် ပြည်ပဘယ်လောက် တင်ပို့နိုင်သလဲ per capita export ဆိုတာမှုတည်ပြီးတော့ ၂၀၁၅ ခုနှစ်က ပညာရှင်တွေရဲ့သုံးသပ်ချက်လေးတွေကို တင်ပြပါမယ်။

**၂၀၁၅ ခုနှစ် စာရင်းအရ ကျွန်တော်တို့ နိုင်ငံရဲ့ကုန်သွယ်မှုကို ပြောရရင် ကျွန်တော်တို့ဟာ export အနေနဲ့ ၁၂ ဘီလီယံ ပတ်ဝန်းကျင်လောက်အထိတော့ ဖြစ်လာတယ်။ ဒါပေမယ့် တစ်ဦးချင်းကုန်သွယ်မှုကို ကြည့်မယ်ဆိုရင် ဒေါ်လာ ၂၅၀ ကျော်လောက်ရှိပါတယ်။ ကျွန်တော်တို့နဲ့အတူတူ LDC လွတ်မြောက်ရေးကိုလည်း ဆောင်ရွက်နေကြတဲ့ ကမ္ဘောဒီးယားနိုင်ငံဆိုရင် သူ့ရဲ့တစ်ဦးချင်း ပြည်ပတင်ပို့နိုင်မှု export ပမာဏဟာ ၇၈၃ ဒေါ်လာရှိတယ်။ ကျွန်တော်တို့ထက် သုံးဆလောက်မြင့်တယ်။ လာအိုနိုင်ငံဆိုရင်လည်း ကုန်းတွင်းပိတ်နိုင်ငံဖြစ်ပေမယ့် ပြည်ပတင်ပို့မှုကို ကြည့်မယ်ဆိုရင် ဒေါ်လာ ၅၀၀ ကျော်ရှိတယ်။ ကျွန်တော်တို့ရဲ့နှစ်ဆလောက်ရှိပါတယ်။**

လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်က ဗီယက်နမ်နိုင်ငံဟာ ပြည်တွင်းစစ်ပွဲတွေပြီးခါစပေါ့။ နိုင်ငံပြန်လည်ပေါင်းစည်းခါစမှာ ဗီယက်နမ်နိုင်ငံဟာ စီးပွားရေးကို ပြာပုံထဲကနေ ရုန်းထလာတဲ့နိုင်ငံပေါ့။ အခုလက်ရှိမှာ ဗီယက်နမ်စီးပွားရေးဆိုရင်လည်း အားလုံးမြင်နိုင်ပါတယ်။ ဥပမာပြောရရင် ကျွန်တော်တို့ဆီတောင် ဟိုတယ်ကြီးတွေ လာဆောက်နေပြီ။ ဆက်သွယ်ရေးကိစ္စတွေမှာ ပါဝင်လာနေပြီ။ ဗီယက်နမ်နိုင်ငံရဲ့ တစ်ဦးချင်း export ဘယ်လောက်ရှိသလဲဆိုရင် ဒေါ်လာ ၁၈၉၀ ရှိပါတယ်။

ထိုင်းနိုင်ငံဆိုရင်လည်း တစ်ဦးချင်း export ဟာ ဒေါ်လာ ၄၀၀၀ ကျော်ရှိပါတယ်။ ဒါကို ပြောချင်တာက ကျွန်တော်တို့ဟာ များများ export လုပ်မှသာ တိုင်းပြည်ရဲ့ စီးပွားရေး၊ ပြည်သူလူထုရဲ့စီးပွားရေး တိုးတက်မယ်ဆိုတာ သေချာပါတယ်။ ကုန်သွယ်မှုတွေ အထူးသဖြင့် export တင်ပို့တာတွေ များများလုပ်နိုင်ဖို့ လိုအပ်ပါတယ်။

### အရေးကြီးဆုံးက ညှိနှိုင်းနိုင်ဖို့ဖြစ်

**အာဆီယံနိုင်ငံရဲ့ per capita export က ဒေါ်လာ ၂၃၀၀ ကျော်ရှိပါတယ်။ အာရှမှာဆိုရင် ဘရူနိုင်းကတော့ သဘာဝသယံဇာတတွေကြောင့် ချမ်းသာတယ်။ ကျန်တဲ့အထဲမှာ စင်ကာပူနိုင်ငံက အချမ်းသာဆုံးနိုင်ငံပဲ။ သူဟာ ဘယ်လောက် ကုန်သွယ်မှုတွေလုပ်နေသလဲဆိုရင် per capita export နဲ့ ကြည့်ရင် ဒေါ်လာ ၉၀၀၀၀ ကျော်ရှိပါတယ်။ ဒီနိုင်ငံတွေရဲ့အနေအထားကြည့်မယ်ဆိုရင် ကျွန်တော်တို့လို သယံဇာတတွေလည်း အများကြီးမရှိဘူး။ ဒါပေမယ့် လူသယံဇာတတွေတော့ အများကြီးရှိတယ်။ ကုန်သွယ်မှုကိစ္စတွေ ဖွံ့ဖြိုးတယ်။ ကျွန်တော်တို့ဆီမှာ ဘာအရေးကြီးလာသလဲဆိုရင် ကုန်သွယ်မှုတိုးတက်ဖို့အတွက် အရေးကြီးဆုံးက ညှိနှိုင်းနိုင်ဖို့ဖြစ်ပါတယ်။ ဒါဟာ အင်မတန်လည်း အရေးကြီးပါတယ်။**

နောက်တစ်ချက်ကတော့ ကုန်သွယ်မှုလုပ်မယ့် ဈေးကွက်တွေရဲ့ သဘာဝတွေ၊ လုပ်ထုံး လုပ်နည်းတွေ၊ ညွှန်ကြားချက်တွေကို ကျေညက်စွာနားလည်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့အိမ်နီးချင်းနိုင်ငံတွေ ဗီယက်နမ်၊ ထိုင်းစတဲ့ ကိုယ့်ထက်သာတဲ့ နိုင်ငံတွေနဲ့ ဆွေးနွေးကြတဲ့အခါ Trade Negotiation Department ဆိုပြီး သီးသန့်ထားပါတယ်။ အဲဒီမှာ တကယ့်ကျွမ်းကျင်တဲ့လူငယ်တွေ၊ စွမ်းအားရှိတဲ့ လုပ်နိုင်ကိုင်နိုင်တဲ့ သူတွေနဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ထားပါတယ်။

ဥပမာအားဖြင့် မြန်မာနိုင်ငံနဲ့ ဆွေးနွေးမယ်ဆိုရင် မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှုလုပ်ရင် ဘာအခွင့်အလမ်းတွေရနိုင်မလဲ။ ဘယ်လိုအခြေအနေရှိသလဲ။ ကျွန်တော်တို့ရဲ့ ကုန်သွယ်မှုအခြေအနေအသေးစိတ်ကို လေ့လာတယ်။ သူတို့ ထိုးဖောက်ရင် ဘယ်ကဏ္ဍတွေကို ထိုးဖောက်လို့ရနိုင်မလဲ။ ဘယ်နေရာကနေ သူတို့အတွက် အကျိုးအမြတ်ရှိနိုင်မလဲ။ ဒါမျိုးတွေကို သေသေချာချာ လေ့လာသုံးသပ်ပြီးတော့ ဆွေးနွေးကြတဲ့အတွက် ဆွေးနွေးတိုင်းမှာ သူတို့အတွက် ကုန်သွယ်ရေးအကျိုးအမြတ်ရရှိရေးကို ဦးတည်ဆောင်ရွက်နိုင်ပါတယ်။ အလားတူ အိန္ဒိယဆိုရင်လည်း ကုန်သွယ်မှုနဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေမှာ ကျွမ်းကျင်ကြတော့ ကုန်သွယ်မှုမှာ ကိုယ့်နိုင်ငံရဲ့ လိုအပ်တဲ့အနေအထားကို ကျန်ကုန်သွယ်ဖက်တွေ လိုက်ပါလာတဲ့အထိ ကျွမ်းကျင်လာနေတယ်။

အဲဒီတော့ ကျွန်တော်တို့ကလည်း ဖွဲ့စည်းပုံကို ပြန်ပြင်လုပ်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ အရေးကြီးတဲ့ trade negotiation ပိုင်းတွေကို လုပ်နိုင်အောင် လူ့စွမ်းအားအရင်းမြစ်တွေကို မွေးထုတ်ရမယ်။ ဒါကိုလည်း ဖွဲ့စည်းတဲ့အချိန်မှာ ခိုင်ခိုင်မာမာဖွဲ့စည်းရမယ်။ ပြီးတော့ အခုဆိုရင် Myanmar Trade Promotion Organization ကို ဖွဲ့စည်းထားပြီ။ ဒါပေမယ့် ခြေတွေလက်တွေ မရှိသေးသလိုဖြစ်နေတယ်။ ဈေးကွက်ရှိတဲ့နေရာတွေ၊ နိုင်ငံတွေကို ကျွန်တော်တို့ရဲ့ကိုယ်စားလှယ်တွေလွှတ်ပြီး သတင်းတွေ စုံစမ်းရမယ်။ လိုအပ်တာတွေကို ဆွေးနွေးညှိနှိုင်းမှုတွေလုပ်ဖို့ လိုအပ်ပါတယ်။

### ပုဂ္ဂလိကကဏ္ဍကို အားပေးရပါမယ်

ကျွန်တော်တို့ရဲ့ဖွဲ့စည်းပုံကို ကုန်သွယ်မှုတွေ တိုးတက်လာအောင်လုပ်ဖို့ ပုဂ္ဂလိကကဏ္ဍကို အားပေးရပါမယ်။ အရင်တုန်းက ကျွန်တော်တို့က ကုန်သွယ်မှုမှာ ကိုယ်တိုင်ဝင်လုပ်ရတဲ့ အလုပ်တွေကိုလုပ်တဲ့ အလေ့အထနဲ့ လာကြတယ်။ ဒီဘက်ပိုင်း ရောက်လာတော့ စီးပွားရေးပုံစံပြောင်းလာတယ်။ Plan Economy ကနေ Market Economy ကို ပြောင်းလာပါတယ်။ ဖြည်းဖြည်းချင်းပြောင်းနေပေမယ့် ကျွန်တော်တို့ဟာ Market Economy ကို ပြောင်းဖို့ လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ အရင်က operator ကနေ regulator ပေါ့။ ကျွန်တော်တို့ဟာ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်တွေနဲ့ ကိုယ့်လူတွေကို ထိန်းကျောင်းကူညီဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

လိုအပ်တာတွေက ဥပဒေတွေပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။ လိုအပ်တဲ့ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်တွေ လုပ်ဖို့လိုပါမယ်။ လိုအပ်တဲ့ ကုန်သွယ်ရေးဆိုင်ရာစာချုပ်စာတမ်းတွေ ချုပ်ဆိုဖို့ လိုပါမယ်။ စာချုပ်စာတမ်းချုပ်ဆိုရာမှာလည်း ဘယ်လိုစကားလုံးသုံးရင် ဘယ်လို အကျိုးသက်ရောက်နိုင်မယ်ကအစ သေသေချာချာလေ့လာနိုင်တဲ့ပုံစံအထိ ကျွန်တော်တို့ကလည်း သိအောင်လုပ်ရမယ်။ ပြီးရင် ပုဂ္ဂလိကကဏ္ဍကိုလည်း ဒီလို အသိပညာတွေပေးတဲ့ လုပ်ငန်းတွေ လုပ်ရပါမယ်။

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာလည်း စီးပွားရေးလုပ်ငန်းလုပ်တဲ့ အသင်းအဖွဲ့တွေ၊ ကုန်စည်ဒိုင်တွေ၊ အစုအဖွဲ့တွေကိုလည်း တိုးချဲ့ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ အခုဆိုရင် စားသုံးသူရေးရာဦးစီးဌာနကိုလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ ဖွဲ့စည်းပြီး စားသုံးသူအကာအကွယ်ပေးရေးအပြင် ပြည်တွင်းကုန်သွယ်မှုနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေကိုပါ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကတော့ ဝန်ကြီးဌာနက ဖွဲ့စည်းမယ့် ပုံစံလေးတွေ၊ ပြုပြင်ပြောင်းလဲရမယ့် ပုံစံတွေကို တင်ပြခြင်းဖြစ်ပါတယ်။

**အစီအစဉ်မှူး ။** ။ စားသုံးသူရေးရာ ဦးစီးဌာနကနေ စားသုံးသူအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ဘယ်လိုအစီအစဉ်တွေ ချမှတ်ဆောင်ရွက်လျက်ရှိသလဲဆိုတာနဲ့ မကြာမီထုတ်ပြန်သွားဖို့ ရည်ရွယ်ထားတယ်ဆိုတဲ့ Product Labelling Requirement လို့ခေါ်တဲ့ မြန်မာစာနဲ့ ထုတ်ကုန်အညွှန်းရေးသားရမယ့် ညွှန်ကြားချက်ရဲ့ရည်ရွယ်ချက်က ဘာများလဲဆိုတာ ရှင်းပြပေးပါဦးခင်ဗျာ။

### တိုင်ကြားချက်တွေကို ဖြေရှင်း

**ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင် ။** ။ ကျွန်တော်တို့ဌာနက စားသုံးသူအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဥပဒေနဲ့ မူဝါဒ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေပါတယ်။ ဒါတင်မကသေးပါဘူး၊ ပုဂ္ဂလိက ကဏ္ဍဖြစ်တဲ့ စားသုံးသူပြည်သူတွေ အသိပညာဗဟုသုတတိုးပွားဖို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အသိပညာပေးဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေ ဆောင်ရွက်နေသလို တစ်ဖက်မှာလည်း စားသုံးသူတွေရဲ့ နစ်နာမှု တိုင်ကြားချက်တွေကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၄ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အခုတော့ စားသုံးသူရဲ့အကျိုးစီးပွားကို ပိုမိုထိရောက်အောင်ကာကွယ်ပေးနိုင်ဖို့ ဥပဒေအသစ်ကိုလည်း မူကြမ်းရေးဆွဲပြီး ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးလျက်ရှိနေပါပြီ။ ဒီဥပဒေသစ် ပေါ်လာရင်တော့ စားသုံးသူတွေရဲ့ အကျိုးစီးပွားကို ပိုပြီးထိရောက်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီဥပဒေဟာလည်း စားသုံးသူတွေရဲ့အကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်မယ့်အချက်တွေကို ဥပဒေပညာရှင်တွေနဲ့ အချိန်ယူ ထည့်သွင်း စဉ်းစားရေးဆွဲထားတာ ဖြစ်ပါတယ်။**

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၇ မှ*

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ် (၇/၂၀၁၈) ၏ အပိုင်း (၂)နှင့် အပိုင်း (၃)တို့အား ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြ သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## အခြေခံပညာဦးစီးဌာန၏ ၂၀၁၇ - ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဆွေးနွေး

ထို့နောက် **ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၁၇ - ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအမှတ်စဉ် (၆/၂၀၁၈)** အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း (ခေါ်) ဒေါက်တာအားကာမိုးက အစီရင်ခံစာဖော်ပြချက်အရ တင်ဒါခေါ်ယူခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်တွင် တင်ဒါအဆိုပြုခြင်း၊ တင်ဒါစည်းကမ်း၊ တင်ဒါခေါ်ယူခြင်း၊ တင်ဒါဖွင့်ခြင်း၊ အတည်ပြုခြင်း လုပ်ငန်းဆောင်ရွက်ခြင်းအားလုံးသည် သတ်မှတ်ချက်စည်းကမ်းများ ရှိနေသော်လည်း လက်တွေ့တွင် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်မှုအားနည်းနေသည်ဟု သုံးသပ်မိပါကြောင်း၊ ကုမ္ပဏီများကို တင်ဒါယှဉ်ပြိုင်ရွေးချယ်သည့်အခါတွင်လည်း အရည်အသွေးနှင့် စံချိန်မီလုပ်ဆောင်နိုင်ရန် ဖြစ်သော်လည်း နီးစပ်ရာ၊ လက်သင့်ရာ Profile ကောင်းကောင်း တင်ပြနိုင်သည့် ကုမ္ပဏီများကို ရွေးချယ်ဆဲဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်သူ့ဘဏ္ဍာများ ယိုဖိတ်မှု မရှိစေရန်၊ ပြည်သူအတွက် အကျိုးရှိရှိ သုံးနိုင်ရန် ပြည်သူ့ဘဏ္ဍာနှင့် လုပ်ဆောင်သည့် တည်ဆောက်ရေးလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းအပ်နှံ စာချုပ်စည်းကမ်းများ ပြင်ဆင်ရန် လိုအပ်သကဲ့သို့ ကြီးကြပ်မှုအဆင့်ဆင့်ကလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရန် တိုက်တွန်းရင်း ငွေစာရင်းပူးပေါင်းကော်မတီ၏ (၆/၂၀၁၈) အစီရင်ခံစာကို ထောက်ခံဆွေးနွေးအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## ပညာရည်အဆင့်အတန်းမြှင့်တင်ခြင်းသည် လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောင်းဆုံးသော အရင်းအနှီးဖြစ်

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုးနိုင်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ ပညာရည်အဆင့်အတန်းမြှင့်တင်ခြင်းသည် လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောင်းဆုံးသော အရင်းအနှီးဖြစ်ပါကြောင်း၊ နိုင်ငံတိုင်း ပညာရည်အဆင့်အတန်းတိုးတက်ရေး ဦးစားပေးဆောင်ရွက်နေသကဲ့သို့ မိမိနိုင်ငံအနေဖြင့်လည်း အစိုးရအဆက်ဆက် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး ပညာရည်မြှင့်တင်ပေးလျက်ရှိပါကြောင်း။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာဦးစီးဌာနအတွက် ဥပမိရုပ်မကောင်းသော ကျောင်းနှင့် ကျောင်းဆောင်သစ် ၂၅၂၄ လုံး တည်ဆောက်ရန် ခွင့်ပြုခဲ့သော်လည်း ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်အထိ ၆၂၂ လုံးသာ ရာနှုန်းပြည့်ပြီးစီးသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည့်အတွက် အလားတူမဖြစ်ပေါ်စေရေး မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ကို သုံးသပ်ရမည်ဖြစ်ပါကြောင်း။

ပညာရည်အဆင့်အတန်းမြင့်မားရေးအတွက် အခြေခံကျသော အဆောက်အအုံ သင်ထောက်ပစ္စည်းပြည့်စုံရန်၊ တည်ဆောက်ရန်ဆောင်ရွက်နေသော တာဝန်ရှိသည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများအားလုံးသည် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံ၍ အဂတိတရားကင်းရှင်းစွာဖြင့် အရည်အသွေးပြည့်ဝသော အဆောက်အအုံများဖြစ်စေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် တိုက်တွန်းအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာအမှတ်စဉ် (၆/၂၀၁၈) အပေါ် ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၊ ချောက် မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးအေးဗိုလ်၊ ရွှေကျင် မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၊ ကျေးသီး မဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၊ ညောင်တုန်း မဲဆန္ဒနယ်မှ ဦးအုန်းလွင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဆန်းမြင့်၊ မုံရွာ မဲဆန္ဒနယ်မှ ဦးညွန့်အောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၅)မှ ဦးအောင်မျိုးလတ်၊ ဖျာပုံ မဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါ်ထုမေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး (ဘောဂဗေဒ)၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဩဂုတ် ၂၀ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးအခြေခံလက်မှုပညာသင်တန်း မန်းရေနံမြေ၌ ဖွင့်လှစ်

**မင်းဘူး ဩဂုတ် ၁၆**

MPRL E & P Pte Ltd. သည် CSR လုပ်ငန်း၏ အခန်းကဏ္ဍတစ်ရပ်အနေဖြင့် လုပ်ငန်းလုပ်ကိုင်ရာဒေသရှိ ဒေသခံများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များ ဆောင်ရွက်လျက်ရှိရာ မန်းရေနံမြေ ဒေသခံများအတွက် လူမှုစီးပွားအထောက်အကူပြု သင်တန်းဖြစ်သည့် ဝါးအခြေခံလက်မှုပညာသင်တန်းကို မကွေးတိုင်းဒေသကြီး အသေးစား စက်မှုလုပ်ငန်းဦးစီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ပူးပေါင်း၍ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာတစ်ခုဖြစ်သည့် ပေါက်ကုန်းကျေးရွာတွင် ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်၊ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ MPRL E&P ရေနံမြေ လက်ထောက်မန်နေဂျာ ဦးမျိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ သင်တန်းမှူးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

မင်းဘူးမြို့နယ်နှင့် ဒေသထွက် ဝါးအရင်းအမြစ်ကို အသုံးပြု၍ ဒေသခံများ၏ နေ့စဉ် လူမှုဘဝအတွက် ဝင်ငွေတိုးတက်စေသည့် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ ဝါးရက်လုပ်သည့် မိရိုးဖလာလက်မှုအတတ်ပညာများ မတိမ်ကောဘဲ တိုးတက်ထိန်းသိမ်းနိုင်ရန်၊ ဝါးလက်မှုပစ္စည်းများကို ဈေးကွက်ဝင် ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ဝါးအခြေခံလက်မှုပညာသင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်သည်။ အဆိုပါ သင်တန်းကို ဩဂုတ် ၁၆ ရက်မှ ၂၃ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး ဒေသခံ သင်တန်းသား ၁၇ ဦး တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။



MPRL E&P သည် CSR လုပ်ငန်း၏ အခန်းကဏ္ဍ တစ်ခုအနေဖြင့် ဒေသခံများအတွက် အသက်မွေးဝမ်းကျောင်း အတတ်ပညာ သင်တန်းများကို ပို့ချလျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အစပိုင်းတွင် အခြေခံ သံဂဟေဆက်အတတ်ပညာသင်တန်းကို မန်းရေနံမြေဒေသခံများအတွက် ပို့ချခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

စားသုံးသူတွေရဲ့နစ်နာမှုတွေကို တိုင်ကြားနိုင်ဖို့အတွက်လည်း လက်ခံဆောင်ရွက်ရေးစင်တာတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ခရိုင်၊ မြို့နယ်အဆင့်တွေအထိ ဖွဲ့စည်းထားတဲ့အတွက် စင်တာတွေကနေတစ်ဆင့် စားသုံးသူတွေရဲ့လာရောက်တိုင်ကြားမှုတွေကို ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးမူဝါဒကို ခိုင်ခိုင်မာမာချမှတ်နိုင်ဖို့အတွက် အမျိုးသားစားသုံးသူအကာအကွယ်ပေးရေး အစီအမံကိုလည်း ပြည်တွင်း ပြည်ပ ပညာရှင်တွေနဲ့ ရေးဆွဲနေခဲ့တာ အခုဆိုရင် အတိုင်းအတာတစ်ခုအထိ ပြီးစီးနေပြီဖြစ်ပါတယ်။ နောက်ခြောက်လလောက်အတွင်းမှာပဲ အစီအစဉ်တွေကို ပြည်သူကို ချပြနိုင်မှာဖြစ်ပါတယ်။

### စားသုံးသူအပိုင်းက ယုံကြည်မှုမြင့်မားစေဖို့အရေးကြီး

**ကုန်စည်တွေအပေါ် မြန်မာဘာသာနဲ့ တင်ပြရမယ်ဆိုတဲ့ကိစ္စနဲ့ ပတ်သက်လာရင် မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်သလို အာဆီယံစားသုံးသူအကာအကွယ်ပေးရေးကော်မတီ (ACC) မှာလည်း ပါဝင်ထားပါတယ်။ ပြီးခဲ့တဲ့ (၁၆) ကြိမ်မြောက် အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ်နဲ့ ရန်ကုန်မြို့မှာ လက်ခံကျင်းပနိုင်ခဲ့ပါတယ်။ အာဆီယံအသိုက်အဝန်းအတွင်းမှာ နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုတွေ ဆောင်ရွက်တာနဲ့ ပတ်သက်ပြီး စားသုံးသူအပိုင်းက ယုံကြည်မှုမြင့်မားစေဖို့အရေးကြီးပါတယ်။**

မကြာမီ ချမှတ်တော့မယ့် မူဘောင်နဲ့အညီ တင်သွင်း တင်ပို့တဲ့ ကုန်ပစ္စည်းတွေအပေါ်မှာ စားသုံးသူယုံကြည်မှုမြင့်မားစေဖို့အတွက် ကျွန်တော်တို့က အသိပညာပေးတာတွေ ဆောင်ရွက်ဖို့ လိုအပ်သလို စားသုံးသူ ပြည်သူလူထုတွေအတွက် လူတန်းစားမရွေး သုံးစွဲနိုင်ဖို့၊ အလွယ်တကူသိရှိနိုင်ဖို့နဲ့ လိမ်လည်လှည့်ဖြားမှုမခံရစေဖို့ ရည်ရွယ်ပါတယ်။

စားသုံးသူတွေရဲ့ ကျန်းမာရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်လည်း သတင်းအချက်အလက်တွေကို မှန်မှန်ကန်ကန် သိရှိထားဖို့ လိုအပ်ပါတယ်။ လက်ရှိ စားသုံးသူ ကာကွယ်ရေးဥပဒေမှာလည်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်တွေကို ထုတ်လုပ်ခြင်းနဲ့ ကုန်သွယ်ခြင်းပြုလုပ်တဲ့အခါမှာ ကုန်စည်ပေါ်တွင် သုံးစွဲမှုနဲ့ ပတ်သက်လို့ သတင်းအချက်အလက်ကို မြန်မာဘာသာနဲ့ဖြစ်စေ၊ မြန်မာဘာသာနဲ့ အခြားဘာသာတစ်ခုခု တွဲလျက်ဖြစ်စေ ဖော်ပြရမယ်လို့ ဖော်ပြထားပါတယ်။ ဗဟိုကော်မတီကနေ အမိန့်ကြော်ငြာစာထုတ်ပြန်တဲ့အချိန်ကစပြီး ဒါကို လိုက်ပါဆောင်ရွက်ကြရမယ်ဆိုတဲ့ လျာထားချက်ရှိပါတယ်။

### ယှဉ်ပြိုင်လာမှု မြင့်တက်လာနိုင်

ဒီလိုပြဋ္ဌာန်းခြင်းအားဖြင့် ပြည်တွင်းအသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းရှင် SMEs လုပ်ငန်းတွေအတွက်လည်း ယှဉ်ပြိုင်လာမှု မြင့်တက်လာနိုင်သလို နိုင်ငံတကာအလေ့အကျင့်တွေကိုလည်း သိရှိပြီး အရည်အသွေး ပိုမိုကောင်းမွန်လာစေဖို့ အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ကုန်စည်ပေါ်မှာ သုံးစွဲမှုနဲ့ပတ်သက်လို့ မြန်မာဘာသာနဲ့ ဖော်ပြဖို့အတွက် မကြာမီစတင်တော့မှာဖြစ်ပါတယ်။

**အစီအစဉ်မှူး** ။ ။ မကြာသေးမီက ပြည်သူ့လွှတ်တော်မှာ ကျွဲ၊ နွား တိရစ္ဆာန်တွေ တင်ပို့မှု ပိတ်ပင်ရန်ဆိုပြီး အဆိုကို မှတ်တမ်းနဲ့ စောင့်ကြည့်ဖို့ ဆုံးဖြတ်ထားတယ်လို့ သိရပါတယ်။ ကျွဲ၊ နွားတင်ပို့မှုတွေဟာ တောင်သူတွေအတွက် အကျိုး ရှိ မရှိ သုံးသပ်ဆွေးနွေးပေးစေလိုပါတယ်ခင်ဗျာ။

**လုပ်ငန်းရှင် ဦးအောင်နိုင်ဦး** ။ ။ ကျွန်တော်က တောင်သူတစ်ပိုင်း၊ မွေးမြူရေးတစ်ပိုင်း ဆောင်ရွက်နေတဲ့သူဖြစ်ပါတယ်။ ကျွဲ၊ နွားတင်ပို့မှု ဖြစ်ပေါ်လာရတဲ့အပိုင်းကို စတင်ပြောကြားလိုပါတယ်။ ဒီလိုတင်ပို့မှုဟာ တောင်သူရဲ့ လိုအပ်ချက်၊ မွေးမြူရေးသမားတွေရဲ့လိုအပ်ချက်ကြောင့် ဖြစ်လာခဲ့တာပါ။ ကျွန်တော်တို့လို တောင်သူတွေအတွက် ခိုင်းကျွဲ၊ ခိုင်းနွားတွေ လိုအပ်သလို ပိုလျှံတာရှိလာတဲ့အခါမှာလည်း ရောင်းချလိုကြပါတယ်။ ဒီအတွက် ဈေးကွက်တစ်ခု လုပ်ဆောင်လိုပါတယ်။

### ဈေးကလည်း အဆမတန်နှိမ်ခြင်းကို ခံနေခဲ့ကြရ

**အဲဒီအချိန်မှာ ရောင်းချင်လာမှ ဝယ်သူမျှော်ရတဲ့အခြေအနေ ရောက်လာပါတယ်။ နွားဝယ်သူမရှိလို့လားဆိုတော့ မဟုတ်ပါဘူး။ မှောင်ခိုဈေးကွက်ကြီးရှိပါတယ်။ တရားဝင်တင်ပို့ခွင့်မရှိခဲ့တဲ့အတွက် ဈေးကလည်း အဆမတန်နှိမ်ခြင်းကို ခံနေခဲ့ကြရပါတယ်။ ပြည်ပကို တရားမဝင်တင်ပို့ခဲ့ကြတဲ့သူတွေကလည်း လမ်းခရီးအဆင့်ဆင့် ကုန်ကျစရိတ်တွေများတာကြောင့် တောင်သူတွေ နွားရောင်းရင် ရတဲ့ဈေးက အတော်လေးကို နိမ့်ကျတဲ့ ဈေးမျိုးသာရရှိပါတယ်။ နယ်စပ်မှာတော့ အရောင်းအဝယ်ရှိပါတယ်။**

ကျွန်တော်ကတော့ တောင်သူအလုပ်ကိုလုပ်ကိုင်ရင်း တစ်ဖက်မှာလည်း နွားမွေးမြူရေးကို စတင်လုပ်ကိုင်တော့ အနီးပတ်ဝန်းကျင်က ကျွန်တော့်ဆီမှာ နွားလာရောင်းကြတယ်။ နွားမွေးလာတာ ခုနစ်နှစ်ရှိနေပါပြီ။ စမွေးတုန်းက အကောင် ၅၀ လောက်နဲ့ စတင်ခဲ့တာပါ။ အခုတော့ အကောင် ၆၀၀ နီးပါးရှိလာပြီ။ ကျွန်တော့်ရည်ရွယ်ချက်က မျိုးကောင်း မျိုးသန့်တွေစုစည်းပြီး တောင်သူတွေကို ဖြန့်မယ်။ နောက်ရည်ရွယ်ချက်က မျိုးကောင်း မျိုးသန့်တွေကို အဆမတန်တဲ့ဈေးနဲ့ မှောင်ခိုတင်ပို့ရောင်းချတာကိုလည်း ကာကွယ်လိုပါတယ်။ ဒါပေမယ့် ဈေးကွက်က မကောင်းတဲ့အခါ ကျွန်တော်ထပ်ပြီး မမွေးနိုင်တော့တဲ့ အနေအထားဖြစ်လာပါတယ်။ နွားဝယ်သူကို ကြည့်မျှော်ကြရတဲ့ တောင်သူတွေကိုကြည့်ပြီး အားနာပေမယ့် ကိုယ်တိုင်လည်း မဝယ်နိုင်တော့တဲ့ အနေအထားကို ရောက်တာပါ။

### ကျွဲ၊ နွားဈေးကွက် သိသိသာသာ သွက်လက်လာ

ဒါကြောင့် နိုင်ငံတော်ကို တင်ပြခဲ့ပြီး ပြည်တွင်း ပြည်ပ လွတ်လပ်စွာနဲ့ တင်ပို့သယ်ယူရောင်းချခွင့်ကို ခွင့်ပြုပေးနိုင်ဖို့အတွက် ၂၀၁၇ ဇူလိုင်လမှာ ဝန်ကြီးဌာနကို တင်ပြခဲ့ပါတယ်။ ၂၀၁၇ စက်တင်ဘာလမှာတော့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာနဲ့ တင်ပို့ခွင့်ရရှိခဲ့ပါတယ်။ အဲဒီကစပြီး ကျွဲ၊ နွားတင်ပို့သူ၊ မွေးမြူသူ လုပ်ငန်းရှင်တွေလည်း ထွက်ပေါ်လာခဲ့ပါတယ်။ ကျွန်တော်တို့ဟာ မွေးမြူရေးဌာနတွေနဲ့ ပူးပေါင်းပြီး ကျန်းမာရေးစစ်ဆေးမှုတွေနဲ့ စနစ်တကျတင်ပို့ခွင့်ရဖို့ကြိုးစားကြပြီး နောက်ပိုင်းမှာ ကျွဲ၊ နွားဈေးကွက်ဟာလည်း သိသိသာသာကို သွက်လက်လာပါတယ်။

အရင်က ခွင့်ပြုချက်မပေးခင်မှာ နွားတစ်ကောင်ရဲ့ နိုင်ငံခြား တင်ပို့ခံရတဲ့ဈေးဟာ ငွေကျပ် ၇ သိန်းကနေ ၁၃ သိန်းအထိ ရရှိခဲ့ရာကနေ လွတ်လပ်စွာတင်ပို့ခွင့်ပြုပြီးချိန်မှာ ငွေကျပ် ၁၂ သိန်းကနေ ၁၈ သိန်းလောက်အထိ မြင့်တက်လာခဲ့ပါတယ်။ တောင်သူတွေဟာလည်း နွားမွေးမြူရေးကိုပါ စိုက်ပျိုးရေးနဲ့ ပူးတွဲလုပ်ကိုင်ဖို့ စိတ်အားထက်သန်လာကြပါတယ်။ ခိုင်းနွားဆိုတာကလည်း လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်လို့သာ မွေးမြူကြတာပါ။ ရောင်းတယ်ဆိုတာကလည်း ကိုယ့်စိုက်ပျိုးရေးလုပ်ငန်းအတွက်ထားပြီး ပိုလျှံတဲ့ ကျွဲ၊ နွားကိုသာ ရောင်းချတာဖြစ်ပါတယ်။

### လွတ်လပ်စွာ တင်ပို့ရောင်းချနိုင်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရဲ့တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းကြိုတင်ခန့်မှန်းချက်အရ ခိုင်းကျွဲ၊ ခိုင်းနွား ကောင်ရေ (၁၁ ဒသမ ၅) သန်း ရှိတယ်လို့ သိရပါတယ်။ အဲဒီကောင်ရေထဲက ပြည်တွင်းစားသုံးခြင်း၊ သေဆုံးခြင်းမပါ နှစ်စဉ် ပိုလျှံ ခိုင်းကျွဲ၊ ခိုင်းနွားကောင်ရေ ၇ သိန်းခန့်ရှိတယ်လို့လည်း သိရပါတယ်။ အခုကတော့ နွားမွေးမြူရေးဟာ တစ်နိုင်တစ်ပိုင် မွေးမြူရေးဖြစ်ပြီး အရင်ကလို ဈေးနှိမ်ခံရပြီးမှ ရောင်းချရတာထက် လွတ်လပ်စွာ တင်ပို့ရောင်းချနိုင်တဲ့အတွက် တရားဝင်ကျွဲ၊ နွား ဈေးကွက်က ပြန်ပြီးရှင်သန်လာတာကို မြင်တွေ့ရပါတယ်။

### တစ်နိုင်တစ်ပိုင်မွေးမြူသင့်

ဒီလိုတရားဝင်လမ်းကြောင်းနဲ့ တင်ပို့ရောင်းချရတဲ့အတွက် နိုင်ငံတော်အတွက်လည်း ထိုက်သင့်တဲ့ ဝင်ငွေရရှိပြီး မွေးမြူရေးလုပ်ငန်းရှင်တွေအတွက်လည်း ကောင်းမွန်တဲ့ ဝင်ငွေလမ်းကြောင်းတစ်ခု ဖြစ်လာပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အားထားရတဲ့နိုင်ငံဖြစ်တဲ့အတွက် ဒေသတိုင်းမှာ စိုက်ပျိုးရေးအပြင် မွေးမြူရေးကိုပါ ပူးတွဲလုပ်ဆောင်ခြင်းဖြင့် ပိုလျှံတဲ့ ဈေးမရတဲ့ စွန့်ပစ်သီးနှံတွေဟာ ကျွဲ၊ နွားတွေရဲ့အစာဖြစ်လာနိုင်ပြီး ကျွဲ၊ နွားတွေရဲ့ စွန့်ပစ်ပစ္စည်းဟာလည်း သီးနှံတွေအတွက် သဘာဝမြေသြဇာတွေ ဖြစ်လာနိုင်တဲ့အတွက် အပြန်အလှန်အကျိုးပြုနိုင်ပါတယ်။ ဒါကြောင့် တစ်နိုင်တစ်ပိုင်မွေးမြူသင့်ပါတယ်။

**ဒါတင်မကသေးပါဘူး။ အစုအဖွဲ့တွေက စုပေါင်းမွေးမြူကြခြင်းဖြင့်လည်း မွေးမြူရေးလုပ်ငန်းကြီးအဖြစ် ဆောင်ရွက်နိုင်မယ်လို့ထင်ပါတယ်။ ကျွဲ၊ နွား တင်ပို့ခွင့်ရရှိတယ်ဆိုတာက တောင်သူတွေရဲ့ လိုအပ်ချက်ကြောင့် ပေါ်ထွက်လာတာဖြစ်ပြီး တရားဝင်တင်ပို့ခွင့်မရှိချိန်က မွေးမြူသူမရှိသလောက် နည်းပါးပါတယ်။ ဒီလိုသာ ပြည်ပကို တရားဝင်တင်ပို့ခွင့်တွေ ရှိလာပြီဆိုရင် မွေးမြူရေးကဏ္ဍဟာလည်း ရှင်သန်လာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။**

*(ဆက်လက်ဖော်ပြပါမည်)*

# အိန္ဒိယနိုင်ငံ၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ တပ်မတော်အဖွဲ့ နယ်လှည့်ဆေးကုသ

**ရိခေါဒါရ်  ဩဂုတ် ၁၆**

၂၀၁၈ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ကျရောက်သည့် အိန္ဒိယနိုင်ငံ၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မီဇိုရမ် ပြည်နယ် ကျမ်ဖိုင်းခရိုင် ဇိုခေါထာရ်ကျေးရွာ မြန်မာ-အိန္ဒိယ နယ်စပ်တံတား (အိန္ဒိယဘက်)၌ ယမန်နေ့ နံနက် ၁၁ နာရီက ပြုလုပ်သည်။

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့အခမ်းအနားသို့ အိန္ဒိယနိုင်ငံ အာသံရိုင်ဖယ်တပ်မှ တပ်ဗျူဟာမှူး ဗိုလ်မှူးချုပ် M.S Mokha ၏ ဖိတ်ကြားချက်အရ ကလေးတပ်နယ်မှ ဗိုလ်မှူးကြီး ရဲကျော်ကျော်နှင့် ဟားခါးတပ်နယ်မှ ဗိုလ်မှူးကြီး နေမျိုးဇော် တို့က တက်ရောက်အားပေးသည်။

လွတ်လပ်ရေးနေ့အခမ်းအနားတွင် နှစ်နိုင်ငံ နိုင်ငံတော် သီချင်းများဖြင့် အိန္ဒိယနိုင်ငံဘက် ကျောင်းသား ကျောင်းသူများ နှင့် မြန်မာနိုင်ငံဘက်မှ အထက(ခွဲ)တီအိုချောင်း ကျောင်းသား ကျောင်းသူများက သီဆိုတင်ဆက်ကြသည်။ ထို့နောက် ကလေး တပ်နယ်မှ ဗိုလ်မှူးကြီး ရဲကျော်ကျော်နှင့် အာသံရိုင်ဖယ်တပ်၊ တပ်ဗျူဟာမှူး ဗိုလ်မှူးချုပ် M.S Mokha တို့က အမှာစကား ပြောကြားကြပြီး မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ဒေသခံပြည်သူများနှင့် နှစ်နိုင်ငံတပ်မတော်များမှ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြကာ ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသော အားဖြင့် ကျန်းမာရေးဆေးကုသခြင်းကို ဆက်လက်ဆောင်ရွက် ခဲ့ရာ ရိခေါဒါရ်မြို့တိုက်နယ်ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာ စန်းမာနှင့် သူနာပြုဆရာမများ၊ မြန်မာ့တပ်မတော်မှ ဆေးတပ်ဖွဲ့ အရာရှိ နှစ်ဦး၊ အိန္ဒိယနိုင်ငံ အာသံရိုင်ဖယ်တပ်ဖွဲ့မှ ဆေးတပ်ဖွဲ့ အရာရှိသုံးဦးတို့က ရိခေါဒါရ်မြို့နှင့် ဇိုခေါထာရ် ကျေးရွာပြည်သူလူထု များ၏ ကျန်းမာရေးအခြေအနေ စစ်ဆေးခြင်း၊ ဆေးဝါးကုသခြင်း များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ပန်းဆိုးတန်း-ဒလ ချယ်ရီကူးတို့ရေယာဉ်ပေါ်တွင် ဈေးရောင်းချမှုအား တားမြစ်ခြင်းနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန် ပန်းဆိုးတန်းနှင့် ဒလဆိပ်ကမ်း တို့သို့ ပြေးဆွဲလျက်ရှိသော ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ် ဌာနခွဲလက်အောက်ရှိ ချယ်ရီကူးတို့ ရေယာဉ်များတွင် ဈေးသည်များ လိုက်ပါ ရောင်းချမှုအား တားမြစ်ဆောင်ရွက်ခြင်း လုပ်ငန်းများ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒလ ဆိပ်ကမ်း ချယ်ရီ(၂)ကူးတို့ရေယာဉ်ပေါ်၌ ပြုလုပ်သည်။



ပန်းဆိုးတန်း-ဒလ ပြေးဆွဲနေသော ချယ်ရီကူးတို့ ရေယာဉ်ကို တွေ့ရစဉ်။

အဆိုပါရှင်းလင်းပွဲတွင် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး သယ်ယူ ပို့ဆောင်ရေးဌာနခွဲ ဒုတိယအထွေထွေ မန်နေဂျာ ဦးဝင်းကိုအောင်က ပန်းဆိုး တန်း-ဒလ ကူးတို့ရေယာဉ်များဖြစ်သော ချယ်ရီရေယာဉ်များနှင့် ဆိပ်ခံတံတား များပေါ်တွင် ဈေးသည်များလိုက်ပါ ရောင်းချမှုအား တားမြစ်ဆောင်ရွက်ခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြား ခဲ့သည်။

"အရင်ကလည်း ဈေးသည်တွေကို ရောင်းချခွင့် မပြုခဲ့ပါဘူး။ လက်ပွေ့ ဈေးသည်တွေအနေနဲ့ ဆိပ်ခံတံတားပေါ် မှာလည်း ရောင်းချခွင့် မရှိပါဘူး။ ရောင်းနေတာကို ဈေးကောက်ပုံစံမျိုး ကောက်တာလည်း မရှိဘူး။ ပြည်သူလူထု အနေနဲ့လည်း သင်္ဘောပေါ်နဲ့ ဆိပ်ခံပေါ်မှာ ရှိတဲ့ ဈေးသည်တွေဆီက ဈေးမဝယ်ရင် ကျွန်တော်တို့ကိုကူညီတာပါပဲ"ဟု ဒုတိယ အထွေထွေမန်နေဂျာ ဦးဝင်းကိုအောင်က ပြောကြားသည်။

ချယ်ရီသင်္ဘောများပေါ်နှင့် ဆိပ်ခံ တံတားပေါ်တွင် ဈေးရောင်းချမှုမရှိစေရေး အတွက် ဩဂုတ် ၁၄ ရက်မှ စတင်ရှင်းလင်း ဖယ်ရှားလျက်ရှိကြောင်း သိရသည်။ ထိုသို့ ဈေးရောင်းချမှုများကို ၂၀၁၃ ခုနှစ်က လည်း ရှင်းလင်းဖယ်ရှားခဲ့ဖူးကြောင်း သိရသည်။ ယခုအခါ ဈေးသည်များ ရှင်းလင်းခြင်းကို ပညာပေးကာလအဖြစ် သီတင်းနှစ်ပတ်ခန့် ဆောင်ရွက်မည် ဖြစ်ပြီး ယင်းအချိန် သတ်မှတ်ချက်ကျော် လွန်ပါက စည်ပင်သာယာဥပဒေနှင့် အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စာနယ်ဇင်းရှင်းလင်းပွဲသို့ တက် ရောက်လာသည့် အသေးစားလူသုံးကုန် ပစ္စည်းများရောင်းချပြီး သုဝဏ္ဏမြို့နယ် တွင် နေထိုင်သည့် ဒေါ်အေးအေးခိုင်က "အန်တီတို့ စည်းလေးကမ်းလေးနဲ့ ရောင်းချင်ပါတယ်။ လက်ခံပေးစေချင် တယ်။ ဒီ့အပြင်နေရာမှာဆို အန်တီတို့ မဖြစ်နိုင်ပါဘူး။ စားဝတ်နေရေး မပြေလည် နိုင်ပါဘူး။ အန်တီတို့က တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ လက်လုပ်လက်စား တွေပါ။ အရင်းအနှီးလည်း အများကြီး မရှိပါဘူး"ဟု ပြောကြားသည်။

ချယ်ရီကူးတို့ သင်္ဘောများသည် တစ်နေ့လျှင် နှစ်စင်းနှုန်းဖြင့် နံနက် ၅ နာရီမှ ည ၉ နာရီအထိ နေ့စဉ်ပြေးဆွဲ ပေးလျက်ရှိပြီး တစ်နေ့လျှင် ခေါက်ရေ ၄၆ ခေါက်တွင် ခရီးသည် သုံးသောင်း နီးပါး လိုက်ပါစီးနင်းလျက်ရှိကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ရေတာရှည်မြို့နယ်၌ ရေကြီးပြီးနောက် မိုးစပါးစိုက်ခင်းများ၌ ကြွက်များဖျက်ဆီးမှုရှိနေ

**ရေတာရှည် ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကုန်းကျသည့် ဒေသအနှံ့အပြားရှိ မိုးစပါး စိုက်ခင်းများ လယ်ကွက်များ ကိုက်ဖြတ် မှုနှင့် ကြုံတွေ့လျက်ရှိကာ ကြွက်ထောင် ဖမ်းသော မုဆိုးများအနေဖြင့် နေ့စဉ် ရာနှင့်ချီကာ ရရှိနေကြောင်း သိရသည်။

"အနိမ့်ပိုင်းလယ်တွေ ရေမြုပ်တော့ ကြွက်တွေက ကုန်းကျတဲ့လယ်ကွက်တွေ ဘက်ကို ရောက်လာတာ။ စပါးပင်တွေ အကိုက်ခံရတာကတော့ အလွန်ဆိုးဆိုး ရွားရွားမဟုတ်ပေမယ့် ပျက်စီးမှုတွေ ရှိတယ်။ ခုချိန်မှာက လယ်ပျက်တွေကို ပြန်ဖာထေးရတာအပြင် ကြွက်ကိုက်တဲ့ နေရာတွေကိုလည်း ပြန်ဖာထေးစိုက်ရတာ ရှိတယ်။ ကြွက်တွင်းတွေကိုပါ ပေါက်တူးနဲ့ ခုတ်ခွဲ မှုရတာ"ဟု ဆွာမင်းလမ်းကျေးရွာ အုပ်စု တံတားကြီးကျေးရွာနေ တောင်သူ တစ်ဦးက ပြောသည်။

တောင်သူများ မိုးစပါးစိုက်ပျိုးသည့် လယ်မြေများနှင့် ဆက်စပ်သည့် တောတန်း၊ ချုံပုတ်၊ ကိုင်းပင်တောများကို ရှင်းလင်းအောင် မလုပ်နိုင်သည့်အတွက် မြေကြွက်များ ခိုအောင်းရန် နေရာ ကောင်းများဖြစ်နေပြီး အနီးရှိ စပါးစိုက် ခင်းများသည် ကြွက်များအတွက် အသိုက် ပြုလုပ်ရန်နှင့် အစာရေစာအတွက် ကိုက်ဖျက်မှုများခံနေကြရခြင်း ဖြစ်သည်။

"ကျွန်တော်တို့ကတော့ နေရာအနှံ့ ကြွက်လိုက်ထောင်တာ၊ ကျွန်တော်တို့ ရွာအနီးနားမှာတင် ရှာတဲ့သူက ၁၀ ဦး လောက်ရှိတော့ တစ်ရက်ကို အကောင် ရေ ရာကျော်မိပါတယ်"ဟု ရေနီး ကျေးရွာမှ ကြွက်ဖမ်းသမားတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# ရေနံချောင်းမြို့နယ်၌ ရေဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အခြေခံပညာကျောင်း ကိုးကျောင်း ယာယီပိတ်ထားရ

**ရေနံချောင်း ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့၌ ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် အခြေခံ ပညာကျောင်း ကိုးကျောင်းအား ယာယီပိတ်ထားရကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ကျောင်းဝင်းနှင့် စာသင်ခန်းမဆောင်အတွင်းသို့ ရေဝင်သဖြင့် ပညာသင်ကြား နေသော ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေး ပိတ်ထား ပေးခြင်းဖြစ်ကြောင်းနှင့် အဆိုပါကျောင်းပိတ်ရက်များကို အဖိတ်နေ့များတွင် ရေကျ ချိန်၌ အစားထိုး၍ ပြန်လည်လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာ ရေးမှူးရုံးမှ သိရသည်။

ရေဝတီမြစ်ရေဝင်မှုကြောင့် ရေနံချောင်းမြို့နယ်အတွင်းရှိ မာန်မြေကျေးရွာ (မြောက်) အခြေခံပညာမူလတန်းကျောင်း၊ မာန်မြေကျေးရွာ(ရှေ့) အခြေခံပညာ မူလတန်းကျောင်း၊ မာန်မြေကျေးရွာ၊ ထနောင်းကုန်းကျေးရွာ၊ မိန်းမလှကျွန်းကျေးရွာ တို့နှင့် ကျမ်းကိုင်ကျွန်းကျေးရွာ၊ ကံသာကျွန်းကျေးရွာ၊ ရှားတောရွှေပေါ်ကျေးရွာနှင့် ဝက်လွတ်ကျေးရွာအုပ်စု လမ်းကူးကျေးရွာတို့ရှိ စုစုပေါင်း အခြေခံပညာကျောင်း ကိုးကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

**ကိုစိုးကြီး**

## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကပ္ပလီပင်လယ် ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော် တို့တွင် မုတ်သုံလေ အားအသင့် အတင့်ရှိနေသည်။ **မိုး/ဇလ**

# ညောင်ဦးမြို့၌ ရေဝတီမြစ်ရေ ပြန်လည်ကျဆင်း

**ညောင်ဦး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့တွင် ဩဂုတ် ၈ ရက် နံနက်ပိုင်းက ရေဝတီ မြစ်ရေ မြင့်တက်လာမှုကြောင့် ရေဝတီမြစ်ကမ်းဘေး မြေနိမ့်ပိုင်း ရပ်ကွက်အချို့တွင် မြစ်ရေဝင်မှုများ ဖြစ်ပွားခဲ့ပြီး အဆိုပါရေဝတီမြစ်ရေမှာ ယနေ့ မွန်းတည့် ၁၂ နာရီခွဲ တိုင်းထွာချက် အရ ၂၀၁၉ စင်တီမီတာသို့ ရောက်ရှိ နေပြီး ပြန်လည်ကျဆင်းသွားကြောင်း ညောင်ဦးမြို့နယ် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနရုံးမှ သိရသည်။

ညောင်ဦးမြို့၌ ဩဂုတ် ၈ ရက်က ရေဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရေဝတီမြစ်ကမ်းဘေး မြေနိမ့်ပိုင်း ရပ်ကွက်များဖြစ်သည့် ဆန်တန်းရပ်ကွက်၊ ရုံးညောင်ပင်ရပ်ကွက်၊ မကျီးတော ရပ်ကွက်၊ မှန်ချိုရပ်ကွက်၊ ရေနံစုရပ်ကွက်၊ ရေဝင်ရပ်ကွက်နှင့် သာယာဝတီရပ်ကွက် တို့တွင် ရေများဝင်ခဲ့ပြီး ရပ်ကွက်နေ ပြည်သူများအနေဖြင့် ရေလွတ်ရာရှိ ဆွေမျိုးများနေအိမ်တွင် ယာယီပြောင်းရွှေ့ နေထိုင်ခဲ့ရကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ထူးကဲဒီရေကြောင့် ရေဘေးခံစားရသည့် ဇီးကုန်းကျေးရွာသို့ ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်း

**ချောင်းဆုံ ဩဂုတ် ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် လွန်ခဲ့သည့် သုံးရက်က ပင်လယ်ဒီရေဝင်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသည့် ကျေးရွာနေ ပြည်သူများအား ရေမြင့်မိုရ် ဓမ္မနန္ဒီ ဆရာတော် ဦးဆောင်မှုဖြင့် ချောင်းဆုံ၊ ရွာလွတ်နှင့်(မော်လမြိုင်)လူမှုကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်းပြီး မြို့နယ်အတွင်း ကောက်ခံရရှိသည့် အလှူငွေများဖြင့် ဩဂုတ် ၁၅ ရက်က ဇီးကုန်းကျေးရွာရှိ နေအိမ် ၂၃ လုံးအတွက် ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ရာ တစ်အိမ်လျှင် ဆန်ခြောက်ပြည်၊ ဆီတစ်လီတာ၊ ခေါက်ဆွဲခြောက် ခြောက်ထုပ်၊ ငါးသေတ္တာလေးဘူးနှင့် သောက်ရေသန့်များစသည့် စားစရာပစ္စည်းနှင့် အဝတ်အထည်များ ထောက်ပံ့ပေးခဲ့ပြီး ရေဘေးသင့်၍ နေအိမ်ပျက်စီးသွားခဲ့သည့် အိမ်ခုနစ်လုံးမှ အိမ်ထောင်စုဝင်များကို တစ်အိမ်လျှင် ငွေကျပ် ငါးသောင်းစီ ထောက်ပံ့လှူဒါန်းခဲ့ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစ်ရေတက်မှုကြောင့် မသန့်ရှင်းသောရေများ သောက်ရေကန်နှင့် ရေတွင်းများအတွင်း စိမ့်ဝင်၍ အထက်လန်အောက်လျှော့ဖြစ်

**ကျိုက်မရော ဩဂုတ် ၁၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် အတ္တရံမြစ်ရေမြင့်တက်မှုကြောင့် ရပ်ကွက် အတွင်းရှိ ပြည်သူများ၏ သောက်ရေကန်နှင့် ရေတွင်းများအတွင်းသို့ မသန့်ရှင်းသော ရေဆိုးရေညစ်များ ဝင်လျက်ရှိကြောင်း သိရသည်။ အဆိုပါရေများကို မကျိုချက်ဘဲ သုံးစွဲသောက်သုံးမိသဖြင့် ရှင်စောပုရပ်ကွက် ကန်ပတ်လမ်းနေသူ မဇင်ဇင်ထွေးသည် ယနေ့ မွန်းလွဲပိုင်းက နေအိမ်တွင် အထက်လန်အောက်လျှော့ဖြစ်နေကြောင်း ကျိုက်မရောလူငယ်ပရဟိတသို့ ဆက်သွယ်လာသဖြင့် အရေးပေါ်လူနာအဖြစ် ကျိုက်မရောပြည်သူ့ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး ( ပြန်/ဆက်)**

# တနင်္သာရီ၌ မိုးအဆက်မပြတ်ရွာသွန်းနေ၍ တတိယအကြိမ် မြစ်ရေထပ်ကြီး ဖောင်ဆိပ်တံတားပေါ် မြစ်ရေကျော်နေ၍ မော်တော်ယာဉ်များ ရပ်တန့်ထားရ

**တနင်္သာရီ ဩဂုတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ယမန်နေ့ မွန်းလွဲပိုင်းမှစ၍ မိုးများအဆက်မပြတ် သည်းထန်စွာ ရွာသွန်းနေမှုကြောင့် တနင်္သာရီမြစ်ရေသည် ယနေ့ နံနက် ၁၁ နာရီတွင် တနင်္သာရီမြို့၏ အခြေခံပညာအထက်တန်းကျောင်းကို အခြေခံထားသော စိုးရိမ်ရေအမှတ် ၁၇ ပေ ထက် ကျော်လွန်ကာ ၁၈ ပေတိတိသို့ မြစ်ရေပြန်တိုးလာပြီး (တတိယအကြိမ်)အဖြစ် ရေထပ်ကြီးလာပြန်ရာ မြို့ပေါ်ရပ်ကွက်များဖြစ်သော ချောင်းကြီးရပ်ကွက် ရွှေလိပ်ပြာလမ်းတွင် အနက်တစ်ပေခွဲခန့်၊ ချောင်းငယ်ရပ်ကွက် (မွန်စု)သီတာလမ်း၌ အနက်နှစ်ပေခွဲခန့်အထိ မြစ်ရေပြန်ကျော်လျက်ရှိသည်။

ထို့အတူ လတ်တလောအခြေအနေ၌ တနင်္သာရီ-မောတောင်မြို့(ထိုင်းနယ်စပ်)သို့ သွားသည့်လမ်းပိုင်း သိန်ခွန်းကျေးရွာအုပ်စု သဲဖြူကျေးရွာနှင့် မောတောင် အမှတ်(၉)ဒေသ ရွာအကြားရှိ(ဒေသခေါ် ဖောင်ဆိပ်တံတား)ပေါ်တွင် ဖောင်ဆိပ်ချောင်းမြစ်ရေ နှစ်ပေခန့်အထိ ရေကျော်လျက်ရှိပြီး ရေစီးသန်သဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရတော့ဘဲ ရပ်တန့်ထားရကြောင်း မောတောင်အမှတ်(၉)ဒေသ ရာအိမ်မှူး ဦးအေးမင်းကို၏ ပြောပြချက်အရ သိရသည်။

မြိတ်-တနင်္သာရီ-မောတောင်သို့ နေ့စဉ်ပြေးဆွဲနေကြသည့် မော်တော်ယာဉ်လိုင်းများအနေဖြင့် အဆိုပါမြစ်ရေအခြေအနေကို စုံစမ်းပြီးမှ သွားလာကြစေလိုကြောင်း သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ပန်းတနော်၌ မြစ်ရေမြင့်တက်မှုကြောင့် စာသင်ကျောင်း ခြောက်ကျောင်း ယာယီပိတ်ထား

**ပန်းတနော် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် မိုးများသည်းထန်စွာရွာသွန်းပြီး မြစ်ရေမြင့်တက်လာမှုကြောင့် ယနေ့တွင် ပန်းတနော်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ ယာယီပိတ်ထားရကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေမြင့်တက်လာမှုကြောင့် ပန်းတနော်မြို့နယ်တွင် ဩဂုတ် ၁၃ ရက်မှ ၁၆ ရက်အထိ စာသင်ကျောင်း ခြောက်ကျောင်းအား ယာယီပိတ်ထားရသည်။ အဆိုပါ မြစ်ရေမြင့်တက်မှုကြောင့် ဆက်လက်ပိတ်ထားရသည့် စာသင်ကျောင်းများမှာ အမက(တူးချောင်း)၊ အမက (အောက်ဒေါင့်ကြီး)၊ အမက (သောင်ကဇင်းတော)၊ အမက(ပျဉ်တုံးကြီး)၊ အမက(ရုံးတောအိုဘို)နှင့် အမက(ကြခတ္တောအောက်စု) စာသင်ကျောင်း စုစုပေါင်း ခြောက်ကျောင်းကို ယာယီပိတ်ထားပြီး မြစ်ရေပြန်လည်ကျဆင်းလာပါက ယင်းကျောင်းပိတ်ရက်များအစား စနေ၊ တနင်္ဂနွေနှင့် အဖိတ်နေ့တိုင်း ပြန်လည်သင်ကြားပေးသွားမည်ဟု မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**



# အမာမြို့၌ ပင်လယ်ဒီရေနှင့် လှိုင်းရိုက်ခတ်မှုကြောင့် လူနေအိမ်များ ထပ်မံပြိုကျ

**အမာ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး အမာမြို့ရှိ ပင်လယ်ကမ်းခြေကျေးရွာများမှ လူနေတဲအိမ်များ ယမန်နေ့ ဒီရေတက်ချိန်တွင် ထပ်မံပြိုကျပျက်စီးခဲ့ရာ ပင်လယ်ဒီရေတက်နေသော ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ လေးရက်အတွင်း နေအိမ် ၁၄၃ လုံး ပြိုကျပျက်စီးခဲ့ပြီး ၁၄၄ လုံး ယိုင်နဲ့သွားကြောင်း သိရသည်။

ဩဂုတ် ၁၅ ရက် နံနက် ၁ နာရီ ၄၇ မိနစ်ခန့်က ဒေါ်ညိမ်းကျေးရွာအုပ်စု အောင်လှိုင်ကျေးရွာတွင် နေအိမ်သုံးလုံး၊ ဗန္ဓာပင်ကျေးရွာတွင် နေအိမ် ၂၄ လုံး၊ ဘဝသစ်ကျေးရွာအုပ်စု ဂေါ်ဒူကျေးရွာတွင် နေအိမ်သုံးလုံး စုစုပေါင်း နေအိမ်အလုံး ၃၀ ပြိုကျပျက်စီးခဲ့ရာ အဆိုပါနေအိမ်များမှ မိသားစုဝင် ၁၃၅ ဦးသည် နီးစပ်ရာဆွေမျိုးများအိမ်တွင် ယာယီနေထိုင်လျက်ရှိကြောင်း သိရသည်။

နေအိမ်များပျက်စီးခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း၊ ကျန်ရှိနေသေးသောနေအိမ်များအား ဘေးအန္တရာယ်လွတ်ကင်းရာသို့ အမြန်ဆုံးရွှေ့ပြောင်းကြရန် အသိပေးနှိုးဆော်ပေးနေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

**ဝင်းမြင့်အောင်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဆည်/တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ရှိသည့် ဆည်/တမံများအနက် အချို့သော ဆည်/တမံများမှာ မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်ပမာဏ ကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

ထိုကဲ့သို့ ရေပိုလွှဲမှ ရေကျော်ကျခြင်းကြောင့် တစ်စုံတစ်ရာ စိုးရိမ်စရာမရှိကြောင်းနှင့် ရေပိုလွှဲမှရေကျော်ကျခြင်းမှာ မူလဆည်/တမံများ၏ ရေသိုလှောင်မှုပမာဏ ပြည့်မီသွားခြင်းကြောင့် ပိုလျှံသောရေကို ရေပိုလွှဲမှတစ်ဆင့် မူလချောင်းထဲသို့ ပြန်လည်ထုတ်လွှတ်စီးဝင်စေခြင်းသာဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယနေ့တွင် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ဆည်/တမံ ၄၄ ခုရှိပြီး အဆိုပါ ဆည်ရေကန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

နေ့စွဲ - ၁၆ . ၈ . ၂၀၁၈
(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၈၄၇၄ | ၃၇.၂၀ | ၃၁၅၅၄ | ၀.၉၈ | (၁.၂၀)ပေ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | ရေကျော် |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဇားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၃၀ | ၁၉၁၆ | ၀.၄၆ | (၀.၅၀)ပေ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | ရေကျော် |
| ၃ | သီကီရ်ရေလှောင်တမံ | ဟားခါးခရိုင်/ | ၆၅ | ၁၃၆၅ | ၆၅.၂၀ | ၁၃၇၄ | ၀.၀၈ | (၀.၂၀)ပေ |
| | | ထန်တလန်မြို့ | ၁၅ | ၇၅ | | | | ရေကျော် |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၄ | မြောက်ယမားရေလှောင်တမံ | ယင်းမာပင်ခရိုင်/ | ၅၄ | ၁၄၀၅၇ | ၅၄.၁၀ | ၁၄၁၂၂ | - | (၀.၁၀)ပေ |
| | | ပုလဲမြို့ | ၂၉ | ၂၈၃၆ | | | | ရေကျော် |
| ၅ | ရာဇဂြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၇.၃၀ | ၅၄၁၈၅ | ၀.၄၇ | (၂.၃၀)ပေ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး (အရှေ့)** | | | | | | |
| ၆ | ပသိရေလှောင်တမံ | တောင်ငူခရိုင်/ | ၈၀ | ၃၀၅၀၀ | ၈၀.၆၀ | ၃၁၀၇၀ | ၀.၉၀ | (၀.၆၀)ပေ |
| | | တောင်ငူမြို့ | ၂၅.၆ | ၁၅၀၅ | | | | ရေကျော် |
| ၇ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၄၀ | ၂၃၉၀ | ၁.၀၀ | (၀.၄၀)ပေ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | ရေကျော် |
| ၈ | ငမြေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၃၀ | ၂၄၂၂ | ၀.၅၀ | (၀.၃၀)ပေ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | ရေကျော် |
| ၉ | ရဲနွယ်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၀၅ | ၉၃၁၈၀၀ | ၂၀၇.၅၅ | ၉၈၁၅၆၁ | ၀.၈၂ | (၂.၅၅)ပေ |
| | | ကျောက်တံခါးမြို့ | ၈၈.၂ | ၃၄၉၀၀ | | | | ရေကျော် |
| ၁၀ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၄.၂၀ | ၃၇၁၂၀ | ၁.၉၇ | (၁.၂၀)ပေ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | ရေကျော် |
| ၁၁ | ဖျူပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၁.၆၀ | ၁၁၆၈၅ | ၂.၀၀ | (၁.၆၀)ပေ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | ရေကျော် |
| ၁၂ | မဇင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၃.၃၀ | ၂၈၀၂၄ | ၀.၀၄ | (၁.၃၀)ပေ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | ရေကျော် |
| ၁၃ | ဇလက်ထော်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၁၂ | ၄၀.၇၀ | ၂၀၂၇၀ | ၀.၂၄ | (၁.၂၀)ပေ |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | ရေကျော် |
| ၁၄ | ရွှေပြည် (၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၈.၂၀ | ၃၈၀၀ | ၁.၆၀ | (၀.၂၀)ပေ |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး (အနောက်)** | | | | | | |
| ၁၅ | တောင်နဝင်းရေထိန်းတမံ | ပြည်ခရိုင်/ | ၃၆ | ၂၁၁၉၆ | ၃၆.၉၉ | ၂၄၃၅၂ | ၀.၂၈ | (၀.၉၉)ပေ |
| | | ပေါက်ခေါင်းမြို့ | ၂၉.၄၄ | ၁၀၅၄၉ | | | | ရေကျော် |
| ၁၆ | ဝဲကြီးရေလှောင်တမံ | ပြည်ခရိုင်/ | ၁၀၂ | ၂၅၂၀၀၀ | ၁၀၃.၃၀ | ၂၆၃၇၅၀ | - | (၁.၃၀)ပေ |
| | | ပေါင်းတည်မြို့ | ၇၀ | ၂၅၀၀၀ | | | | ရေကျော် |
| ၁၇ | ညောင်ကိုင်းရေလှောင်တမံ | ပြည်ခရိုင်/ | ၄၈ | ၁၇၅၉၄ | ၄၈.၆၀ | ၁၈၅၉၆ | - | (၀.၆၀)ပေ |
| | | ပန်းတောင်းမြို့ | ၂၆ | ၃၀၀၁ | | | | ရေကျော် |
| ၁၈ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၇.၀၀ | ၂၂၈၀၀၀ | ၀.၁၁ | (၂.၀၀)ပေ |
| | | နတ်တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | ရေကျော် |
| ၁၉ | ဘော်တင်ရေလှောင်တမံ (၂) (ဘော်တင်ချောင်း) | သာယာဝတီခရိုင်/ | ၁၀၀ | ၂၆၅၈၈ | ၁၀၁.၈၀ | ၂၈၃၅၂ | ၀.၂၆ | (၁.၈၀)ပေ |
| | | စီးကုန်းမြို့ | ၆၅ | ၅၈၄၂ | | | | ရေကျော် |
| ၂၀ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၆.၈၅ | ၅၇၆၀၀ | ၀.၂၀ | (၀.၈၅)ပေ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | ရေကျော် |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၂၁ | တောင်ခင်ရန်းရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၇၉ | ၁၁၇၂၆ | ၇၉.၅၀ | ၁၁၉၁၀ | ၁.၂၀ | (၀.၅၀)ပေ |
| | | ဂန့်ဂေါမြို့ | ၃၈ | ၁၆၂၄ | | | | ရေကျော် |
| ၂၂ | မြစ်သာရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၁၈၅ | ၃၇၇၆၀၀ | ၁၈၆.၃၀ | ၃၈၆၁၅၄ | ၀.၁၁ | (၁.၃၀)ပေ |
| | | ဂန့်ဂေါမြို့ | ၁၃၅ | ၁၅၂၉၁၅ | | | | ရေကျော် |
| ၂၃ | စလင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၂၀၃ | ၁၃၃၀၀၀ | ၂၀၃.၁၀ | ၁၃၃၂၆၁ | ၀.၀၅ | (၀.၁၀)ပေ |
| | | စလင်းမြို့ | ၉၃ | ၁၆၂၅၉ | | | | ရေကျော် |
| ၂၄ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၃.၄၀ | ၆၅၆၈၃၈ | ၀.၇၄ | (၃.၄၀)ပေ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | ရေကျော် |
| ၂၅ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၀.၉၀ | ၁၂၃၆၀၀ | ၀.၄၃ | (၀.၉၀)ပေ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | ရေကျော် |
| ၂၆ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၆.၉၀ | ၃၃၄၆၆၀ | ၁.၉၉ | (၃.၄၀)ပေ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | ရေကျော် |
| | | **မွန်ပြည်နယ်** | | | | | | |
| ၂၇ | ကတိုက်ရေလှောင်တမံ | သထုံခရိုင်/ | ၁၂၃ | ၅၄၀၉၂ | ၁၂၄.၀၀ | ၅၅၀၄၃ | ၂.၇၃ | (၁.၀၀)ပေ |
| | | ပေါင်မြို့ | ၂၆ | ၁၀၇၅ | | | | ရေကျော် |
| ၂၈ | ရွှေနတ်တောင် ရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၄.၉၀ | ၅၄၀၆ | ၂.၈၁ | (၀.၉၀)ပေ |
| | | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | ရေကျော် |
| ၂၉ | အဇင်းရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၈၂.၈ | ၁၅၄၂၇ | ၈၃.၃၀ | ၁၅၆၇၇ | ၃.၄၂ | (၀.၅၀)ပေ |
| | | မုဒုံမြို့ | ၂၅.၅ | ၁၂၆ | | | | ရေကျော် |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၃၀ | ကြိုးကြာကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀ | ၅၂၉ | ၄၀.၂၀ | ၅၃၃ | - | (၀.၂၀)ပေ |
| | | တောင်ကုတ်မြို့ | ၁၁ | ၇ | | | | ရေကျော် |
| ၃၁ | ရဟိုင်းကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀.၆ | ၆၂၅ | ၄၀.၉၀ | ၆၄၀ | - | (၀.၃၀)ပေ |
| | | ဂွမြို့ | ၁၃.၆၀ | ၄၇ | | | | ရေကျော် |
| ၃၂ | ဓိုးဖြူကုန်းရေလှောင်တမံ | သံတွဲခရိုင်/ | ၂၇ | ၄၃၀ | ၂၇.၂၀ | ၄၃၆ | - | (၀.၂၀)ပေ |
| | | သံတွဲမြို့ | ၆ | ၂၂ | | | | ရေကျော် |
| ၃၃ | ငပလီရေလှောင်တမံ | သံတွဲခရိုင်/ | ၄၄ | ၁၄၇၀ | ၄၄.၂၀ | ၁၄၈၄ | - | (၀.၂၀)ပေ |
| | | သံတွဲမြို့ | ၉ | ၇၀ | | | | ရေကျော် |
| ၃၄ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၂.၆၀ | ၁၄၇ | - | (၂.၆၀)ပေ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | ရေကျော် |
| ၃၅ | ရှောက်ချောင်း ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၇၀ | ၁၁၈၄ | - | (၀.၇၀)ပေ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | ရေကျော် |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၃၆ | မဟူရာ (ငမိုးရိပ်)ရေကူ ရေလှောင်တမံ | ရန်ကုန် (မြောက်ပိုင်း)ခရိုင်/ | ၉၀ | ၅၃၉၉၂ | ၉၀.၅၀ | ၅၄၉၄၃ | ၂.၅၀ | (၀.၅၀)ပေ |
| | | လှည်းကူးမြို့ | ၃၄ | ၂၅၀၀ | | | | ရေကျော် |
| ၃၇ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၃.၉၅ | ၁၉၄၄ | ၂.၀၀ | (၀.၉၅)ပေ |
| | | သန်လျင်မြို့ | ၂.၅၀ | ၁၅၀ | | | | ရေကျော် |
| ၃၈ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၃.၂၅ | ၆၂၅၄ | ၁.၁၈ | (၁.၂၅)ပေ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | ရေကျော် |
| | | **ရှမ်းပြည်နယ် (မြောက်ပိုင်း)** | | | | | | |
| ၃၉ | မုံးရင်ရေလှောင်တမံ | ကျောက်မဲခရိုင်/ | ၈၆ | ၂၅၉၀၀ | ၈၆.၅၀ | ၂၆၄၅၁ | - | (၀.၅၀)ပေ |
| | | နမ္မတူမြို့ | ၅၆ | ၅၃၈၅ | | | | ရေကျော် |
| ၄၀ | ကောက်ကွေ့ရေလှောင်တမံ | လားရှိုးခရိုင်/ | ၁၀၆ | ၅၀၃၄ | ၁၀၆.၂၀ | ၅၀၆၇ | - | (၀.၂၀)ပေ |
| | | လားရှိုးမြို့ | ၃၄ | ၂၀၇ | | | | ရေကျော် |
| ၄၁ | ဟူးမွန်ရေလှောင်တမံ | လားရှိုးခရိုင်/ | ၇၂ | ၂၀၂၅ | ၇၂.၆၀ | ၂၀၇၇ | - | (၀.၆၀)ပေ |
| | | လားရှိုးမြို့ | ၃၀ | ၁၈၀ | | | | ရေကျော် |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၄၂ | ကွန်ချောင်းရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၂၅ | ၉၈၄၀၀ | ၁၂၅.၅၀ | ၉၉၂၅၀ | ၀.၇၂ | (၀.၅၀)ပေ |
| | | ကြံခင်းမြို့ | ၄၈ | ၇၃၅၀ | | | | ရေကျော် |
| ၄၃ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၉.၈၀ | ၄၁၃၅၃ | ၀.၇၂ | (၁.၈၀)ပေ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | ရေကျော် |
| ၄၄ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၆.၁၀ | ၁၄၈၉၈၄ | ၁.၂၄ | (၂.၁၀) ပေ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | ရေကျော် |

# (၂၄) ကြိမ်မြောက် အာရှသက်ငယ်တန်း အသက် ၁၈ နှစ်အောက်နှင့် အသက် ၁၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

(၂၄)ကြိမ်မြောက် အာရှသက်ငယ်တန်း အသက် ၁၈ နှစ်အောက် (Junior) နှင့် အသက် ၁၅ နှစ်အောက် (Cadet) စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အာရှစားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ ပြိုင်ပွဲတာဝန်ခံ Mr. Afshin Baidee၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။




ထို့နောက် အသက် ၁၅ နှစ်အောက် (Cadet) အမျိုးသားပြိုင်ပွဲများ ယှဉ်ပြိုင်ရာတွင် ပြိုင်ပွဲများအပြီး တရုတ်အသင်းက ပထမ၊ ဂျပန်အသင်းက ဒုတိယ၊ ဟောင်ကောင်အသင်းနှင့် တရုတ်တိုင်ပေအသင်းတို့က ပူးတွဲတတိယဆုများကို ရရှိခဲ့ပြီး အဆိုပါဆုများအား Asian Table Tennis Union Advisors Mr. Chanက လည်းကောင်း၊(Cadet) အမျိုးသမီးပြိုင်ပွဲများ ယှဉ်ပြိုင်ရာတွင် ပြိုင်ပွဲများအပြီး တရုတ်အသင်းက ပထမ၊ ကိုရီးယားအသင်းက ဒုတိယ၊ ဂျပန်နှင့် တရုတ်တိုင်ပေအသင်းတို့က ပူးတွဲတတိယဆုများကိုရရှိခဲ့ပြီး အဆိုပါဆုများအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း၊ အသက် ၁၈ နှစ်အောက် အမျိုးသားပြိုင်ပွဲများ ယှဉ်ပြိုင်ရာတွင် ပြိုင်ပွဲများအပြီး တရုတ်အသင်းက ပထမ၊ အိန္ဒိယအသင်းက ဒုတိယ၊ ဂျပန်အသင်းနှင့် အီရန်အသင်းတို့က ပူးတွဲတတိယဆုများကို ရရှိခဲ့ပြီး အဆိုပါဆုများအား အာရှစားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ပြိုင်ပွဲတာဝန်ခံ Mr. Afshin Baidee က လည်းကောင်း၊ (Junior) အမျိုးသမီးပြိုင်ပွဲများ ယှဉ်ပြိုင်ရာတွင် ပြိုင်ပွဲများအပြီး တရုတ်အသင်းက ပထမ၊ ဂျပန်အသင်းက ဒုတိယ၊ ကိုရီးယားအသင်းနှင့် ဟောင်ကောင်အသင်းတို့က ပူးတွဲတတိယဆုများကို ရရှိခဲ့ပြီး အဆိုပါဆုများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ ယူ-၂၃ အသင်း အုပ်စုဒုတိယပွဲအဖြစ် ဆော်ဒီအသင်းနှင့် ယနေ့ကစားမည်



**မြန်မာ ယူ-၂၃ အသင်း ပထမပွဲတွင် မြောက်ကိုရီးယားဘက်သို့ ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။** ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု (စ) ဒုတိယပွဲအဖြစ် ဩဂုတ် ၁၇ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဆော်ဒီအာရေဗျအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် အဖွင့်ပွဲတွင် အာရှအင်အားကြီး မြောက်ကိုရီးယားအသင်းကို သရေကစားနိုင်သောကြောင့် နောက်တစ်ဆင့်တက်ခွင့် မျှော်လင့်ချက်ရှိလာပြီး လက်ကျန်နှစ်ပွဲတွင် ရလဒ်ကောင်းရရန် ကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသော်လည်း အဖွင့်ပွဲတွင် ကစားခဲ့သည့်ခြေစွမ်းနှင့် ရလဒ်အရ လက်ကျန်နှစ်ပွဲတွင် ပွဲချိန်ပြည့်အာရုံစူးစိုက်မှုအပြည့်ဖြင့် ကစားပါက ရလဒ်ကောင်း ထပ်မံရယူနိုင်ဖွယ်ရှိနေသည်။ မြန်မာအသင်းနှင့် ဆော်ဒီအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် တွေ့ဆုံခဲ့ဖူးခြင်းဖြစ်ပြီး မြန်မာအသင်းအနေဖြင့် ယခုပွဲတွင် ရလဒ်ကောင်းခဲ့ပါက နောက်တစ်ဆင့်တက်ရောက်နိုင်ရန် မျှော်လင့်ချက် ပိုကောင်းလာမည်ဖြစ်သည်။ အဆိုပါ အမျိုးသားဘောလုံးပြိုင်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရ အသင်းများအနက် အကောင်းဆုံးလေးသင်း၊ စုစုပေါင်း ၁၆ သင်းမှာ ရှုံးထွက်အဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းအနေဖြင့် အာရှအသင်းကြီးများကို ကျော်ဖြတ်နိုင်ရန် ခက်ခဲသော်လည်း အကောင်းဆုံးတတိယနေရာဖြင့် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိနေခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျအသင်းသည် ပထမပွဲတွင် အီရန်အသင်းနှင့် ဂိုးမရှိသရေကျခဲ့ပြီး ခြေစွမ်းပိုင်းအရ မြောက်ကိုရီးယားအသင်းနှင့် ကွာခြားဖွယ်မရှိပေ။ မြောက်ကိုရီးယားအသင်းနှင့်ပွဲတွင် လက်စွမ်းပြခဲ့သည့် ဂိုးသမား ကျော်ဇင်ထက်က "အကောင်းဆုံးရလဒ်ရရှိဖို့ ပွဲတိုင်းမှာ ကြိုးစားနေပါတယ်။ ဆော်ဒီနဲ့ပွဲမှာလည်း အကောင်းဆုံးရလဒ်ရရှိဖို့ ယှဉ်ပြိုင်ကစားမှာပါ။ မြောက်ကိုရီးယားနဲ့ပွဲလိုပဲ ခံစစ်ကို ဦးစားပေးပြီး တန်ပြန်တိုက်စစ်နဲ့ ယှဉ်ပြိုင်ကစားမှာပါ"ဟု ပြောကြားသည်။

ယနေ့တွင် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲများအဖြစ် မြန်မာနှင့် ဆော်ဒီအာရေဗျ၊ အီရန်နှင့် မြောက်ကိုရီးယား၊ ဘာရိန်းနှင့် ကာဂျစ္စတန်၊ တောင်ကိုရီးယားနှင့် မလေးရှား၊ ဟောင်ကောင်နှင့် ပါလက်စတိုင်း၊ အင်ဒိုနီးရှားနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# China Soong Chin Ling Cup ပြိုင်ပွဲတွင် မြန်မာအသင်း အဆင့် (၅) ရရှိ

**ရန်ကုန် ဩဂုတ် ၁၆**

China Soong Chin Ling Cup ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၁၂ ဘောလုံးအသင်းသည် အဆင့် (၅) နေရာ ရရှိခဲ့သည်။

ယင်းပြိုင်ပွဲကို တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး China Soong Chin Ling Cup ပြိုင်ပွဲသို့ အိမ်ရှင် တရုတ်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ လာအိုအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အုပ်စုပွဲစဉ်များတွင် မြန်မာ ယူ-၁၂ အသင်းသည် ဗီယက်နမ်ကို ၁၈ ဂိုးပြတ်၊ ကမ္ဘောဒီးယားအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး လာအိုနှင့် တစ်ဂိုးစီသရေကျကာ ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် ပထမနေရာရသည့် အုပ်စု(က)မှ တရုတ်အသင်းနှင့် အုပ်စု(ခ)မှ ထိုင်းအသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး ဒုတိယရရှိခဲ့သည့် ဖိလစ်ပိုင်အသင်းနှင့် လာအိုအသင်းတို့ တတိယလုပွဲ ယှဉ်ပြိုင်ကစားသည်။ အုပ်စုတတိယနေရာရသည့် မြန်မာနှင့် အင်ဒိုနီးရှားအသင်းသည် အဆင့် ၅ နေရာအတွက် ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအသင်းက ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရသောကြောင့် တတိယနေရာရခဲ့ခြင်းဖြစ်သည်။

**ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- အင်္ဂလန်အသင်းသည် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့ပြီးနောက် ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် (၆) နေရာသို့ တက်လှမ်းလာနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ၎င်းသည် ၂၀၁၃ ခုနှစ် မတ်လတွင် အဆင့် (၄) နေရာသို့ တက်လှမ်းနိုင်ခဲ့ပြီးနောက် အမြင့်ဆုံးရပ်တည်မှုဖြစ်ကြောင်းလည်း သိရသည်။ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့သော ပြင်သစ်အသင်းသည် ထိပ်ဆုံးနေရာတွင် ရပ်တည်လျက်ရှိကာ ဘယ်လ်ဂျီယံ၊ ဘရာဇီး၊ ခရိုအေးရှား၊ ဥရုဂွေးတို့က အစဉ်လိုက်ရပ်တည်နေကြောင်း သိရသည်။ နာမည်ကြီး ဂျာမနီအသင်းသည် ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် (၁၅) နေရာအထိ ကျဆင်းသွားကြောင်း သိရသည်။
- ဩဂုတ် ၁၆ ရက်က ယူအီးအက်ဖ်အေစူပါဖလားအဖြစ် ရီးရဲမက်ဒရစ်အသင်းနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကို မက်ဒရစ်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ သာမန်ပွဲကစားချိန်အတွင်း နှစ်ဂိုးစီသရေကျနေခဲ့သောကြောင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားရာ ဆောလ်နှင့် ကိုကီတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။ ပွဲအစ တစ်မိနစ်မပြည့်မီမှာပင် အေတီမက်အတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သော ကော်စတာ၏ သွင်းဂိုးသည် ယူအီးအက်ဖ်အေစူပါဖလားပြိုင်ပွဲတွင် အမြန်ဆုံးသွင်းဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။
- အာဆင်နယ်ကွင်းလယ်ကစားသမား အိန်စလေ မစ်လန်းနေးလ်သည် ဘယ်ဘက်ခြေထောက်ကျိုးဒဏ်ရာရရှိခဲ့ခြင်းကြောင့် ရက်သတ္တ ခြောက်ပတ်မှ ရှစ်ပတ်အထိ အနားယူရဖွယ်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ ဒဏ်ရာသည် အာဆင်နယ်အသင်း၏ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့သောပွဲစဉ် ပထမပိုင်းပွဲအချိန်အတွင်း ရရှိခဲ့ခြင်းဖြစ်သည်။
- မန်စီးတီးအသင်းမှ အသက် (၂၇နှစ်) အရွယ် ဘယ်လ်ဂျီယံတိုက်စစ်ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် ညာဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိခဲ့ခြင်းကြောင့် သုံးလအနားယူရဖွယ်ရှိကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် တော့တင်ဟမ်အသင်း၏ အသက် (၂၉နှစ်) အရွယ် ဘယ်လ်ဂျီယံနောက်ခံကစားသမား အယ်လ်ဒါဝီရယ်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။ **အောင်ဇော်**



**သံတွဲခရိုင် တောင်ကုတ်ဒီဂရီကောလိပ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ယမန်နေ့က ဒွါရာဝတီခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီး ဒေါက်တာမြင့်ဆွေက ကာယဗလမောင်ပြိုင်ပွဲ ပထမဆုရ အင်္ဂလိပ်စာဂုဏ်ထူးတန်းကျောင်းသား မောင်ကျော်နိုင်လင်းအား ဆုချီးမြှင့်စဉ်။** မြို့နယ်(ပြန်/ဆက်)

# စစ်တောင်း၊ သံလွင်နှင့် ငဝန်မြစ်တို့၏ စိုးရိမ်ရေမှတ်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၆**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်များ၌ တည်ရှိနေမှုအခြေအနေ**

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးလက်မခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြပါရန် အကြံပြုအပ်ပါသည်။

ထို့အတူ မဒေါက်မြို့၊ ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# လားရှိုးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၆**

လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၅ ရက် ညနေ ၅ နာရီခန့်က လားရှိုးမြို့ နားမခေါ်အဝေးပြေးကားကြီးဝင်း ရာဇာထွန်းကားဂိတ်တွင် ရာဇာထွန်း ခရီးသည်တင်မော်တော်ယာဉ်ဖြင့် လားရှိုးမှ ရန်ကုန်သို့လိုက်ပါမည့် ခရီးသည် ကျအီ၊ ဂျီမေနှင့် ကျာဖေတို့အား ရှာဖွေရာ ခရီးဆောင်အိတ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ရေပူစစ်ဆေးရေးအဖွဲ့ ပိတောက်စားရွေများဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၈၈ စီး သွင်းကုန် ၇၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄ စီး၊ သွင်းကုန် ၁၄၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၈၅၂ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးကျပ် ၄ ဒသမ ၇၃၇ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၅၈၉ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ Nisan UD Canter (6W) ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ပိတောက်ခေါ်ရွေ ၁ ဒသမ ၂၇၇၆ တန်နှင့် အဆိုပါပစ္စည်း သယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၈၃၂ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

၁၇-၈-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - စီးပွားရေးစကားဝိုင်း “ပုဂ္ဂလိကစွမ်းအား ပြည်ထွန်းကား” (ဒုတိယပိုင်း)
- ၉း၂၀ - "1 On 1 Football skills Challenge Cup ပြိုင်ပွဲအစီအစဉ်”
- ၁၀း၃၀ - လူမှုစီးပွားမြင်ကွင်းများ
- ၁၁း၀၀ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၁း၃၀ - အလုပ်သမားရေးရာ အစီအစဉ်
- ၁၂း၄၀ - မြန်မာဇာတ်လမ်းတွဲ “ဇနီးချောများ ကွန်ရက်” (အပိုင်း-၂၅)
- ၁၄း၄၀ - “အရင်ကထက်ပိုချစ်မယ်” စံလင်းကျော်၊ ထက်အိန္ဒြာလင်း ဒါရိုက်တာ-အုပ်စိုးသာ၊ စောသီရိနိုင်

**ညပိုင်း**

- ၁၆း၂၅ - "1 On 1 Football skills Challenge Cup ပြိုင်ပွဲအစီအစဉ်”
- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း “အသက်အရွယ်ကြီးမြင့်လာသူများအား ဆီးချို၊ သွေးချိုရောဂါ ဘယ်လိုကုသရမလဲ”
- ၁၇း၂၀ - Catch Asia News
- ၁၇း၃၀ - Weekly Sport Info
- ၁၈း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “လူကြမ်းတစ်ယောက်ရဲ့ ဒိုင်ယာရီ” လူမင်း၊ ယုန်လေး၊ ထားထက်ထက်၊ ထူးခြား၊ ဂျိုကာ၊ ဘေဘီမောင် ဒါရိုက်တာ-သားညီ
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ “ဇနီးချောများကွန်ရက်” (အပိုင်း-၂၆)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - “ရွှေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအကြောင်း သိကောင်းစရာ” ဦးမြင့်နိုင်(အဖွဲ့ဝင်)၊ ဦးနိုင်သူရစိုး၊ ဒေါ်နယ်လီဆန်း၊ ဒေါ်ဆုရတနာကျော်
- Britain's Got Talent(12)
- “သူငယ်ချင်းသုံးယောက်ရှိလေသည်”

# တောက်တဲ့ဝယ်ယူရန်လာသူထံမှ ငွေကျပ်သိန်း ၅၀ လုယက်သူများအား ဖြူးအမြန်လမ်းရဲစခန်းနှင့် ဒေသခံများက ဝိုင်းဝန်းဖမ်းဆီးရမိ

**တောင်ငူ ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကြာအင်းကုန်းကျေးရွာအုပ်စု ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင် ၁၀၅/၁ ၏ အရှေ့ဘက်သုံးဖာလုံခန့်အကွာ ကြံခင်းတောအတွင်း တောက်တဲ့ဝယ်ယူရန်လိုက်လာသူ တစ်ဦးထံမှ ငွေကျပ်သိန်း ၅၀ လုယက်မှု ယနေ့မွန်းလွဲ ၂ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း ကြာအင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်မြင့်ထံမှ သိရသည်။

ဖြစ်စဉ်မှာ ဦးသန်းဇော်ဦး မင်းလမ်းကူးအုပ်စု ရေအိုးစင်ကျေးရွာနေသူက လုယက်မှုဖြစ်ပွားကြောင်း ဖြူးအမြန်လမ်းရဲစခန်းသို့ ဖုန်းဖြင့် ဆက်သွယ်သတင်းပို့ခဲ့သဖြင့် ဖြူးအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ် လှိုင်ဇော်ဦး ဦးစီးအဖွဲ့သည် ဆင်ဇလုပ်ရဲကင်း၊ ကွန်းချောင်းရဲကင်းမှတပ်ဖွဲ့ဝင်များ၊ ဒေသခံများနှင့်အတူ အခင်းဖြစ်ပွားရာနေရာတစ်ဝိုက် စစ်ဆေးခဲ့ရာ အောင်ကျော် (၂၆နှစ်) (အရောင်းအဝယ်) မင်္ဂလာ (၁) ရပ်ကွက် မိုးကုတ်မြို့နေသူသည် ဆွေမျိုးတော်စပ်သူများဖြစ်သည့် တစ်ရပ်ကွက်တည်းနေ မျိုးဆွေ(၂၃နှစ်)၊ အောင်သူရ (၂၃နှစ်) တို့နှင့်အတူ တောက်တဲ့ဝယ်ယူရန်အချိတ်အဆက်ဖြင့် အမြန်လမ်းမကြီးမိုင်တိုင် ၁၀၅/၁ ရှိ စားသောက်ဆိုင်သို့ ရောက်ရှိလာခဲ့ကြောင်း၊ ထို့နောက် ဆိုင်ကယ်ကယ်ရီသမားတစ်ဦးက မျိုးဆွေနှင့် အောင်သူရတို့ နှစ်ဦးအား အခြားလမ်းမှလူခွဲကာ ခေါ်ဆောင်သွားခဲ့ပြီး ငွေထုပ်ကိုင်ထားသူ အောင်ကျော်အား အာပြ(ခ)ရန်အောင်မင်း ဆိုသူက မိုင်တိုင် ၁၀၅/၁ ၏အရှေ့ဘက်သုံးဖာလုံခန့်အကွာ နေရာသို့ ခေါ်ဆောင်သွားခဲ့ပြီး ကြံခင်းအတွင်း၌ အသင့်စောင့်ဆိုင်းနေသည့် လူနှစ်ဦးက ထိုးကြိတ်လုယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြစ်မှုကျူးလွန်သူများကို ရှာဖွေဖမ်းဆီးခဲ့ရာ မိုင်တိုင် ၁၀၄/၇ အနီးရှိ ချုံပုတ်အတွင်းမှ ကျော်မျိုးလင်း (၃၅နှစ်)၊ ရဲထွေး(၄၁နှစ်)၊ ဇော်ထိုက် (၁၈နှစ်) ပေါက်ကုန်းကျေးရွာ အုတ်တွင်းမြို့နယ်နေသူတို့ကို ငွေကျပ်သိန်း ၅၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ဖြူးအမြန်လမ်းရဲစခန်းက ပြစ်မှုကျူးလွန်သူများကို တောကျွဲအင်းနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ် သန်းငွေနှင့် အဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ထွက်ပြေးလွတ်မြောက်သွားသည့် အာပြ(ခ)ရန်အောင်မင်းနှင့် ဆိုင်ကယ်ကယ်ရီသမားတို့ ဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရေကြည်မြို့နယ်၌ ခိုးဝင်လာသူ လေးဦးနှင့် သယ်ဆောင်သူနှစ်ဦး ဖမ်းဆီးရမိ

**ရေကြည် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ရေနံ့သာကျေးရွာ ရေနံ့သာပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဩဂုတ် ၁၆ ရက် နံနက် ၄ နာရီခွဲခန့်က ခိုးဝင်လာသူလေးဦးနှင့် သယ်ဆောင်သူနှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ရေကြည်မြို့နယ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပူးပေါင်းအဖွဲ့သည် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ်၆/၃အနီး ပိတ်ဆို့ရှာဖွေစစ်ဆေးနေစဉ် ဂွမြို့ဘက်မှ ငါးသိုင်းချောင်းမြို့ဘက်သို့ ကျောက်ဖြူမြို့နယ် စေတီတောင်ရပ်ကွက်နေသူ ယာဉ်မောင်း ကျော်မင်း မောင်းနှင်ပြီး ယာဉ်နောက်လိုက် ကျောက်ဖြူမြို့ မျှင်ချောင်းရွာနေ ခင်မောင်စိုး လိုက်ပါလာသော ယာဉ်အမှတ် YGN DD/ ---- HJA Bongo အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ခိုးဝင်လာသူ အမျိုးသားတစ်ဦး၊ အမျိုးသမီးသုံးဦး၊ စုစုပေါင်းလေးဦးအား တွေ့ရှိရသဖြင့် ယာဉ်မောင်းနှင့် နောက်လိုက်တို့အား စစ်ဆေးရာ ရခိုင်ပြည်နယ် ကျောက်တော်မြို့မှ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၆)ရပ်ကွက်သို့ ပို့ပေးရမည်ဖြစ်ပြီး ပို့ဆောင်ခတစ်ခေါက်လျှင် ငွေကျပ် ငါးသိန်းဖြင့် ရန်ကုန်ရောက်မှ ပေးမည်ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ တရားမဝင်ခိုးဝင်လာသူလေးဦးနှင့် သယ်ဆောင်လာသူ ယာဉ်မောင်း ကျော်မင်းနှင့် ယာဉ်နောက်လိုက် ခင်မောင်စိုးတို့အား ဖမ်းဆီးကာ ဒေါ်အေးသောင်း၊ နေမင်းဇော်တို့ကိုလည်း ဥပဒေအရ အမှုဖွင့်ကာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုဖမ်းဆီးရမိခြင်းသည် တတိယအကြိမ်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဧပြီ ၁၂ ရက်တွင် ၁၃ ဦး၊ ၂၀၁၈ ဩဂုတ် ၅ ရက်နှင့် ၆ ရက်တွင် ၁၁ ဦးနှင့် ဩဂုတ် ၁၆ ရက်တွင် လေးဦး စုစုပေါင်း ၂၈ ဦးအထိ ရှိပြီဖြစ်ကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**

# ပျဉ်းမနားမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ပျဉ်းမနား ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ၏ ညွှန်ကြားမှုဖြင့် နေပြည်တော်ရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့မှ ရဲအုပ်ငွေကိုနှင့် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၂ ရက်က မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ပန်းခင်းနယ်မြေ ရွာကောက်ရပ်ကွက် ---စားသောက်ဆိုင်အနီးဝန်းကျင်၌ ဇင်ဝိုင်းဆိုသူအား တွေ့ရှိသဖြင့် ဖမ်းဆီးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂ ပြားပါ အထုပ်တစ်ထုပ်၊ ဆိုင်ကယ်တစ်စီးနှင့် ငွေကျပ် ၂၈၀၀၀ တို့ကို ဖမ်းဆီးရမိသဖြင့် ဇင်ဝိုင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# ဦးကိုနီ လုပ်ကြံခံရမှု၌ ပါဝင်ပတ်သက်သူ ဇေယျာဖြိုးကို ထပ်မံစစ်ဆေးမည်

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ စွဲချက်တင်ခံထားရသူ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ယနေ့ နံနက် ၁၀ နာရီက ရုံးချိန်းပေါင်း ၆၇ ချိန်းမြောက်ရုံးထုတ်ခဲ့ပြီး စွပ်စွဲခံရသူ ဇေယျာဖြိုးကိုသာ နှစ်ဖက်ရှေ့နေများက အပြန်အလှန်စစ်မေးခဲ့ကြပြီး အဓိကစစ်ဆေးမှု မပြီးဆုံးသေးသည့်အတွက် ဇေယျာဖြိုးကိုသာ စစ်ဆေးမှုပြုလုပ်ရန် ပြန်လည်ချိန်းဆိုခဲ့ကြောင်း သိရသည်။

ယင်းအမှုအား စစ်ဆေးခြင်းနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးတာဝန်ခံအရာရှိ ခရိုင်ဒုတိယတရားသူကြီး ဦးရဲလွင်က “ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုနဲ့ တရားစွဲဆိုထားရာကနေ ပြစ်မှုကျူးလွန်ရာတွင် စွပ်စွဲခံရသူ ဇေယျာဖြိုးကို နှစ်ဖက်ရှေ့နေများက အပြန်အလှန် စစ်မေးခဲ့ပါတယ်။ ဒီနေ့မှာ ရုံးချိန်ကုန်ဆုံးထိတိုင် အဓိကထွက်ဆိုချက်တွေ မလုံလောက်သေးတဲ့အတွက် ဩဂုတ် ၁၇ ရက်မှာ ဇေယျာဖြိုးကို ထပ်ပြီးချိန်းဆိုထားပါတယ် ”ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကျောက်မိုင်းခွဲရာမှ ကျောက်ခဲစထိမှန်ပြီး လူတစ်ဦးသေဆုံး ရေကန်အတွင်း မြေသယ်ယာဉ်နှစ်စီး နောက်ပြန်လျှောကျမှုဖြစ်ပွား

**ဖားကန့် ဩဂုတ် ၁၆**

ကချင်ပြည်နယ် ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် မော်ဝမ်းကြီးအပိုင်း အင်မားယန်ရှိ နိုင်ငံတော်အကျိုးတူ ကောင်းစုရတနာကျောက်မျက်တူးဖော်ရေးကုမ္ပဏီလုပ်ကွက်အတွင်း ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် လုပ်ငန်းဆောင်ရွက်ရန် ကျောက်မိုင်းခွဲရာမှ ရေမဆေးကျောက်ရှာဖွေနေသူ မောင်ဆန်း(၂၀ နှစ်)၊ မော်ဝမ်းရပ်ကွက်နေသူအား ကျောက်ခဲစလွင့်စဉ်ထိမှန်ပြီး ဒဏ်ရာများရရှိခဲ့ကာ ဖားကန့်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးဝါးကုသမှုခံယူနေစဉ် သေဆုံးသွားကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင်ပင် မော်ဝမ်းရပ်ကွက် မော်ဝမ်းလေးရှိ ရွှေနဂါးကိုးကောင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီလုပ်ကွက်တွင် လုပ်ငန်းဆောင်ရွက်နေသော မြေသယ်ယာဉ်နှစ်စီးသည် မြေစာပစ်စဉ် ရေကန်အတွင်းသို့ နောက်ပြန်လှန်လျှောကျခဲ့ပြီး ယာဉ်မောင်းနှစ်ဦးဖြစ်သည့် ဦးစိုးမြင့်ဝင်း (၃၂နှစ်)သည် ဖြစ်စဉ်တွင် သေဆုံးခဲ့ပြီး ဦးထွန်းထွန်းကျော်(၄၆ နှစ်)သည် ဒဏ်ရာများရရှိခဲ့ကာ ဖားကန့်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စည်းကမ်းပျက်ယာဉ်များ စစ်ဆေးနေစဉ် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ကျောက်ဆည် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အမှတ်(၉၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ကျော်စိုးလွင်နှင့် အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ယာဉ်ကြီးကြပ်ရေး ကော်မတီဝင်များ ပူးပေါင်းပြီး ဩဂုတ် ၁၄ ရက် ညနေ ၄ နာရီခွဲခန့်က မြို့မြောက်ဘက်အထွက် အမှတ်(၈၁) ထွန်စက်စခန်းရှေ့ရန်ကုန်-မန္တလေးကားလမ်းတွင် စည်းကမ်းပျက်ယာဉ်များအား စစ်ဆေးနေစဉ် အမျိုးသားတစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို နံပါတ်ပြားမပါ၍ တားဆီးစစ်ဆေးရာ ဘိန်းဖြူများ ရှာဖွေဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသားသည် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ပီကင်းကျေးရွာမှ လော်ရင်းဖြစ်ပြီး ၎င်းစီးလာသည့် ဆိုင်ကယ်ရှေ့ခွကြားကျောပိုးအိတ်အတွင်းမှ တစ်ထုပ်လျှင် အလေးချိန် ၁၁ ဂရမ်ခန့်ပါ ဖြူဝါရောင် အမှုန့် ၇၄ ထုပ်နှင့် ဆိုင်ကယ်တူးဘောက်အတွင်းမှ တစ်ထုပ်လျှင် အလေးချိန် ၁၁ ဂရမ်ခန့်ပါ ဖြူဝါရောင်အမှုန့် ၁၆ ထုပ် စုစုပေါင်းအလေးချိန် ၉၉၀ ဂရမ်ခန့်၊ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၆၉၃၀၀၀၀၀ ခန့် တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးအထူးဖမ်းဆီးရေးအဖွဲ့က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တရုတ်နှင့် အမေရိကန်တို့ ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများဖြေလျှော့နိုင်ရန် ဆွေးနွေးမှုများစတင်မည်

**ပေကျင်း ဩဂုတ် ၁၆**

တရုတ်နိုင်ငံသည် အမေရိကန်နှင့် ဖြစ်ပွားနေသော ကုန်သွယ်ရေးတင်းမာမှုများ ဖြေလျှော့ပေးနိုင်ရန်အတွက် အမေရိကန်နှင့် ဆွေးနွေးမှုများ ပြန်လည်စတင်မည်ဟု ပြောကြားခဲ့သည်။ ဒုတိယဝန်ကြီး ဝမ်ရှုဝင်သည် ယခုလနှောင်းပိုင်းတွင် အမေရိကန်ဘဏ္ဍာရေးဌာနဒုတိယဝန်ကြီး ဒေးဗစ်မယ်လ်ပက်စ်နှင့်တွေ့ဆုံရန် အမေရိကန်သို့ သွားရောက်မည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနမှ ကြာသပတေးနေ့က ပြောကြားခဲ့သည်။

အမေရိကန်ကုန်သွယ်ရေးဝန်ကြီး ဝေးလ်ဘာ့ရိစ်နှင့် တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် လျူဟီတို့ ဇွန်လအတွင်း ပေကျင်းမြို့၌ တွေ့ဆုံပြီးနောက် ယခုတစ်ကြိမ်သည် ပထမဦးဆုံးအကြိမ် ထပ်မံတွေ့ဆုံမှုလည်းဖြစ်သည်။ နှစ်နိုင်ငံ အခွန်စည်းကြပ်မှုများ အပြိုင်အဆိုင်ပြုလုပ်နေကြပြီးနောက် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုကို ဆိုင်းငံ့ထားခဲ့ရသည်။ ဩဂုတ် ၂၃ ရက်မှစတင်ကာ နှစ်ဖက်စလုံးမှ ဒေါ်လာ ၁၆ ဘီလီယံ တန်ဖိုးရှိ သွင်းကုန်များကို အခွန်စည်းကြပ်မှုများပြုလုပ်ခဲ့သည်။

ဝါရှင်တန်သည် ဒေါ်လာ ၂၀၀ ဘီလီယံတန်ဖိုးရှိ တရုတ်ကုန်ပစ္စည်းများအပေါ်တွင် အခွန်စည်းကြပ်ရန် ပြင်ဆင်လျက်ရှိသည်။ တရုတ်နှင့်အမေရိကန်တို့သည် စီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်ကြရာ ယင်းနှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် အပြန်အလှန် တင်းမာနေသောကုန်သွယ်မှုကို ဖြေလျှော့ပေးနိုင်ရန် မျှော်လင့်လျက်ရှိသည်။

**အင်န်အိတ်ခ်ျကေ**




# အီတလီ၌ တံတားပြိုကျပြီးနောက် အီတလီဝန်ကြီးချုပ် အကူအညီတောင်းခံ

**ရောမ ဩဂုတ် ၁၆**

အီတလီနိုင်ငံ မြောက်ပိုင်း မြို့တော် ဂျီနိုအာ တွင် အဝေးပြေးတံတား တစ်စင်း ပြိုကျသွားပြီးနောက် ကယ်ဆယ်ရေးသမားများသည် ယခုအခါ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါ တံတားပြိုကျခဲ့မှုကြောင့် လူပေါင်း ၃၉ ဦးသေဆုံးခဲ့ပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ရာ ယင်းဒေသ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အီတလီဝန်ကြီးချုပ်က အကူအညီများ တောင်းခံလျက်ရှိသည်။ အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက တံတားပြိုကျမှုဖြစ်ရပ်မှာ လက်ခံနိုင်ဖွယ်မရှိသော ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ ခေတ်သစ်လူမှုအသိုင်းအဝိုင်းတွင် မဖြစ်သင့်သောအရာတစ်ခုဖြစ်ကြောင်း၊ အလားတူ ဖြစ်ရပ်ဆိုးမျိုး ထပ်မံဖြစ်ပွားခြင်းမရှိအောင် ၎င်းတို့အစိုးရက အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




ထို့အပြင် လုံခြုံမှုလျော့နည်းသည့် အစီအမံများကြောင့် အမြန်လမ်းဆောက်လုပ်ခွင့် ခွင့်ပြုချက်ကိုလည်း ရုပ်သိမ်းမည်ဖြစ်ကြောင်း မစ္စတာကွန်တီကပြောသည်။ အဆိုပါတံတားမှာ အီတလီနိုင်ငံမြောက်ပိုင်းနှင့် ပြင်သစ်နိုင်ငံတောင်ပိုင်းကို ဆက်သွယ်ပေးထားသော အဓိကတံတားတစ်စင်းလည်းဖြစ်သည်။ တံတားအကျိုးအပဲ့ အပျက်အစီးများအောက်တွင် လူ ၁၀ ဦးထက် မနည်း ရှိနေဦးမည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားကြသည်။

စုံစမ်းစစ်ဆေးသူများသည် တံတားပြိုကျရသည့် အကြောင်းကို စုံစမ်းစစ်ဆေးနေကြဆဲဖြစ်သည်။ ယင်းတံတားသည် ၁၉၆၀ ပြည့်နှစ် ဝန်းကျင်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သော နှစ်နှစ်ခန့်ကလည်း တံတား၏ အရည်အသွေးကို စစ်ဆေးမှုများ ပြုလုပ်ရန် လွှတ်တော်တွင် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ **အင်န်အိတ်ခ်ျကေ**

# အိန္ဒိယတောင်ပိုင်းတွင် မိုးဆက်တိုက်ရွာသွန်းသဖြင့် လူပေါင်း ၇၇ ဦးသေဆုံး

**နယူးဒေလီ ဩဂုတ် ၁၆**

လူဦးရေ ၃၃ သန်း မှီတင်းနေထိုင်သော အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်တွင် ဩဂုတ် ၈ ရက်မှစတင်ကာ မိုးဆက်တိုက်ရွာသွန်းခဲ့သဖြင့် လူပေါင်း ၇၇ ဦး သေဆုံးခဲ့ကြောင်း မကြာသေးမီက ပြည်နယ်ဝန်ကြီးချုပ် ပီနာရာရီ ဗီဂျာယမ်က ပြောခဲ့သည်။

ကီရာလာပြည်နယ် သဘာဝဘေးအန္တရာယ်ထိန်းချုပ်ရေးဌာန အရာရှိတစ်ဦး၏ပြောကြားချက်အရ ဩဂုတ် ၁၅ ရက်တစ်နေ့တည်းတွင် မိုးရွာသွန်းမှုကြောင့် လူပေါင်း ၁၁ ဦး သေဆုံးခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူများသေဆုံးဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့သည့်အပြင် ရေကြီးရေလျှံမှုကြောင့် ကားလမ်းနှင့် အိမ်ခြေရာနှင့်ချီ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ လူပေါင်း ၁၅၀၀၀၀ ခန့် ကီရာလာပြည်နယ် တစ်ဝန်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းပေါင်း ၁၀၆၇ ခုသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဖြစ်ပွားနေသည့် မိုးဆက်တိုက်ရွာသွန်းမှုများကို အိန္ဒိယနိုင်ငံအမျိုးသားကယ်ဆယ်ရေးတပ်ဖွဲ့ အပြင် ကြည်းရေလေတပ်ဖွဲ့ဝင်များက သဘာဝဘေးကျရောက်နေသည့် ဒေသများသို့စေလွှတ်ခဲ့ပြီး ကယ်ဆယ်ရေးများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၅ ရက်မှစကာ လာမည့်သုံးရက်အတွင်း မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားနေမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာန၏ထုတ်ပြန်ချက်အရ သိရသည်။ ထို့ကြောင့် သက်ဆိုင်ရာဒေသရှိ ပြည်သူများ ဘေးလွတ်ရာသို့ ထွက်ခွာကြရန်၊ တံငါသည်များ ငါးဖမ်းမထွက်ကြရန် သတိပေးခဲ့ကြောင်း သိရသည်။

ယခုနှစ်မိုးရာသီအတွင်း ရေဘေးကြောင့် သေဆုံးသူပေါင်း ၇၇၄ ဦးရှိခဲ့ပြီး ကီရာလာပြည်နယ်တွင် လူပေါင်း ၁၈၇ဦး သေဆုံးခဲ့ကြောင်း အိန္ဒိယနိုင်ငံပြည်ထဲရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**



# အာဖဂန်၌ စာသင်ကျောင်းတစ်ကျောင်း တိုက်ခိုက်ခံရသဖြင့် ၄၈ ဦး သေဆုံး

**ကဘူးလ် ဩဂုတ် ၁၆**

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် ဩဂုတ် ၁၅ ရက်က အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ ယခုအချိန်အထိ လူပေါင်း ၄၈ ဦး သေဆုံးခဲ့ပြီး ၆၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

တိုက်ခိုက်ခံခဲ့ရသည့် စာသင်ကျောင်းသည် အမှတ် ၁၈ ရဲတပ်ဖွဲ့နယ်မြေတွင် တည်ရှိပြီး သေဆုံးဒဏ်ရာရရှိသူအများစုမှာ စာသင်ကျောင်းတွင် ပညာသင်ကြားနေသည့် ကျောင်းသားများဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများကို အနီးဝန်းကျင်ရှိ ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း၊ အချို့ဒဏ်ရာရရှိသူများမှာ အလွန်စိုးရိမ်ရသောအခြေအနေတွင်ရှိကြောင်း ၊ သေဆုံးသူအရေအတွက် ဆက်လက်မြင့်တက်လာနိုင်ကြောင်း သိရသည်။

တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် စာသင်ကျောင်းအတွင်း ကျောင်းသား အနည်းဆုံး ၂၀၀ ခန့်ရှိကြောင်း၊ အသက် ၁၈ နှစ်အောက်ကလေးများ အများဆုံးရှိနေကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောခဲ့သည်။ ယခုအကြိမ်တိုက်ခိုက်မှုသည် ဒေသအတွင်းရှိ ရှီးယိုက်ဘာသာဝင်များကို ဦးတည်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများတွင်ဖော်ပြခဲ့သည်။ တာလီဘန်အဖွဲ့ကလည်း အဆိုပါ တိုက်ခိုက်မှုတွင် တာဝန်မရှိကြောင်း ထုတ်ပြန် ကြေညာခဲ့သည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယားကို အကူအညီပေးနေသောကုမ္ပဏီများအား အမေရိကန် ပိတ်ဆို့အရေးယူ

**ဝါရှင်တန် ဩဂုတ် ၁၆**

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှချမှတ်ထားသော ဆုံးဖြတ်ချက်များကိုချိုးဖောက်၍ မြောက်ကိုရီးယားကို တရားမဝင်ကုန်ပစ္စည်းများပို့ဆောင်သော စွပ်စွဲချက်ဖြင့် ကုမ္ပဏီသုံးခုကို ပိတ်ဆို့မှုအသစ်များချမှတ်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင် ကြေညာခဲ့သည်။

တရုတ်အခြေစိုက်ကုမ္ပဏီတစ်ခု၊ စင်ကာပူကုမ္ပဏီတစ်ခု၊ ရုရှားကုမ္ပဏီတစ်ခုနှင့် အဆိုပါကုမ္ပဏီများမှကိုယ်စားလှယ်များကို ပစ်မှတ်ထားကာ အရေးယူပိတ်ဆို့မှုများပြုလုပ်ခဲ့သည်။ တရုတ်နှင့်စင်ကာပူတို့ရှိကုမ္ပဏီများမှာ အရက်၊ ဆေးရွက်ကြီးနှင့် ဆေးလိပ်ထုတ်ကုန်များ မြောက်ကိုရီးယားသို့တင်ပို့ခဲ့ခြင်းဖြစ်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ချိုးဖောက်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်ဘဏ္ဍာရေးဌာနမှ ကြေညာခဲ့သည်။

ရုရှားကုမ္ပဏီသည် မြောက်ကိုရီးယားသို့ ခြောက်ကြိမ်ထက်မနည်း သန့်စင်ပြီးရေနံများ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယင်းကုမ္ပဏီများသည် အမေရိကန်ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ဆောင်ခွင့်ရရှိတော့မည် မဟုတ်ပေ။ မြောက်ကိုရီးယား၌ နျူကလီးယားနှင့် ဒုံးကျည်စနစ်များ ဆက်လက်လုပ်ဆောင်နိုင်ရန်အထောက်အပံ့ဖြစ်စေမည့် ရန်ပုံငွေများမရရှိစေရေးအတွက် ပိတ်ဆို့မှုများပြုလုပ်ထားခြင်းဖြစ်သည်။ မြောက်ကိုရီးယားအပေါ် ပိတ်ဆို့မှုများဖြေလျှော့ပေးရန် တရုတ်နှင့်ရုရှားတို့မှ တောင်းဆိုခဲ့သော်လည်း အမေရိကန်ဘက်ကမူ မြောက်ကိုရီးယား၌ နျူကလီးယားလက်နက် မကင်းစင်သရွေ့ ပိတ်ဆို့မှုများ ဖယ်ရှားခြင်းမပြုဟု ပြောဆိုခဲ့သည်။ **အင်န်အိတ်ခ်ျကေ**

# ဥရောပ ဒုက္ခသည်အရေး ခပ်သေးသေးကိစ္စလား

**တင်လင်းအောင်**

**အခုရက်ပိုင်း လစ်ဗျားကမ်းလွန်မှာ ဒုက္ခသည်ကယ်ဆယ်ရေး သီးခြားအစီအစဉ်နှစ်ခုနဲ့ ကယ်ဆယ်ခဲ့တဲ့ ဒုက္ခသည်တွေတင်ဆောင်လာတဲ့သင်္ဘောကို အီတလီနဲ့ မော်လ်တာနိုင်ငံတို့က ကနဦးမှာ ကမ်းကပ်ခွင့် ငြင်းဆန်လိုက်တယ်လို့ သိရပါတယ်။ သို့သော်လည်း နောက်ပိုင်းမှာတော့ အဲဒီဒုက္ခသည်တွေ တင်ဆောင်လာတဲ့သင်္ဘောကို မော်လ်တာနိုင်ငံက ကမ်းကပ်ခွင့်ပြုလိုက်ပြီးတဲ့နောက်မှာ အဲဒီသင်္ဘောပေါ်မှာပါလာတဲ့ ဒုက္ခသည်အရေးဟာ စပိန်နဲ့ပေါ်တူဂီတို့အပြင် ပြင်သစ်၊ ဂျာမနီနဲ့ လူဇင်ဘတ်နိုင်ငံအထိပါ ရိုက်ခတ်ပျံ့နှံ့လာခဲ့ပါတယ်။**



### ဒုက္ခသည်တွေကို မျှယူမယ်

အဲဒီလို ကယ်ဆယ်ရေးသင်္ဘောနဲ့ ပတ်သက်တဲ့ လိပ်ခဲတည်းလည်း အခြေအနေကို ဖြေရှင်းတဲ့အနေနဲ့ မော်လ်တာနိုင်ငံက အကွာရီးယက်စ် ဒုက္ခသည်သင်္ဘောကို ဆိုက်ကပ်ခွင့်ပြုလိုက်ပြီးတဲ့နောက်မှာ အဲဒီသင်္ဘောပေါ်မှာ လိုက်ပါလာတဲ့ ဒုက္ခသည် ၁၄၁ ဦးကို စပိန်နဲ့ပေါ်တူဂီတို့က အများဆုံးမျှယူဖို့ ကမ်းလှမ်းခဲ့ပါတယ်။

စပိန်အနေနဲ့ ဒုက္ခသည် ၆၀ ခန့်ကို လက်ခံနိုင်တယ်လို့ ပြောလိုက်တဲ့အချိန်မှာပဲ ပေါ်တူဂီ နိုင်ငံကလည်း ဒုက္ခသည် ၃၀ ခန့်ကို လက်ခံမယ်လို့ ကမ်းလှမ်းခဲ့ပါတယ်။ ကျန်တဲ့ဒုက္ခသည်တွေကိုတော့ ပြင်သစ်၊ ဂျာမနီနဲ့ လူဇင်ဘတ်နိုင်ငံတို့က မျှယူမယ်လို့ မော်လ်တာနဲ့ စပိန်နိုင်ငံတို့ရဲ့ အစိုးရသတင်းရင်းမြစ်များအရ သိရပါတယ်။

တစ်ချိန်တုန်းက ဒုက္ခသည် ၆၃၀ ခန့် ပါရှိတဲ့ ဒုက္ခသည်ကယ်ဆယ်ရေးသင်္ဘောဖြစ်တဲ့ အကွာရီးယက်စ်ပေါ်မှာ သောင်တင်ပြီးတဲ့နောက်ပိုင်းမှာတော့ အဲဒါဟာ အဓိကသံတမန်ဆိုင်ရာ ငြင်းခုံမှုတွေ၊ အချင်းများမှုတွေ ဖြစ်စေခဲ့ပါတယ်။ ဒီသတင်းဟာ ဇွန်လလောက်တုန်းက ခေါင်းကြီးသတင်းအဖြစ် နိုင်ငံတကာကို ရိုက်ခတ်သွားခဲ့ပါတယ်။ အဲဒီလို ဖြစ်ပြီးသွားလို့ လအတော်အတန် ကြာခဲ့ပြီးတဲ့နောက်မှာတော့ အကွာရီးယက်စ်ဟာ သူ့ရဲ့ ဒုက္ခသည် ကယ်ဆယ်ရေးလုပ်ငန်းစဉ်တွေကို လွှန်ခဲ့တဲ့ ရက်သတ္တပတ်မှာ ပြန်လည် စတင်ခဲ့ပါတယ်။

စပိန်အစိုးရသစ်ဟာ ပထမဆုံးကြုံရတဲ့ ဒုက္ခသည်ဆိုင်ရာ လိပ်ခဲတည်းလည်း ပြဿနာကို ဇလင်စီယာမှာ ဒုက္ခသည်ကယ်ဆယ်ရေးသင်္ဘောကို ကမ်းကပ်ခွင့် ပြုလိုက်ခြင်းဖြင့် ကူညီဖြေရှင်းခဲ့ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ စပိန်အစိုးရသစ်ဟာ ဒုက္ခသည်အရေးဖြေရှင်းတဲ့နေရာမှာလည်း ရှေ့တန်းက ပါဝင်လို့လာခဲ့ပါတယ်။

စပိန်နိုင်ငံဟာ အခုလို အကွာရီးယက်စ်ဒုက္ခသည်ကယ်ဆယ်ရေးသင်္ဘောပေါ်မှာရှိတဲ့ ဒုက္ခသည်တွေကို အတူတကွ ခွဲဝေယူရေးနဲ့ပတ်သက်ပြီး လမ်းသစ်ထွင်တဲ့ သဘောတူညီချက်တစ်ခုကို နိုင်ငံပေါင်း ခြောက်နိုင်ငံနဲ့အတူ ညှိနှိုင်းတိုင်ပင်မှုတွေ လုပ်ဆောင်ခဲ့တဲ့နေရာမှာ သူ့အနေနဲ့ကတော့ ဒုက္ခသည် ၆၀ ခန့်ကို လက်ခံသွားမယ်လို့ စပိန်ဝန်ကြီးချုပ် ပီဒရိုဆက်ချက်က လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ရေးသားဖော်ပြခဲ့ပါတယ်။

အဲဒီနောက်မှာတော့ မော်လ်တာနိုင်ငံကလည်း ဒုက္ခသည်တွေကို ကမ်းပေါ်တက်ခွင့်ပြုတဲ့အနေနဲ့ ဒုက္ခသည်ကယ်ဆယ်ရေး သင်္ဘောကို ကမ်းကပ်ခွင့်ပေးခဲ့ပါတယ်။ ဒုက္ခသည်အများစုဟာ ကလေးတွေဖြစ်ပြီး သူတို့ဟာ အကြမ်းဖက်မှုတွေဖြစ်ပွားနေတဲ့ ဆိုမာလီနဲ့ ဖိနှိပ်ခံ အီရီထရီးယားနိုင်ငံတို့က ဖြစ်ကြပါတယ်။

ဥပဒေကြောင်းအရ တရားဝင်ခွင့်မပြုသော်လည်း မော်လ်တာနိုင်ငံဟာ အထူးအခွင့်အရေးတစ်ရပ်အနေနဲ့ ဒုက္ခသည်ကယ်ဆယ်ရေးသင်္ဘောကို သူ့ရဲ့ ဆိပ်ကမ်းမှာ ဆိုက်ကပ်ခွင့်ပြုခဲ့တာပါလို့ လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာပေါ်မှာတင်ခဲ့တဲ့ အစိုးရရဲ့ ထုတ်ပြန်ကြေညာချက်မှာ ဖော်ပြထားပါတယ်။

### ကမ်းကပ်ခွင့်မပေးဘဲ မောင်းထုတ်

မတ်လရွေးကောက်ပွဲကျင်းပပြီးတဲ့နောက်မှာ အီတလီနိုင်ငံရဲ့ ဒုက္ခသည်ဆန့်ကျင်ရေးအစိုးရ အာဏာရလာပါတယ်။ အဲဒီအချိန်မှာ လက်ယာစွန်းရောက် ပြည်ထဲရေးဝန်ကြီးသစ် မက်တီယို ဆယ်လ်ဗီနီဟာ နိုင်ငံခြား အစိုးရမဟုတ်တဲ့အဖွဲ့တွေ ဦးဆောင်လုပ်ကိုင်နေတဲ့ ဒုက္ခသည်ကယ်ဆယ်ရေးသင်္ဘောတွေကို ကမ်းကပ်ခွင့်မပေးဘဲ မောင်းထုတ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ်တွေက အီတလီနိုင်ငံဟာ သူ့ရဲ့ အီးယူအဖွဲ့ဝင်နိုင်ငံတွေကို ဒုက္ခသည်အလုံးအရင်းနဲ့ ဝင်ရောက်လာမှုကို ကူညီပေးမယ်လို့ ကတိပေးခဲ့တာရှိပါတယ်။ သို့သော်လည်း အခုအခါမှာတော့ အဲဒီကတိတွေဟာ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြပါပြီ။

လွန်ခဲ့တဲ့ စနေနေ့ကတော့ အီတလီနိုင်ငံရဲ့လက်ယာစွန်းရောက် ပြည်ထဲရေးဝန်ကြီးသစ် မက်တီယို ဆယ်လ်ဗီနီဟာ အကွာရီးယက်စ် ဒုက္ခသည်ကယ်ဆယ်ရေးသင်္ဘောကို အီတလီဆိပ်ကမ်းမှာ ဘယ်တော့မှ မမြင်ချင်ဘူးလို့ ပြောလိုက်ပါတယ်။ ဒုက္ခသည်သင်္ဘောတွေဟာ မှောင်ခိုကုန်ကူးသူတွေကို အားပေးအားမြှောက်ပြုနေတာပါလို့ သူကစွပ်စွဲပြောကြားလိုက်ပြီး ပင်လယ်ထဲမှာ မျောနေတဲ့သူတွေကို နောက်ဆုံးမှာ ကယ်ဆယ်မှုကို ခံရမှာပဲဆိုတဲ့ အတွေးဝင်စေတယ်လို့လည်း သူက ပြောခဲ့ပါတယ်။

သူ့အနေနဲ့ ဘယ်လိုပဲပြောပြော အီတလီကမ်းခြေစောင့်တပ်ဖွဲ့ကတော့ ဒုက္ခသည်တွေကို ဆက်လက်ကယ်တင်ဆဲရှိနေတုန်းပါ။

### တရားဥပဒေအရ လုံးဝခွင့်မပြု

မော်လ်တာအစိုးရဟာ ပထမပိုင်းမှာ ဒုက္ခသည်သင်္ဘောဖြစ်တဲ့ အကွာရီးယက်စ်ကို မောင်းထုတ်ဖို့ သူ့ရဲ့ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး ခုခံကာကွယ်ပြောကြားခဲ့ပါတယ်။ သူက ဘယ်လိုပြောခဲ့သလဲဆိုတော့ ညှိနှိုင်းဆွေးနွေးတာပဲဖြစ်ဖြစ် အခွင့်အာဏာရှိတဲ့သူက ဒုက္ခသည်တွေကို ကယ်ဆယ်ပြီး လုံခြုံတဲ့နေရာပေးတာပဲဖြစ်ဖြစ် တရားဥပဒေအရ လုံးဝခွင့်မပြုဘူးလို့ ပြောခဲ့ပါတယ်။

အာဖရိကနဲ့ အရှေ့အလယ်ပိုင်းမှာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေနဲ့ ဝတ်မွတ်ခေါင်းပါးခြင်းဘေးတွေကြောင့် ထွက်ပြေးလာတဲ့ ဒုက္ခသည်ထောင်ပေါင်းများစွာ ရောက်လာတာနဲ့ပတ်သက်ပြီး ဥရောပမှာရှိတဲ့ ပြည်သူတွေရဲ့အမြင်ဟာ တဖြည်းဖြည်း အလိုမကျတဲ့ မာကျောခက်ထန်တဲ့ပုံစံ ပြောင်းလာပါတယ်။

### ဖြေရှင်းရမလွယ်ကူတဲ့ပြဿနာ

ဒုက္ခသည်သင်္ဘော အကွာရီးယက်စ်ဟာ ထင်ရှားတဲ့ ဥပမာတစ်ခုပဲဖြစ်ပြီး အဲဒီ ဒုက္ခသည်သင်္ဘောဟာ ဘယ်ကမ်းဆီကို ကပ်လို့ ကပ်ရမှန်းမသိဘဲ တဝဲလည်လည် ဖြစ်နေခဲ့တာကို ကြည့်ရင်သိနိုင်ပါတယ်။ ဒုက္ခသည်တွေကို အီးယူနိုင်ငံအများစုက လက်မခံချင်တဲ့သဘော၊ လိုလားဟန်မပြတဲ့သဘောတွေ့မြင်ရပါတယ်။ ဟုတ်ပါတယ်။ အီးယူနိုင်ငံတွေဟာ နောက်ထပ်ရောက်လာတဲ့ ဒုက္ခသည်တွေကို လက်မခံချင်တော့ပါဘူး။ ဘာလို့လဲဆိုတော့ ဒုက္ခသည်အကျပ်အတည်းပြဿနာဟာ ဖြေရှင်းရမလွယ်ကူတဲ့ ပြဿနာတစ်ရပ်ဖြစ်လို့ပဲ ဖြစ်ပါတယ်။

ပြင်သစ်သမ္မတအီမန်နျူရယ်မက်ခရွန်ကို တော်လှန်ရေးဝါဒကိုင်စွဲထားတဲ့ ပြိုင်ဘက်တွေက ဒုက္ခသည်တွေကို လုံခြုံစိတ်ချတဲ့နေရာတစ်ခု ဖန်တီးပေးနိုင်မှုမရှိဆိုကာ ဝေဖန်မှုတွေပြုခဲ့ပါတယ်။ ထို့အပြင် ပြင်သစ်မှာလည်း ဒုက္ခသည်လက်ခံဖို့အရေး အယူဝါဒကွဲပြားမှုတွေ ဖြစ်နေတာကို တွေ့ရပါတယ်။ ပြင်သစ်ပြည်သူတွေဆို ဒုက္ခသည်သင်္ဘော အကွာရီးယက်စ်ကို လက်ခံဖို့ လုံးဝငြင်းဆန်ခဲ့ပါတယ်။ ထို့အတူပဲ ဒုက္ခသည်သင်္ဘော အကွာရီးယက်စ်ကို လက်ခံဖို့အရေး လက်ယာယိမ်း ရီပတ်ဘလစ်ကန်ပါတီနဲ့ လက်ယာစွန်းရောက် အမျိုးသားပါတီတို့ဟာ ငြင်းခုံမှုတွေပြုလုပ်ခဲ့တယ်လို့လည်း သိရပါတယ်။ နောက်ဆုံးမှာ လက်ယာစွန်းရောက်အမျိုးသားပါတီ ပြောရေးဆိုခွင့်ရှိသူက ဒုက္ခသည်သင်္ဘောကို တူနီးရှားနိုင်ငံမှာ ဆိုက်ကပ်ဖို့ အကြံပြုပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

### အယူအဆတွေပြောင်းလဲခဲ့ပြီ

အီးယူနိုင်ငံတွေဟာ ဒုက္ခသည်အရေးနဲ့ပတ်သက်ပြီး အယူအဆတွေပြောင်းလဲခဲ့ပြီလို့ ပြောရမလိုဖြစ်နေပါပြီ။ အရင်က ဒုက္ခသည်တွေကို ကူညီချင်တဲ့ နိုင်ငံတွေအများအပြားရှိသော်လည်း အခုနောက်ပိုင်းမှာတော့ အဲဒီလို မဟုတ်တော့ဘဲ ဒုက္ခသည်ဆိုရင် ခါးခါးသီးသီးကိုဖြစ်နေတာ တွေ့ရပါတယ်။

ဒါပေမယ့် နောက်ဆုံးမှာတော့ ဘယ်နိုင်ငံမှာ ဆိုက်ကပ်ရမလဲမသိတဲ့ အဲဒီကယ်ဆယ်ရေးသင်္ဘောနဲ့ ပတ်သက်တဲ့ လိပ်ခဲတည်းလည်းအခြေအနေကို မော်လ်တာနိုင်ငံက ဖြေရှင်းပေးလိုက်တာကို တွေ့ရမှာဖြစ်ပါတယ်။ မော်လ်တာနိုင်ငံဟာ အကွာရီးယက်စ် ဒုက္ခသည်သင်္ဘောကို ဆိုက်ကပ်ခွင့်ပြုလိုက်ပါတယ်။ ပြီးတော့ ဒုက္ခသည်တွေကို စပိန်နဲ့ပေါ်တူဂီတို့က အများဆုံး မျှယူဖို့ ကမ်းလှမ်းခဲ့သလို ကျန်တဲ့ ဒုက္ခသည်တွေကိုလည်း ပြင်သစ်၊ ဂျာမနီနဲ့ လူဇင်ဘတ်နိုင်ငံတို့က မျှယူမယ်လို့ မော်လ်တာနဲ့ စပိန်နိုင်ငံတို့ရဲ့ အစိုးရသတင်းရင်းမြစ်များမှာ ဖော်ပြခဲ့တာကိုတွေ့ရတဲ့အတွက် အကွာရီးယက်စ်သင်္ဘောမှာပါလာတဲ့ ဒုက္ခသည်အရေးကတော့ အေးသလိုတော့ ရှိခဲ့ပါတယ်။

သို့သော်လည်း နောက်ပိုင်းမှာ ဒီဒုက္ခသည်အရေးဟာ အခုလိုပဲ ဖြေရှင်းလို့ရမှာ မဟုတ်တော့ပါဘူး။ အီးယူပြည်သူတွေ လက်မခံချင်တဲ့ ဒီဒုက္ခသည်အရေးဟာ ခပ်သေးသေးကိစ္စတစ်ခုမဟုတ်ဘဲ အချိန်ယူဖြေရှင်းရမယ့် ကြီးမားတဲ့ ကိစ္စတစ်ခုဆိုတာ ရေးသားတင်ပြလိုက်ရပါကြောင်း။ ။

**ကိုးကား-အေအက်ဖ်ပီ**

**"အီးယူနိုင်ငံတွေဟာ နောက်ထပ် ရောက်လာတဲ့ ဒုက္ခသည်တွေကို လက်မခံချင်တော့ပါဘူး။ ဘာလို့လဲ ဆိုတော့ ဒုက္ခသည် အကျပ်အတည်းပြဿနာဟာ ဖြေရှင်းရ မလွယ်ကူတဲ့ ပြဿနာတစ်ရပ်ဖြစ်လို့ပဲဖြစ်"**

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယ၌ ရေတံခွန်တွင် ရေကစားနေသူ ၁၂ ဦး ရေနောက်မျောပါ

**နယူးဒေလီ ဩဂုတ် ၁၆**

အိန္ဒိယနိုင်ငံအလယ်ပိုင်း မာဒါပရာဒေ့ရှ်ပြည်နယ် ရှစ်ပူရီခရိုင်၏ ဆော်တန်ဂါ ရေတံခွန်တွင် အနည်းဆုံး လူ ၃၀ ခန့် ပိတ်မိနေပြီး ခရီးသွား ၁၂ ဦးခန့် ရေစီးနှင့် မျောပါသွားခဲ့ကြောင်း ပြည်တွင်းသတင်းတစ်ခုတွင် ဖော်ပြခဲ့သည်။

အိန္ဒိယရေတပ်မှ ရဟတ်ယာဉ်တစ်စင်းက ရေတံခွန်အတွင်း ပိတ်မိနေသူများမှ ခုနစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ကျန်ပိတ်မိနေသူအားလုံးကို ကယ်ဆယ်ရန် ကြိုးပမ်းလျက်ရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံ၏ ၇၂နှစ်ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရန် လူငယ် ၄၀ခန့်သည် အဆိုပါ ရေတံခွန်သို့ အပန်းဖြေခရီးထွက်လာခဲ့ကြောင်းနှင့် အနီးအနားရှိ ဆည်တစ်ခုမှ ရုတ်တရက်ရေလွှတ်လိုက်သောကြောင့် ၎င်းတို့အနက် ၁၂ ဦးမှာ ရေတံခွန်တွင် ရေချိုးနေစဉ် ရေစီးနှင့် မျောပါသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

### ဂျပန်နိုင်ငံ၌ သဘာဝဘေးအန္တရာယ် မိုးဇလပညာရှင်များ သတိပေး

**တိုကျို ဩဂုတ် ၁၆**

ဂျပန်နိုင်ငံ မိုးလေဝသအရာရှိများက ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်အတွက် မြစ်ရေလျှံမှုများ၊ ရေကြီးမှုများနှင့် မြေပြိုမှုများ ဖြစ်နိုင်ခြေရှိကြောင်း သတိပေးခဲ့သည်။

အဆိုပါဒေသတွင် နေထိုင်ကြသူများအနေဖြင့် မိုးကြိုးပစ်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းနှင့် လေဆင်နှာမောင်း တိုက်ခတ်ခြင်းများကိုလည်း အထူးသတိပြု စောင့်ကြည့်ရန်လိုကြောင်း ထပ်မံသတိပေးထားသည်။

မိုးလေဝသနှင့် ဇလဗေဒအေဂျင်စီက တိုဟိုကူဒေသနှင့် နီအီဂါတာစီရင်စုများတွင် မိုးများအဆက်မပြတ်ရွာသွန်းနိုင်ကြောင်း ပြောကြားခဲ့သည်။

အာကီတာစီရင်စု ကီတာ-အကီတာမြို့တွင် ၂၄နာရီအတွင်း မိုးရွာသွန်းမှုသည် ၂၂၄ မီလီမီတာအထိ ရောက်ရှိနိုင်ကြောင်း၊ အဆိုပါအတိုင်းအတာသည် ၁၉၇၆ ခုနှစ်မှစကာ အများဆုံး မှတ်တမ်းတင်နိုင်ခဲ့သည့် မိုးရေချိန် မီလီမီတာဖြစ်ကြောင်း သိရသည်။

ထို့အတူ ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ဒေသများတွင်လည်း မြေပြိုမှုများ ဖြစ်ပွားနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။

ထို့အပြင် ဂျပန်နိုင်ငံ အနောက်ပိုင်း ရှိုကိုကိုဒေသတွင်လည်း မိုးပိုနိုင်ကြောင်း မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**

# ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့် ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ ကျေးရွာများ၏လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး

**ဘားအံ ဩဂုတ် ၁၆**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့က ဘားအံမြို့နယ်စုပေါင်းရုံး ပြည်သူ့ဝန်ဆောင်မှုရုံးခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်မှာ ရက်သတ္တသုံးပတ် ကျော်လာခဲ့ပြီဖြစ်ကြောင်း၊ ရှာဖွေကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ကြရသည့်အတွက် အားလုံးပင်ပန်းနေကြပြီဖြစ်ကြောင်း၊ ရက်ကြာလာပါကကျန်းမာရေးကိုထိခိုက်လာနိုင်ကြောင်း၊ ကူညီပံ့ပိုးသူများရှိ၍ ပြန်လည်ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး ရာနှုန်းပြည့် မဟုတ်သော်လည်း အထိုက်အလျောက်အကောင်းဆုံးဆောင်ရွက်ပေးခဲ့ကြောင်း၊ ရေကြီးခဲ့သောကျေးရွာများအနေဖြင့် ကူညီထောက်ပံ့မှုများ မရသေးပါကတင်ပြကြစေလိုပြီး ကျေးရွာများအထိ ရောက်အောင်ပို့ပေးချင်ပါကြောင်း၊ မြို့ပေါ်ရပ်ကွက်များ အချင်းချင်းပူးပေါင်းကူညီပေးကြရန်လိုကြောင်း၊ ကျန်းမာရေးကို ဂရုပြုကြစေလိုပြီး ကူးစက်ရောဂါတစ်ခုခုဖြစ်ပွားလာပါက အန္တရာယ်ကြီးပါကြောင်း၊ အထူးသဖြင့် လူအများစုပေါင်းနေထိုင်ကြသည့် ဘားအံမြို့ပေါ်ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ပို၍စိုးရိမ်မိပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် ကျေးရွာများတွင် အမှန်တကယ်ရေကြီးနစ်မြုပ်ခဲ့ပြီး ပြန်လည်ထူထောင်ရေးတွင် အစိုးရအဖွဲ့၌ရှိသည့် အင်အားအပေါ်မူတည်၍ အကောင်းဆုံး ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၉၁ အုပ်စုအနက် တက်ရောက်လာသည့် ကျေးရွာအုပ်စု ၆၄ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများကို ရေကြီးရေလျှံမှုများနှင့်ပတ်သက်၍ လိုအပ်ချက်များအား တစ်ဦးချင်းမေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**



# ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် သုတေသနစာတမ်းဖတ်ပွဲ တက်ရောက်

**တောင်ကြီး ဩဂုတ် ၁၆**

တောင်ကြီးတက္ကသိုလ် (၂၆)နှစ်မြောက် တက္ကသိုလ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ယနေ့ နံနက်က တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။

တောင်ကြီးတက္ကသိုလ်ကို ၁၉၆၁ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် တောင်ကြီးတက္ကသိုလ် ဥပစာကောလိပ်အဖြစ် စတင်တည်ထောင်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် တောင်ကြီးဒေသကောလိပ်၊ ၁၉၈၁ ခုနှစ်တွင် တောင်ကြီးကောလိပ်၊ ၁၉၈၆ ခုနှစ်တွင် တောင်ကြီး ဒီဂရီကောလိပ်အဖြစ် တိုးမြှင့်ခဲ့ပြီး ၁၉၉၂ ခု ဩဂုတ် ၁၇ ရက်တွင် တောင်ကြီးတက္ကသိုလ် အဖြစ် စတင်ခဲ့သည့်အတွက် ယခုနှစ် ဩဂုတ် ၁၇ ရက်သည် တောင်ကြီး တက္ကသိုလ်၏ (၂၆)နှစ်မြောက် တက္ကသိုလ်နှစ်ပတ်လည်နေ့ ကျရောက်တော့မည်ဖြစ်ကြောင်း၊ ယနေ့ပြုလုပ်သော တောင်ကြီးတက္ကသိုလ် (၂၆)နှစ်မြောက် တက္ကသိုလ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲဖွင့်ပွဲကို "ကမ္ဘာမြေစိမ်းလန်းစေဖို့ ပညာစွမ်းရည် မြှင့်တင်စို့" ဟူသောဦးတည်ချက်နှင့် ကျင်းပရခြင်းဖြစ်သလို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ စာတမ်းဖတ်ပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းစုစုပေါင်း ၁၇ စောင်ကို ဖတ်ကြားတင်သွင်းသွားမည်ဟု သိရှိရကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်ကြစေရန် ဆန္ဒပြုပါကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကား၌ ထည့်သွင်းပြောကြားသည်။



အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်ဆိုင်ရာ ဌာနများမှ ပါမောက္ခ ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ချင်းပြည်နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ဆုပေးပွဲကျင်းပ

**ဟားခါး ဩဂုတ် ၁၆**

ချင်းပြည်နယ် ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က နိုင်ငံတော်အစိုးရအနေဖြင့် လူမှုရေးဦးတည်ချက်ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အစဉ်တစိုက် တိုးမြှင့်အကောင်အထည်ဖော်ရာတွင် ကဏ္ဍတစ်ရပ်ဖြစ်သော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုကို အမျိုးသားရေးအသွင်ဖြင့် ဩဂုတ်လပထမပတ်မှ စတုတ္ထပတ်အထိ နိုင်ငံတစ်ဝန်း၌ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ပြည်နယ်၏ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ရာတွင် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းသည်လည်း အရေးကြီးသောကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ခရိုင်၊ မြို့နယ် စံပြမိခင်များရွေးချယ်ခြင်း၊ အာဟာရပြည့်ဝမျှတသော အစားအစာများပြသခြင်း၊ အာဟာရဆိုင်ရာပညာပေးခြင်း၊ အိုင်အိုဒင်းဆားအရည်အသွေးစစ်ဆေးခြင်း ၊ သန်ချဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်နေကြောင်း၊ အာဟာရပြည့်ဝလျှင်ရောဂါကင်းစင်၊ ပျော်ရွှင် ကျန်းမာ စိတ်ချမ်းသာ ဆောင်ပုဒ်နှင့်အညီ အာဟာရပြည့်ဝမျှတပြီး ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်း သမီးကောင်းရတနာများ ပေါ်ထွက်လာစေရေးကို ဘက်ပေါင်းစုံမှ အရှိန်ဟုန်မြှင့်ဆောင်ရွက်နေကြောင်းကို ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူတို့က စံပြဆုရမိခင်များအားဆုများချီးမြှင့်ပေးကြပြီး အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးများအား အင်အားပြည့်ဗီတာမင်အေ ဆေးလုံး တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရသံဓာတ်ဆေးပြားနှင့် ဗီတာမင်ဆေးပြားများ ဝေငှပေးခြင်းတို့ ဆောင်ရွက်ပေးကြသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့မှကိုယ်စားလှယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (မြန်/ဆက်)**

# အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့ မိုင်းဖြတ်မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဩဂုတ် ၁၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ရှမ်းပြည်နယ် အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလ၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဂူဆာနှင့် တာဝန်ရှိသူများသည် ယမန်နေ့က မိုင်းဖြတ်မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကျိုင်းတုံမြို့) မှ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်နှင့်အဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးစိုင်းကျော်၊ ဦးအားကို၊ မိုင်းဖြတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈ ခုနှစ်ဘဏ္ဍာနှစ်အတွက် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်သည့် မိုင်းဖြတ် - ပါညု ၀/၆ မိုင်ကျောက်ချောလမ်းကို လည်းကောင်း၊ မိုင်းဖြတ်- မိုင်းယောင်းလမ်းပိုင်း တိုးချဲ့အခြေခံလွှာလမ်း ဆောင်ရွက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ပါဆန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကာ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများနှင့် အခက်အခဲများကို မေးမြန်းခဲ့ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အေးမြတ်ဝင်းနှင့် ကျေးလက်ကျန်းမာရေးမှူး ဦးဘုန်းမော်တို့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။



ဆက်လက်၍ အလက(ပါဆန်း)ကျောင်းသို့ သွားရောက်ပြီး ဆရာဆရာမများနှင့် တွေ့ဆုံကာ ပညာရေးလုပ်ငန်းများကို မေးမြန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စန်းနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုင်းညွန့်ဝင်းတို့က ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ် ( မြန် /ဆက်)**



**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# ရွှေအသုံးအဆောင်များ တင်ပို့/ တင်သွင်းခြင်းကို ခွင့်ပြုဆောင်ရွက်ပေးမည်

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ Culture Valley တွင် စက်တင်ဘာလ ၃ ရက်နေ့မှ စတင်၍ ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင်များ တင်ပို့/တင်သွင်းခြင်းကို ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းနှင့် ပတ်သက်၍ စိစစ်တန်ဖိုးဖြတ်အဖွဲ့တို့နှင့်အတူ ဆက်စပ်ဌာနများပါဝင်သည့် One Stop Service Centre ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ တင်ပို့တင်သွင်းမည့် ပစ္စည်းများမှန်ကန်မှုရှိစေရေးနှင့် အခြားမလိုလားအပ်သော ကိစ္စရပ်များမဖြစ်ပေါ်စေရေးအတွက် လေဆိပ်တွင် စစ်ဆေးခြင်းများ ဆောင်ရွက်ရန် စစ်ဆေးရေးအဖွဲ့များဖွဲ့စည်းခြင်းကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ရွှေနှင့်ရွှေထည်ပစ္စည်းများကို တင်ပို့/တင်သွင်းခြင်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များကို အချိန်ပြည့်ဆောင်ရွက်နိုင်ရေးနှင့် စိစစ်တန်ဖိုးဖြတ်ရန်အတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများ၊ ရုံးပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားနိုင်ရန်နှင့် အသင်းကိုယ်စားလှယ် တစ်ဦးစီကို တာဝန်ထမ်းဆောင်နိုင်ရေးအတွက် စေလွှတ်ပေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အသင်းချုပ်၊ ရန်ကုန်ရွှေလုပ်ငန်းရှင်များအသင်းတို့ကို အကြောင်းကြားစာ ပေးပို့ထားကြောင်း သိရသည်။ **ထင်ပေါ်ဝင်း (ကမာရွတ်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၆-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၅၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၅၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၉၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၅/၉၅၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၅/၉၆၀ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၉၀/၉၂၀ ကျပ် | ၉၆၅/၉၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၅/၉၇၀ ကျပ် | ၁၀၂၀/၁၀၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၉၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၀ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၈၆ · ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၀၁ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၅၅ · ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၃ · ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၆ · ၀၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၄၂၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၁ · ၉၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ · ၉၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၄ · ၉၅၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ကွန်ပျူတာပညာရှင်အသင်းက နည်းပညာသင်တန်းနှစ်ခု ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၁၆**

နည်းပညာများကိုစိတ်ဝင်စားသော လူငယ်များအတွက် IT နည်းပညာဆိုင်ရာ သင်တန်းနှစ်ခုဖြစ်သည့် Practical Server Virtualization လက်တွေ့သင်တန်း အမှတ်စဉ် (၈) နှင့် Basic Wireless Networking အမှတ်စဉ်(၁၁) သင်တန်းနှစ်ခုကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

Practical Server Virtualization လက်တွေ့ သင်တန်းကို စက်တင်ဘာ ၁ ရက်မှ ၂၃ ရက်အထိ စနေ၊ တနင်္ဂနွေခြောက်ရက် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး Virtualization နှင့် ဒေတာစင်တာအကြောင်း၊ မိုက်ခရိုဆော့ဖ် ဝင်းဒိုးဆာဗာ အကြောင်း စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း၊ သင်တန်းပြီးဆုံးပါက ဒေတာစင်တာဝန်ဆောင်မှုများကို အခြေခံ သိရှိနားလည်ပြီး Virtualization လုပ်ငန်းဆောင်တာများကို သိရှိသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကြေးမှာ ကျပ် ၉၀၀၀၀ ဖြစ်ပြီး သင်တန်းတွင် Dell Server များဖြင့် သင်ကြားမည်ဖြစ်သဖြင့် သင်တန်းတက်ရောက်မည့်သူများအနေဖြင့် ကိုယ်ပိုင်လက်ပ်တော့ပ်များ ယူဆောင်လာရန်မလိုကြောင်း သိရသည်။

Wireless Networking အခြေခံသင်တန်းမှာ Networking နှင့်ပတ်သက်၍ အခြေခံသီအိုရီပိုင်း ကျွမ်းကျင်ပြီး လက်တွေ့အသုံးချနိုင်သော လူငယ်ပညာရှင်များ ပေါ်ထွက်လာရန်နှင့် လုပ်ငန်းခွင်အတွင်း လက်တွေ့အသုံးချလျက်ရှိသော ဝိုင်ယာလက်စ် စံနှုန်းများ၊ အင်တင်နာများ၊ ဝိုင်ယာလက်စ်၏ အားသာချက်နှင့် အားနည်းချက်များ၊ ဝိုင်ယာလက်စ်ချိတ်ဆက်ရာတွင် ကြုံတွေ့ရနိုင်သည့်အခက်အခဲများကို သိရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ခြင်းဖြင့် ဝိုင်ယာလက်စ်နှင့်ပတ်သက်သည့် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်တစ်ခုဖြစ်သော Certified Wireless Technology Specialist (CWTS) ကို ဖြေဆိုရန်လည်း များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ သင်တန်းသို့ Networking ပညာရပ် အခြေခံသိရှိထားသူများသာ တက်ရောက်နိုင်ကြောင်း သိရသည်။ သင်တန်းကာလမှာ စက်တင်ဘာ ၈ ရက်မှ ၃၀ ရက်အထိ စနေ၊ တနင်္ဂနွေ မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်တစ်သိန်းဖြစ်ကြောင်း သိရသည်။

သင်တန်းများအတွက် MICT Park အဆောက်(၉) မြေညီထပ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်းတွင် သင်တန်းဖွင့်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက အသင်းရုံးခန်း ဖုန်း-၀၁-၆၅၂၂၇၆ နှင့် ၀၉-၇၃၀၈၈၃၀၀ သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ **သူရဖြိုး**

# Mytel က FTTH အင်တာနက်ဝန်ဆောင်မှုကို ရန်ကုန်တွင် စတင်မိတ်ဆက်

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်မြို့ရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက်လည်းကောင်း၊ အိမ်သုံးအဖြစ်လည်းကောင်း သင့်တော်သော Fiber-to-the-home(FTTH) အင်တာနက်ဝန်ဆောင်မှုကို အော်ပရေတာတစ်ခုဖြစ်သည့် Mytel က ဩဂုတ် ၁၅ ရက်မှ စတင်မိတ်ဆက်လိုက်သည်။

အဆိုပါဝန်ဆောင်မှုတွင် အမြန်နှုန်းအစီအစဉ်သုံးမျိုးပါဝင်ပြီး 5Mbps+2Mbps အတွက် လစဉ်ကြေး ကျပ် ၄၉၀၀၀၊ 10Mbps+4Mbps အတွက် လစဉ်ကြေး ကျပ် ၈၉၀၀၀ နှင့် 15Mbps+6Mbps အတွက် လစဉ်ကြေး ကျပ် ၁၂၂၀၀၀ ဖြစ်သည်။ Mytel FTTH ဝန်ဆောင်မှုကို ရယူပါက သုံးရက်အတွင်း အပြီးတပ်ဆင်ပေးမည်ဖြစ်သည့်အပြင် ခြောက်လစာ ငွေကြိုတင်ပေးသွင်း၍ တပ်ဆင်ပါက တပ်ဆင်ခ အခမဲ့ ရရှိမည်ဖြစ်သလို တစ်နှစ်စာ ငွေကြိုတင်ပေးသွင်းပါက တစ်လ အပိုသုံးစွဲခွင့်ကိုပါ ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

Mytel အနေဖြင့် FTTH ဝန်ဆောင်မှုအတွက် အသုံးပြုသူများ၏ အဆင်မပြေမှုများကို ဖြေရှင်းပေးရန် ၂၄ နာရီဝန်ဆောင်မှုကိုလည်း ထားရှိထားပြီး အဆိုပါ ဝန်ဆောင်မှုကို လက်ရှိအချိန်တွင် ရန်ကုန်မြို့၌သာ ရနိုင်သေးသော်လည်း နိုင်ငံအတွင်းရှိ အခြားဒေသများသို့ပါ တိုးချဲ့၍ ဝန်ဆောင်မှုပေးသွားနိုင်ရန်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ဇင်ဦး**

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

New Product

# မျက်နှာပြင်ပြည့်စခရင်နဲ့ ဈေးနှုန်းသက်သာတဲ့ Oppo A3S စမတ်ဖုန်းသစ်

Oppo A3S ဟာ ပြီးခဲ့တဲ့ ဇူလိုင်လထဲမှာ နိုင်ငံတကာမှာ စတင်ပြသခဲ့တာဖြစ်ပြီး လကုန်ပိုင်းမှာ နိုင်ငံတကာဈေးကွက်မှာ စတင်ရောင်းချပါတယ်။ ဖုန်းရဲ့ စခရင်ဟာ မျက်နှာပြင်ပြည့်နီးပါးဖြစ်ပြီး အရွယ်အစားကြီးခြင်းနဲ့ စွမ်းဆောင်ရည် အသင့်အတင့်ကောင်းမွန်ခြင်းတို့အပြင် ဈေးနှုန်းကလည်း မများတာကြောင့် ပြည်တွင်းဈေးကွက်မှာ စိတ်ဝင်စားမှုမြင့်တက်နေတဲ့ဖုန်း ဖြစ်ပါတယ်။

စခရင်ဟာ ကင်မရာနဲ့ စပီကာပေါက်နေရာကလွဲရင် မျက်နှာပြင်ပြည့်နီးပါးဖြစ်တဲ့ Notch ဒီဇိုင်းဖြစ်ပြီး ၆ ဒသမ ၂ လက်မရှိလို့ စခရင်အရွယ်အစား ကြီးမားပါတယ်။ Resolution ကလည်း 720x1520 pixels ရှိလို့ ရုပ်ထွက်အရည်အသွေးကလည်း အသင့်အတင့် ကောင်းမွန်ပါတယ်။

အန်းဒရွိုက်ဗားရှင်းက 8.1(Oreo)ကိုသုံးထားလို့ ဗားရှင်းအမြင့်ဖြစ်ပြီး UI အနေနဲ့ Color OS 5.1 နဲ့ တွဲသုံးထားပါတယ်။ CPU က Octa-core 1.8 GHz ကို သုံးထားပြီး RAM ကတော့ 2GB ပဲရှိလို့ အနည်းငယ်နိမ့်နေသလို အင်တာနယ်မင်မိုရီကလည်း 16GB ပဲရှိလို့ မင်မိုရီများလာတဲ့ အခြားဖုန်းမော်ဒယ်သစ်တွေနဲ့ယှဉ်ရင် တော်တော်နည်းနေပါတယ်။ ဒါပေမယ့် မင်မိုရီကတ်ထပ်စိုက်သုံးရင် 256GB အထိ ထောက်ပံ့ပေးထားပြီး မင်မိုရီကတ်အတွက် သီးသန့်အပေါက်လည်း ပါဝင်ပါတယ်။ ဆင်းကတ်အနေနဲ့ GSM ဆင်းကတ်နှစ်ကတ် သုံးနိုင်မှာဖြစ်ပြီး အင်တာနက်အတွက်လည်း 4G ကို ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာ နောက်ကင်မရာဟာ ၁၃ မဂ္ဂါပစ်ဇယ်နဲ့ ၂ မဂ္ဂါပစ်ဇယ်ရှိတဲ့ Dual ကင်မရာဖြစ်ပြီး ဈေးနှုန်းနဲ့ယှဉ်ရင် ထိုက်တန်တဲ့အရည်အသွေးရှိပါတယ်။ ဆယ်လ်ဖီကင်မရာကလည်း ၈မဂ္ဂါပစ်ဇယ်ရှိပါတယ်။ ဘက်ထရီပိုင်းဟာလည်း 4230 mAh ရှိတဲ့ Li-ion ဘက်ထရီကို သုံးထားလို့ အထူးကောင်းမွန်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ အနီရောင်နဲ့ ခရမ်းရောင် နှစ်မျိုးရရှိနိုင်ပြီး ဈေးနှုန်းက ကျပ် ၁၉၉၀၀၀ ဖြစ်ပါတယ်။ **ကျော်ဇင်ဦး**



မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး(တာဝန်) - ဝင်းကျော်
စာတည်းမှူး - မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# အမ်မရီအတွက်ဒုတိယမြောက်အဟန့်အတား

● ဝေမိုးဆက်



ပရီမီယာလိဂ်အဖွင့်ပွဲစဉ်မှာတော့ မန်ယူ၊ စပါးတို့က ခြေစွမ်းပိုင်းအကောင်းဆုံး မဖြစ်ခဲ့ပေမယ့် နိုင်ပွဲတွေရယူနိုင်ခဲ့ကြသလို လီဗာပူး၊ ချယ်လ်ဆီးတို့ကလည်း အကောင်းဆုံးခြေစွမ်းတွေနဲ့ဂိုးပြတ်နိုင်ပွဲတွေကို ယူဆောင်နိုင်ခဲ့ကြပါတယ်။ ဒါပေမယ့် အာဆင်နယ်ကတော့ အိမ်ကွင်းမှာ ကစားခဲ့ရပေမယ့် မန်စီးတီးကိုမယှဉ်နိုင်ခဲ့ဘဲ နှစ်ဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့ရပြီး ဒီပွဲစဉ် ၂ မှာလည်း အသင်းကြီးတစ်သင်းဖြစ်တဲ့ ချယ်လ်ဆီးနဲ့ရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ပါ့မလား စောင့်ကြည့်ရမယ်။

### ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| ရီချာလီဆန် | အဲဗာတန် | ၂ ဂိုး |
| မာနေး | လီဗာပူး | ၂ ဂိုး |
| ပီရီယာ | ဝတ်ဖို့ဒ် | ၂ ဂိုး |
| အလီ | စပါးစ် | ၁ ဂိုး |
| ရှူဘင်နီဗက်စ် | ဝုဖ် | ၁ ဂိုး |

## ကာဒစ်ဖ် Vs ကာဆယ်

ကစားမည့်အချိန် ည ၆:၀၀ (၁၈-၈-၁၈) Cardiff City Stadium

နောက်ဆုံးဆုံတွေ့မှု - ကာဒစ်ဖ် ၀-၂ ကာဆယ်

အဖွင့်ပွဲစဉ်မှာ ဘုန်းမောက်ကို အရေးနိမ့်ခဲ့တာကြောင့် ဒီအိမ်ကွင်းပွဲစဉ်မှာတော့ ကာဒစ်ဖ်တို့ အမှတ်ရယူနိုင်ရေးအတွက် အားစိုက်ကစားလာမှာပါ။ ဒါပေမယ့် ကာဒစ်ဖ်ခြေစွမ်းက အားနည်းမှုအချို့ရှိနေပါတယ်။ ကာဆယ်ကတော့အဖွင့်ပွဲစဉ်မှာ စပါးကို တုံ့ပြန်ကစားပုံ ထက်မြက်မှုရှိခဲ့တာတွေ့ရတယ်။ တိုက်စစ်ကစားပုံကောင်းသလို အသင်းလိုက်ဟန်ချက်လည်း တည်ငြိမ်မှုရှိပါတယ်။ ကာဒစ်ဖ်တို့ အိမ်ကွင်းမှာ သရေသာ အမြင့်ဆုံးရနိုင်တယ်။

## အဲဗာတန် Vs ဆောက်သမ်တန်

ကစားမည့်အချိန် ည ၈:၃၀ (၁၈-၈-၁၈) Goodison Park

နောက်ဆုံးဆုံတွေ့မှု - အဲဗာတန် ၁-၁ ဆောက်သမ်တန်

အဲဗာတန်ဟာ အဖွင့်ပွဲစဉ်မှာ ဝုဖ်ကို သရေသာကစားနိုင်ခဲ့ပေမယ့် ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာတွေ့ရတယ်။ ဒီပွဲက အိမ်ကွင်းလည်းဖြစ်လို့ အဲဗာတန်တို့ နိုင်ပွဲရရှိရေး အားစိုက်လာမှာပါ။ ဆောက်သမ်တန်က ဘန်လေနဲ့ပွဲစဉ်မှာ ကစားပုံ သာမန်သာရှိခဲ့တာတွေ့ရသလို တိုက်စစ်ပိုင်း ထက်မြက်မှုအားနည်းခဲ့တာလည်းတွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဆောက်သမ်တန်တို့ အဲဗာတန်ကိုအသာရဖို့ခက်ပြီး အဲဗာတန်ကသာ နိုင်ပွဲရသွားမှာပါ။

## လက်စတာ Vs ဝုဖ်

ကစားမည့်အချိန် ည ၈:၃၀ (၁၈-၈-၁၈) King Power Stadium

နောက်ဆုံးဆုံတွေ့မှု - ဝုဖ် ၁-၀ လက်စတာ

မန်ယူကို အရေးနိမ့်ခဲ့ရပေမယ့်လည်း လက်စတာရဲ့ခြေစွမ်းပိုင်းမညံ့ခဲ့ဘဲ မန်ယူကိုတုံ့ပြန်ဖိအားပေးနိုင်ခဲ့တာတွေ့ရပါတယ်။ တိုက်စစ်ပိုင်းကစားပုံကောင်းမွန်မှုရှိသလို ကွင်းလယ်ပိုင်းကလည်း ဟန်ချက်မိနေတယ်။ ဒီပွဲက အိမ်ကွင်းလည်းဖြစ်လို့ လက်စတာတို့နိုင်ပွဲအတွက် တိုက်စစ်ဖွင့်ကစားလာမှာပါ။ ဝုဖ်က အသင်းကောင်းတစ်သင်းဖြစ်ပေမယ့်လည်း ဒီပွဲမှာ လက်စတာကိုတော့ ထိန်းချုပ်နိုင်ဖို့ခက်တယ်။ အိမ်ကွင်းမှာ လက်စတာပဲ နိုင်ပွဲရမယ်။

## စပါး Vs ဖူလ်ဟမ်

ကစားမည့်အချိန် ည ၈:၃၀ (၁၈-၈-၁၈) Wembley Stadium

နောက်ဆုံးဆုံတွေ့မှု - ဖူလ်ဟမ် ၀-၃ စပါး

အဖွင့်ပွဲစဉ်မှာ နယူးကာဆယ်ကိုအနိုင်ရခဲ့ပေမယ့် စပါးခြေစွမ်း ထင်သလောက်ကောင်းမွန်ခြင်းမရှိပါဘူး။ ဆွန်ဟောင်မင် မပါဝင်နိုင်တဲ့အတွက် တိုက်စစ်ပိုင်းအနည်းငယ် အားနည်းနိုင်သလို ဟယ်ရီကိန်းကလည်း ပွဲပန်းမှုကြောင့် ခြေစွမ်းပျောက်ဆုံးနေရတယ်။ ဒါပေမယ့် ဖူလ်ဟမ်ကလည်း အိမ်ကွင်းမှာ ပဲလေ့စ်ကိုအရေးနိမ့်ခဲ့တဲ့အထိ ခြေစွမ်းပိုင်း အားနည်းနေပါတယ်။ အိမ်ကွင်းမှာ နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်လာမယ့်စပါးသာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

## ဝက်စ်ဟမ်း Vs ဘုန်းမောက်

ကစားမည့်အချိန် ည ၈:၃၀ (၁၈-၈-၁၈) London Stadium

နောက်ဆုံးဆုံတွေ့မှု - ဝက်စ်ဟမ်း ၁-၁ ဘုန်းမောက်

ကစားသမားကောင်းများစွာခေါ်ယူထားပေမယ့်လည်း အပြောင်းအလဲများလွန်းတဲ့ ဝက်စ်ဟမ်းဟာ ခြေစွမ်းပိုင်း အားနည်းနေဆဲ ဖြစ်ပါတယ်။ တိုက်စစ်၊ ခံစစ်၊ ကွင်းလယ်နေရာစုံမှာ အထိုင်မကျမှုတွေတွေ့နေရဆဲပါ။ ဘုန်းမောက်ကတော့ အသင်းလိုက်ဟန်ချက်ကောင်းမွန်ပြည့်စုံတဲ့ အသင်း ဖြစ်ပါတယ်။ ဒီပွဲလည်း အိမ်ကွင်းဖြစ်လို့ ဝက်စ်ဟမ်းနိုင်ပွဲရအောင်အားစိုက်လာမှာ ဖြစ်ပေမယ့် ဘုန်းမောက်ကိုအသာရဖို့ခက်ပြီး နိုင်ပွဲပျောက်ဦးမယ်။

## မန်စီးတီး Vs ဟတ်ဒါဖီးလ်

ကစားမည့်အချိန် ည ၇:၀၀ (၁၉-၈-၁၈) Etihad Stadium

နောက်ဆုံးဆုံတွေ့မှု - မန်စီးတီး ၀-၀ ဟတ်ဒါဖီးလ်

မန်စီးတီးခြေစွမ်းပိုင်းကောင်းမွန်နေဆဲ ဖြစ်တယ်။ ဆာနေး၊ ဒီဘရူနီတို့ပွဲထွက်ပါဝင်ခြင်း မရှိတာတောင် အာဆင်နယ်ကို အကောင်းဆုံးခြေစွမ်းနဲ့အနိုင်ကစားနိုင်ခဲ့တယ်။ ဒီပွဲကလည်း အိမ်ကွင်းဖြစ်တာကြောင့် မန်စီးတီးတို့ တိုက်စစ်အားပြုကစားလာမှာလည်း သေချာတယ်။ ဟတ်ဒါဖီးလ်ကတော့ အမှတ်ရရှိအောင် ခံစစ်အားပြုလာမှာဖြစ်ပေမယ့် မန်စီးတီးရဲ့တိုက်စစ်ကို ထိန်းချုပ်ဖို့ခက်ပါတယ်။ မန်စီးတီးကသာ ဂိုးပြတ်နိုင်ပွဲရသွားဖို့ရှိတယ်။

## ချယ်လ်ဆီး Vs အာဆင်နယ်

ကစားမည့်အချိန် ည ၁၁:၀၀ (၁၈-၈-၁၈) Stamford Bridge

နောက်ဆုံးဆုံတွေ့မှု - အာဆင်နယ် ၁-၁ ချယ်လ်ဆီး

အာဆင်နယ်မှာ လိုအပ်ချက်တွေရှိနေသေးတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းမှာအခွင့်အရေးတွေကို အသုံးချနိုင်မှုမရှိတာကို တွေ့ရပါတယ်။ အာဆင်နယ်အနေနဲ့အဖွင့်မှာ မန်စီးတီးကိုအရေးနိမ့်ခဲ့လို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့်အဝေးကွင်းဖြစ်နေတာကိုလည်း သတိပြုရမှာပါ။ ချယ်လ်ဆီးကတော့ အဖွင့်ပွဲစဉ်မှာကစားပုံကောင်းမွန်ခဲ့တာတွေ့ရပါတယ်။ ဆာရီလက်ထက်မှာအသင်းကစားဟန် ပိုမိုကောင်းမွန်လာတယ်။ ချယ်လ်ဆီးတို့ သရေကစားသွားနိုင်ဖို့ရှိပါတယ်။

## ဘရိုက်တန် Vs မန်ယူ

ကစားမည့်အချိန် ည ၉:၃၀ (၁၉-၈-၁၈) The American Express

နောက်ဆုံးဆုံတွေ့မှု - ဘရိုက်တန် ၁-၀ မန်ယူ

လက်စတာနဲ့ပွဲစဉ်မှာ နိုင်ပွဲရခဲ့ပေမယ့် မန်ယူခြေစွမ်းပိုင်းက သာမန်သာရှိခဲ့ပါတယ်။ အထူးသဖြင့် ဒီပွဲက အဝေးကွင်းလည်းဖြစ်နေတာကြောင့် မန်ယူတို့ ဘရိုက်တန်ကို လွယ်လွယ်နဲ့တော့ အနိုင်မရနိုင်ပါဘူး။ ဘရိုက်တန်က ဝက်ဖို့ဒ်ကိုအရေးနိမ့်ခဲ့တာကြောင့် ဒီအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ မာတစ်ဒဏ်ရာရနေသလို လူကာကူပုံမှန်ခြေစွမ်းမရသေးတဲ့ မန်ယူအနေနဲ့ ကပ်ပြီးသာနိုင်မယ်။

## ဘန်လေ Vs ဝက်ဖို့ဒ်

ကစားမည့်အချိန် ည ၇:၀၀ (၁၉-၈-၁၈) Turf Moor

နောက်ဆုံးဆုံတွေ့မှု - ဝက်ဖို့ဒ် ၁-၂ ဘန်လေ

ယူရိုပါလိဂ်ခြေစစ်ပွဲတွေကြောင့် ဘန်လေ ပွဲပန်းနေပေမယ့်လည်း ကစားပုံကကောင်းမွန်ဆဲဖြစ်ပါတယ်။ ဂျိုးဟတ်ကို ခေါ်ယူထားနိုင်တာကြောင့်လည်း ခံစစ်ဇုန်ပိုမိုကျစ်လျစ်လာပါတယ်။ ဒီပွဲက အိမ်ကွင်းဖြစ်နေတာကြောင့် ဘန်လေတို့ ပိုမိုအားစိုက်လာမှာဖြစ်တယ်။ ဝက်ဖို့ဒ်ကခြေစွမ်းမဆိုးပေမယ့် ဘန်လေကို အသာရဖို့တော့ မလွယ်ဘူး။ ကစားပုံကျစ်လျစ်တဲ့ ဘန်လေကသာ အိမ်ကွင်းမှာ နိုင်ပွဲကပ်ရသွားဖို့ရှိပြီး သွင်းဂိုးလည်းနည်းမယ်။

## ပဲလေ့စ် Vs လီဗာပူး

ကစားမည့်အချိန် နံနက် ၁:၃၀ (၂၀-၈-၁၈) Selhurst Park

နောက်ဆုံးဆုံတွေ့မှု - ပဲလေ့စ် ၁-၂ လီဗာပူး

လီဗာပူးခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိပါတယ်။ တိုက်စစ်ကစားပုံ ကောင်းမွန်မှုရှိသလို ကီတာပါဝင်လာတဲ့ကွင်းလယ်ကလည်း ကစားပုံပိုမိုကောင်းမွန်လာခဲ့ပါတယ်။ ဒါပေမယ့်လည်း ပဲလေ့စ်ခြေက လျှော့တွက်ဖို့ခက်ခဲသလို အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းအရ ပိုမိုကျစ်လျစ်မှုရှိကာ တန်ပြန်တိုက်စစ်ကိုလည်း ပိုင်ပိုင်နိုင်နိုင် ကစားနိုင်စွမ်းရှိပါတယ်။ လီဗာပူးနိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ဂိုးပြတ်နိုင်ဖို့တော့ခက်တယ်။

## ပရီမီယာလိဂ်ပွဲစဉ် (၂)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၈-၈-၁၈)** | | | |
| ည ၆:၀၀ | ကာဒစ်ဖ် | - | နယူးကာဆယ် |
| ည ၈:၃၀ | အဲဗာတန် | - | ဆောက်သမ်တန် |
| ည ၈:၃၀ | လက်စတာ | - | ဝုဖ် |
| ည ၈:၃၀ | စပါး | - | ဖူလ်ဟမ် |
| ည ၈:၃၀ | ဝက်စ်ဟမ်း | - | ဘုန်းမောက် |
| ည ၁၁:၀၀ | ချယ်လ်ဆီး | - | အာဆင်နယ် |
| **တနင်္ဂနွေနေ့ (၁၉-၈-၁၈)** | | | |
| ည ၇:၀၀ | ဘန်လေ | - | ဝက်ဖို့ဒ် |
| ည ၇:၀၀ | မန်စီးတီး | - | ဟက်ဒါဖီးလ် |
| ည ၉:၃၀ | ဘရိုက်တန် | - | မန်ယူ |
| **တနင်္လာနေ့ (၂၀-၈-၁၈)** | | | |
| နံနက် ၁:၃၀ | ပဲလေ့စ် | - | လီဗာပူး |

## လာလီဂါပွဲစဉ် (၁)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၇-၈-၁၈)** | | | |
| နံနက် ၀၀:၄၅ | ဂျီရိုနာ | - | ဗယ်လာဒိုးလစ် |
| နံနက် ၂:၄၅ | ဘက်တစ် | - | လီဗန်တေး |
| **စနေနေ့ (၁၈-၈-၁၈)** | | | |
| ည ၁၀:၄၅ | ဆဲလ်တာဗီဂို | - | အက်စ်ပန်ညို |
| နံနက် ၀၀:၄၅ | ဗီလာရီးရဲ | - | ဆိုစီဒက်စ် |
| နံနက် ၂:၄၅ | ဘာစီလိုနာ | - | အလာဗက်စ် |
| **တနင်္ဂနွေနေ့ (၁၉-၈-၁၈)** | | | |
| ည ၁၀:၄၅ | အီဘာ | - | ဝက်စ်ကာ |
| နံနက် ၀၀:၄၅ | ဗယ်လီကာနို | - | ဆီဗီလာ |
| နံနက် ၂:၄၅ | ရီးရဲမက်ဒရစ် | - | ဂီတာဖေး |
| **တနင်္လာနေ့ (၂၀-၈-၁၈)** | | | |
| နံနက် ၀၀:၃၀ | ဗလင်စီယာ | - | အက်သလက် |
| နံနက် ၂:၃၀ | ဘီလ်ဘို | - | လီဂါနက်စ် |

## စီးရီးအေပွဲစဉ် (၁)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၈-၈-၁၈)** | | | |
| ည ၁၀:၃၀ | ချီယေဗို | - | ဂျူဗင်တပ်စ် |
| နံနက် ၁:၀၀ | လာဇီယို | - | နာပိုလီ |
| **တနင်္ဂနွေနေ့ (၁၉-၈-၁၈)** | | | |
| ည ၁၀:၃၀ | တိုရီနို | - | ရိုးမား |
| နံနက် ၁:၀၀ | ဘိုလော့ဂ်နာ | - | SPAL |
| နံနက် ၁:၀၀ | အမ်ပိုလီ | - | ကက်ဂလီယာရီ |
| နံနက် ၁:၀၀ | မီလန် | - | ဂျီနိုအာ |
| နံနက် ၁:၀၀ | ပါးမား | - | အူဒီးနိစ် |
| နံနက် ၁:၀၀ | ဆမ့်ဒိုးရီးယား | - | ဖီအိုရင်တီးနား |
| နံနက် ၁:၀၀ | ဆက်ဆူအိုလို | - | အင်တာ |
| **တနင်္လာနေ့ (၂၀-၈-၁၈)** | | | |
| နံနက် ၁:၀၀ | အတ္တလန္တာ | - | ဖရိုစီနိုနီ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၇-၈-၁၈)** | | | |
| နံနက် ၁:၁၅ | ရိမ်းစ် | - | လိုင်ယွန် |
| **စနေနေ့ (၁၈-၈-၁၈)** | | | |
| ည ၉:၃၀ | ဂူအင်ဂမ့် | - | ပီအက်စ်ဂျီ |
| နံနက် ၀၀:၃၀ | အာမီယံ | - | မောင့်ပယ်လီယာ |
| နံနက် ၀၀:၃၀ | ကိန်း | - | နိုက်စ် |
| နံနက် ၀၀:၃၀ | ဒီဂျွန် | - | နန့်စ် |
| နံနက် ၀၀:၃၀ | မိုနာကို | - | ဘိုင်လီ |
| နံနက် ၀၀:၃၀ | ရိန်းစ် | - | အန်ဂျာစ် |
| **တနင်္ဂနွေနေ့ (၁၉-၈-၁၈)** | | | |
| ည ၇:၃၀ | စထရက်ဘော့ချ် | - | စိန့်အက်တီယန် |
| ည ၉:၃၀ | တူးလောက်စ် | - | ဘော်ဒိုး |
| နံနက် ၁:၃၀ | နီမက်စ် | - | မာဆေး |

STI MYANMAR UNIVERSITY

ကမ္ဘာ့အဆင့်မီဘွဲ့ ရယူလိုက်ပါ။

## FACULTY OF EDUCATION & LINGUISTICS

# MA Applied Linguistics (TEFL)



University of Bedfordshire, UK မှ ချီးမြှင့်သော MA Applied Linguistics (TEFL) မဟာဘွဲ့သင်တန်း၏ September 2018 Intake လျှောက်ထားလိုသူများအတွက်

- Special Grant အနေနှင့် USD 3,000 သက်သာခွင့် ရရှိမည်ဖြစ်ပါသည်။
- အထက်အရာရှိ (သို့မဟုတ်) ဆရာ၊ ဆရာမများ၏ Recommendation နှင့်အတူ လျှောက်ထားရပါမည်။
- သက်ဆိုင်ရာ ဘွဲ့တစ်ခုခုရရှိပြီး IELTS 6.5 ရရှိထားရပါမည်။
- Part Time (Sat, Sun) Programme ဖြစ်ပြီး 2 နှစ် မှ 3 နှစ် အထိကြာမြင့်မည်ဖြစ်ပါသည်။
- STI မှ Diploma in TESOL အောင်မြင်ပြီးသူများ အတွက်ဘာသာရပ်ဆိုင်ရာကင်းလွတ်ခွင့်ရရှိနိုင်ပါသည်။
- ကျောင်းလခကိုလည်း လစဉ် အရစ်ကျ 18 ကြိမ်အထိ ပေးသွင်းနိုင်ပါသည်။

WORLD CLASS DEGREE IN PARTNERSHIP WITH

University of Bedfordshire

Admissions Open
Apply Today

- Building-10, MICT Park, University Hlaing Campus, Hlaing Township, Yangon. Tel: 09955 1234 48 ~ 49
- No.377,387/397, Upper Shwe Bon Thar St., Pabedan Township, Yangon. Tel: 09420 1831 55, 09420 1317 30
- B-15/16, Corner of 66th & Thazin Street, Chan Mya Tharzi Township, Mandalay. Tel: 09783 8000 62~64

https://www.facebook.com/STIMyanmarUni www.stiedu.net


၄ နှစ်ပြည့်အထိမ်းအမှတ်
ရွှေဒင်္ဂါးလက်ဆောင်
My Ooredoo app မှ ငွေဖြည့်ပြီး
ရွှေဒင်္ဂါး ၆၄ ပြားကို ကံစမ်းလိုက်ပါ
နေ့စဉ် ရွှေဒင်္ဂါးပြား (ငါးမူးသား) ကံထူးရှင် ၄ ယောက်
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်မှ ၃၁ ရက်နေ့အထိ
ooredoo
ကျေးကျေးနော်
မြန်မာ
My Ooredoo app ကို ရယူရန်
*565#
GET IT ON Google Play
Download on the App Store
ooredoo
ပျော်ရွှင်ခံစား အင်တာနက်စွမ်းအား

**အမည်မှန်**

မူဆယ်မြို့နယ်၊ စယ်လန့် အထက ကျောင်းခွဲ တက္ကသိုလ်ဝင်တန်းမှ မအိုင်ကစ်၏အမည်မှန်မှာ မလွေးအိုင်ကစ်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးအိုက်လိမ်ဖြစ်ပါကြောင်း။ **ဦးအိုက်လိမ်**

---

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**သထုံခရိုင်တရားရုံးတော်၌**

**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၅နှင့် ဆက်နွယ်သည့်**

**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၁၃**

ဒေါ်ဥမ္မာထွန်း **နှင့်** ၁။ ဦးဝင်းသိန်း
၂။ ဒေါ်ဝေဝေခိုင်
၃။ မသဥ္ဇာဝင်း

**ဒီကရီအနိုင်ရသူ** **တရားရုံးများ**

သထုံမြို့နယ်၊ နန်းခဲရပ်ကွက်၊ နန္ဒဝန်ကျောင်းလမ်း၊ အမှတ်(၇၇၀)နေ ၁။ ဦးဝင်းသိန်း ၂။ ဒေါ်ဝေဝေခိုင် ၃။ မသဥ္ဇာဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၅တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဥမ္မာထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ဤရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၃ ရက် (၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၈ခုနှစ် ဩဂုတ် ၁၃ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သထုံခရိုင်တရားရုံး**

---

**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**

**မကွေးခရိုင်တရားရုံးတော်**

**၂၀၁၈ ခုနှစ် တရားမအယူခံမှုအမှတ်-၃၁**

ကိုငြိမ်းထက် **နှင့်** ၁။ ကိုအောင်ကိုလတ်
၂။ ကိုဝင်းဘို

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၈ခုနှစ်၊ မတ်လ ၉ရက်စွဲပါ

မြို့သစ်မြို့နယ်တရားရုံးတော်မှ ကြားဖြတ်အမိန့်နှင့် ထုံးပုံကျအပြီးသတ်အမိန့်ကို အယူခံမှု။

(၁)အယူခံတရားပြိုင် ကိုအောင်ကိုလတ်၊ ရုံးတောကျေးရွာ၊ အင်းကန်ကျေးရွာအုပ်စု၊ နတ်မောက်မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မြို့သစ်မြို့နယ်တရားရုံးတော်က ချပေးသည့် ကြားဖြတ်အမိန့်နှင့် ထုံးပုံကျ အပြီးသတ်အမိန့်အပေါ် အယူခံတရားလို ကိုငြိမ်းထက်က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၆ရက် (၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ကြားဖြတ်အမိန့်နှင့် ထုံးပုံကျ အပြီးသတ်အမိန့်ကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဩဂုတ် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**ဒုတိယခရိုင်တရားကြီး(၂)**
**မကွေးခရိုင်တရားရုံး**

---

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၁၅ နှင့်ဆက်နွယ်သည့်**

**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၁၃၅**

ဒေါ်စီစီအေး **နှင့်** ဦးဝင်းအောင်(ခ)
ဦးစောဝင်းအောင်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မန္တလေးမြို့၊ ရတနာပုံမြို့သစ်၊ အေးသုခလမ်းနှင့် အေးမေတ္တာလမ်းကြား၊ ဒ၁-၄၄/၃၁၊ ၅၅×၅၆လမ်းကြားနေ ဦးဝင်းအောင်(ခ)ဦးစောဝင်းအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၁၅တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၄ ရက် (၁၃၈၀ ပြည့်နှစ် တော်သလင်းလပြည့်နေ့) မွန်းမတည့်မီ ၉း၃၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၈ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမြတ်မြတ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဋမြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ်-၉၊ မြေကွက်အမှတ် ၁၅၈၊ မြေဧရိယာ ၀ဒ၁သမ၀၉၆ဧကအား ဦးတင်မြင့် ၁၁/ဘသတ(နိုင်)၀၀၉၈၃၇ က ဦးသန်းမောင် ၁၁/ဂမန(နိုင်)၀၂၈၉၈၀ထံမှ ၁၄-၁၀-၁၉၈၂ရက်တွင် ဝယ်ယူခဲ့ပါသည်။ ယခုအခါ ၎င်းမြေကွက်အား ဦးတင်မြင့် ၁၁/ဘသတ(နိုင်)၀၀၉၈၃၇ မှ မြေငှားဂရန်ရရှိရေးအတွက် စာရွက်စာတမ်းအထောက်အထားများဖြင့် သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**သံတွဲမြို့**

---

**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်သို့**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**

**မကွေးခရိုင်တရားရုံးတော်**

**၂၀၁၈ ခုနှစ် တရားမအယူခံမှုအမှတ်-၃၃**

ကိုကျော်လင်းဌေး **နှင့်** ၁။ ကိုအောင်ကိုလတ်
၂။ ကိုဝင်းဘို

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၈ခုနှစ်၊ မတ်လ ၉ရက်နေ့စွဲပါ

မြို့သစ်မြို့နယ်တရားရုံးတော်မှ ကြားဖြတ်အမိန့်နှင့်ထုံးပုံကျ အပြီးသတ်အမိန့်ကို အယူခံမှု။

(၁)အယူခံတရားပြိုင် ကိုအောင်ကိုလတ်၊ ရုံးတောကျေးရွာ၊ အင်းကန်ကျေးရွာအုပ်စု၊ နတ်မောက်မြို့နယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ယခုအမှုတွင် မြို့သစ်မြို့နယ်တရားရုံးတော်က ချပေးသည့်ကြားဖြတ်အမိန့်နှင့် ထုံးပုံကျအပြီးသတ်အမိန့်အပေါ် အယူခံတရားလို ကိုကျော်လင်းဌေးက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းသွင်း၍ ထိုအယူခံမှုကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၆ရက်(၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင်သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ကြားဖြတ်အမိန့်နှင့်ထုံးပုံကျအပြီးသတ်အမိန့်ကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဩဂုတ် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မကွေးခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မော်လမြိုင်ခရိုင်တရားရုံးတော်**

**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၉၈**

ဦးကျော်ဇင်လတ် **နှင့်** ဦးစစ်ပိုင်ဟိန်း

**တရားလို** **တရားပြိုင်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သီရိမင်္ဂလာရပ်ကွက်၊ သီရိမင်္ဂလာအိမ်ရာ၊ ပထမထပ်၊ တိုက်ခန်းအမှတ် (အိုင်-၁၀၆) (ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း ၇၀၂၅၀၀၀၀/-ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဩဂုတ် ၂၈ရက် (၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဝင်းလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**မော်လမြိုင်ခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ဥတ္တရသီရိရပ်၊ မြေဧရိယာ ၀ ဒ၁သမ၄၉၉ ဧက၊ မြေကွက်အမှတ် (ဉ-၂၂၀၈)၊ ဦးခင်မောင်စိုး အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်စာချုပ်မြေကွက်ကို ဒေါ်ကြည်သူဇော် ၉/ပမန(နိုင်)၁၉၈၄၉၃ (ဘ)ဦးကျော်မိုးဇော်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၄/၂၀၁၈(၈-၁-၂၀၁၈)တင်ပြ၍ ဦးကျော်စွာလွင် ၉/ပမန(နိုင်)၁၄၅၄၃၁ (ဘ) ဦးမျိုးမြင့်၊ ဒေါ်ပိုင်းနန္ဒာဇော် ၉/ပမန(နိုင်)၁၅၈၄၈၉ (ဘ)ဦးကျော်မိုးဇော်တို့နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**၂၂-၆-၂၀၁၆ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာအပေါ်**

**အများသိစေရန် ရှင်းလင်းကြေညာခြင်း**

ညောင်ဦးမြို့နယ်၊ ကုန်းတန်းကြီးကျေးရွာအုပ်စု၊ ဖျောက်ဆိပ်ပင်ကျေးရွာနေ ဒေါ်စံတင် ၉/ညဥန(နိုင်)၀၇၅၉၀၅(ဘ)ဦးကျော်ခင်၏ သမီးမှ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်မ၏သမီးဖြစ်သူ မသူဇာနွဲ့(ခ)မဂျမ်းပုံကို အမွေစား၊ အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်းကို ၂၂-၆-၂၀၁၆ရက်၌ မြန်မာ့အလင်းသတင်းစာတွင် ကျွန်မနှင့် ကျွန်မခင်ပွန်းက လွှဲအပ်သည်ဟုဆိုကာ အထက်တန်းရှေ့နေ ဒေါ်စုစန္ဒီကိုက ကြော်ငြာခဲ့ပါသည်။ ကျွန်မတို့လင်မယားအနေဖြင့် ရှေ့နေ ဒေါ်စုစန္ဒီကိုထံသွားရောက်ခြင်း၊ သတင်းစာကြော်ငြာရန် လက်မှတ်ရေးထိုးလွှဲအပ်ခြင်းမရှိကြောင်းနှင့် ၂၂-၆-၂၀၁၆ ရက်စွဲပါ သတင်းစာကြော်ငြာမှာ ကျွန်မတို့က ထည့်သွင်းခြင်းမဟုတ်ဘဲ မမှန်မကန်ကြေညာခြင်းသာဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။ ထိုသတင်းစာကြော်ငြာ၌ ပါရှိသောသမီးဖြစ်သူ မသူဇာနွဲ့(ခ)မဂျမ်းပုံကို ကျွန်မတို့လင်မယားက သမီးအဖြစ်မှ မည်သည့်အချိန်ကမှ စွန့်လွှတ်ခဲ့ခြင်းမရှိ၊ ယခုကျွန်မနှင့်အတူနေကြောင်း သိစေအပ်ပါသည်။

၂၂-၆-၂၀၁၆ရက်စွဲပါ သတင်းစာကြော်ငြာမှာ ကျွန်မအပေါ်တွင် လည်းကောင်း၊ မိသားစုအပေါ်တွင်လည်းကောင်း၊ အမျိုးမျိုးနှိပ်စက်စိတ်ဆင်းရဲအောင်လုပ်ခြင်း၊ ကျွန်မအသက်အန္တရာယ်ဖြစ်စေရန်အထိ ကိုယ်ထိလက်ရောက်ရန်ပြုသူ ကိုသိန်းနိုင်မှ ကျွန်မတို့လင်မယား၏ လက်မှတ်အတုများဖြင့် ကျွန်မတို့ဆန္ဒမပါဘဲ မမှန်မကန်ကြေညာခြင်းဖြစ်ကြောင်းနှင့် ကိုသိန်းနိုင် ၉/ညဥန(နိုင်)၀၀၁၁၃၆ မှာ သွာနုတ္တသားဖြစ်ကြောင်း အများသိစေအပ်ပြီး ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သည့်ကိစ္စများ မိခင်ဖြစ်သူကျွန်မနှင့်မသက်ဆိုင်တော့ကြောင်း အများသိရှိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်စံတင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမင်းဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၀၄/၃၁-၅-၂၀၁၈)**
**အမှတ်-၅၊ တိုးချဲ့ရပ်၊ ညောင်ဦးမြို့**
**ဖုန်း-၀၉-၄၃၁၄၆၀၅၂**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/6275 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/1361 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/4283 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/5318 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9J/1123 DAIHATSU HIJET SZ10P ယာဉ်အမည်ပေါက်သူ ဦးမောင်လတ် ၉/မရတ(နိုင်)၀၂၈၉၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၄၇၆၀၇ ဟွန်ဒါဝေ့ NF 100ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်း ၆/သရခ(နိုင်)၀၀၉၈၉၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/9388 SKAT LFJ3048G1Dump Truck(4× 2) ယာဉ်လက်ဝယ်ရှိသူ ဦးနီ ၁၂/လကန(နိုင်)၀၆၅၆၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၉)၊ မြေကွက်အမှတ် (၁၅၀၆)၊ မြေကွက်တည်နေရာအမှတ် (၁၅၀၆)၊ (၇၉)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဦးထွန်းရွှေ (AC - ၀၃၆၈၉၀) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးထွန်းရွှေ ကွယ်လွန်၍ဇနီးဖြစ်သူ ဒေါ်သန်းညွန့် ၁၂/ဥကမ(နိုင်)၀၇၇၂၉၃ထံမှ (၉-၄-၂၀၀၇)ရက်တွင် ဒေါ်ရင်မေမှလည်းကောင်း၊ ဒေါ်ရင်မေ ၅/ဇကန(နိုင်)၀၁၇၅၈၃ထံမှ (၁၁-၇-၂၀၁၃)ရက်တွင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ကိုကျိန်းဟောင် (MSE -၀၂၈၄၈၈)မှ ဝယ်ယူခဲ့ပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ (၁၃-၇-၉၄)ရက်တွင် ထုတ်ပေးထားသည့်ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ဦးထွန်းရွှေ၏ သေစာရင်းမိတ္တူတင်ပြထားပါသည်။ ဒေါ်သန်းညွန့်ထံမှ ဝယ်ယူထားသဖြင့် အမည်ပေါက်နှင့် ဆက်စပ်သည့်အထောက်အထားတင်ပြရန် (သို့) ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့်ထောက်ခံကျမ်းကျိန်လွှာတင်ပြရန် အကြောင်းကြားခဲ့ရာလျှောက်ထားသူမှ ဆက်စပ်စာချုပ်များအရသာ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အမည်ပေါက်နှင့် ဆက်စပ်သည့်အထောက်အထားမိတ္တူသာပါရှိခဲ့ကြောင်း၊ အမည်ပေါက်၏ ဇနီးအားရှာဖွေရန်မှာ မလွယ်ကူတော့ပါသဖြင့် အစစအရာရာ တာဝန်ယူကြောင်း ဝင်စာအမှတ်(၅၀၆၈) (၁၈-၅-၁၈)ဖြင့် ရှင်းလင်းတင်ပြလာပါသည်။ ဌာနမှကွင်းဆင်းစစ်ဆေးရာတွင် သွပ်မိုး၊ ပျဉ်ကာ၊ အိမ်ပျက် တစ်လုံးရှိပါသည်။ ကိုယ်တိုင်မနေပါ။ သို့ဖြစ်ပါ၍ ကိုကျိန်းဟောင်မှ ပါမစ်မူရင်းတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၅)၊ မြေကွက်အမှတ် (၁၁၅၈)၊ မြေကွက်တည်နေရာအမှတ် (၁၁၅၈)၊ (၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဦးဘမြင့် ၁၂/သကတ(နိုင်)၀၁၂၄၁၅ အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပါ ဦးဘမြင့်၏ဇနီးဖြစ်သူ ဒေါ်တင်တင်အေး ၁၂/သကတ(နိုင်)၀၁၆၆၂၆ထံမှ အရပ်ကတိစာချုပ်ဖြင့် (၂၄-၇-၂၀၁၄)ရက်တွင် ဒေါ်စန်းရီ ၁၃/ကမန(ပြု)၀၀၀၂၉၂မှ ဝယ်ယူ၍ ပါမစ်မူရင်း၊ စာချုပ်တို့တင်ပြ၍ နှစ်၆၀ မြေငှား(ဂရန်)လျှောက်ထားလာပါသည်။ လျှောက်ထားသူမှ စာချုပ်အဆက်အစပ်တင်ပြရာတွင် အမည်ပေါက် ဦးဘမြင့်ထံမှ ဝယ်ယူထားခြင်းမဟုတ်ဘဲ ပါမစ်မြေအမည်ပါ ဦးဘမြင့်၏ဇနီးထံမှ ဝယ်ယူထားကြောင်းတင်ပြလာပါသဖြင့် အမည်ပေါက်နှင့် ဆက်စပ်မှုအထောက်အထားများတင်ပြရန်အတွက် အကြောင်းကြားခဲ့ပါသည်။ ဂရန်သစ်လျှောက်ထားသူမှ ဒေါ်တင်တင်အေးထံမှ ဝယ်ယူခဲ့သည်မှာ အချိန်ကြာမြင့်ပြီဖြစ်ပါသဖြင့် ရှာဖွေရန်မဖြစ်နိုင်တော့ကြောင်း၊ မြေကွက်မှာလည်း လက်ဝယ်ရှိကြောင်း၊ မြေကွက်နှင့်ပတ်သက်၍ တာဝန်ယူကြောင်း၊ ဒေါ်တင်တင်အေးမိသားစု ပင်စင်မိတ္တူပူးတွဲ၍ဝင်စာဖြင့် ဝန်ခံကတိပြုတင်ပြလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် (၄၀'×၆၀')ရှိပြီး မြေကွက်လပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပါမစ်မြေအမည်ပါ ဦးဘမြင့်၏ဇနီးဖြစ်သူ ဒေါ်တင်တင်အေးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်စန်းရီမှ ပါမစ်မူရင်းတင်ပြ၍ နှစ် ၆၀ မြေငှား(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၉၇၊ မြေကွက်တည်နေရာအမှတ် ၉၇၊ ဓမ္မရာဇာ(၃)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်တင်တင် (CA-010188)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်တင်တင်သည် ၁၅-၁၂-၂၀၀၄ရက်တွင်လည်းကောင်း၊ (ခင်ပွန်း)ဦးရွှေသည် ၁၂-၁-၁၉၅၈ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်ခင်ညိုညို ၁၂/ဥကတ(နိုင်)၀၈၀၈၁၀မှ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း မိမိမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် ကျိန်ဆိုသော ကျမ်းကျိန်လွှာအမှတ် ၄/၁၀၃၂(၁၉-၄-၂၀၁၈)၊ သေစာရင်းများနှင့် ဒေါ်တင်တင်အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် အုတ်ခံ၊ နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်နေထိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ဒေါ်ခင်ညိုညို ၁၂/ဥကတ(နိုင်)၀၈၀၈၁၀၏အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဖခင်အမည်မှန်

အထက (၁) အောင်လံမြို့၊ တက္ကသိုလ်ဝင်တန်းမှ မသံစဉ်ချို၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ၁၁/ကဖန(နိုင်)၀၇၄၈၅၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျောက်တံခါး အထက တက္ကသိုလ်ဝင်တန်း (E)မှ မောင်ငြိမ်းချမ်းလှိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန်းစိုးငြိမ်း ၇/ကတခ(နိုင်)၁၀၂၂၅၇ ဖြစ်ပါသည်။ **ဦးသန်းစိုးငြိမ်း**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ အထက (ပေါင်မြို့)၊ အဌမတန်းမှ မိအိဖြိုးသွယ်၏ ဖခင်အမည်မှန်မှာ ဦးကြည်ဝင်း ၁၀/ရမန(နိုင်)၁၁၆၄၆၂ ဖြစ်ပါကြောင်း။ **ဦးကြည်ဝင်း**

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ မုတ္တမ၊ အထက၊ ဆင်ဖြူရပ်၊ တက္ကသိုလ်ဝင်တန်းမှ မောင်သက်ပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးခင်သန်း ၁၂/လသယ(နိုင်)၀၇၂၅၈၆ ဖြစ်ပါကြောင်း။ **ဦးခင်သန်း**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်သူလင်းနှင့် အထက (၁)၊ သတ္တမတန်းမှ မရွှေဝါတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ဖြစ်ပါသည်။ **ဦးသန်းထွန်း**

## မိဘအမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက (ရွာလွတ်)၊ တက္ကသိုလ်ဝင်တန်းမှ မအေးစန္ဒာထွန်း၏ မိဘအမည်မှန်မှာ ဦးမိုးမြင့်နိုင်နှင့် ဒေါ်ဆန်းညွန့်ရီ ဖြစ်ပါကြောင်း။ **ဦးမိုးမြင့်နိုင်-ဒေါ်ဆန်းညွန့်ရီ**

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုမြို့နယ်၊ ထနောင်းဝင်းကျေးရွာ အမက ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်နှင့်ဒေါ်ခင်စန်းမြင့် ၅/ရဘန(နိုင်)၀၁၀၅၆၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ခင်စန်းမြင့်(ခ)ဒေါ်စန်းစန်းမြင့်**

## အမည်ပြောင်း

ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာ ဦးကျော်ဝေ - ဒေါ်တင်သန်းထိုက်တို့၏သား ဦးဇော်မင်းထွန်း ၅/ရဘန(နိုင်)၁၅၇၀၀၉ အား ဦးမဲသီးဟု ပြောင်းခေါ်ပါရန်။ **ဦးမဲသီး**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ် တာမွေလေးရပ်ကွက်၊ တိုက်အမှတ် N-2အခန်းအမှတ် 304 မင်းရဲကျော်စွာအိမ်ရာနေ ဒေါ်သီတာ(ခ)ဒေါ်သီတာလှမောင် ၁၂/ရကန(နိုင်)၀၅၄၂၉၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်

စစ်ကိုင်းမြို့၊ မိုးဇာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄/အပ်ချုပ်စု)၊ ဦးပိုင်အမှတ်(၂၄/ခ)၊ မြေဧရိယာ ၀ဒ၁သမ၁၅၄ဧက ရှိသော ဦးစိန်အောင်-ဒေါ်စန်းစန်း အမည်ပေါက် မြေငှားဂရန် အမှုတွဲအမှတ် ELR.3(Volume II)RP.No 174 of 1993 (30)Years မြေငှားဂရန်သက်တမ်း ၁-၇-၁၉၉၃ မှ ၃၀-၆-၂၀၂၃အထိ နှစ်(၃၀)မြေငှားဂရန်ကို ဦးမင်းစိုး ၅/စကန(နိုင်)၁၅၇၉၀၂၊ မိုးဇာရပ်ကွက်၊ စစ်ကိုင်းမြို့မှ ၎င်း၏အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးနိုင်ပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူမည်သူမဆို ၎င်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၄ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

# ကျိုက်ဒေးယျုံ(ရန်ကုန်) အာနန္ဒာစေတီတော် ဂေါပကအဖွဲ့ရုံး

## အသိပေး အကြောင်းကြား နှိုးဆော်စာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ခ ရပ်ကွက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ကျိုက်ဒေးယျုံ(ရန်ကုန်) အာနန္ဒာစေတီပရိဝုဏ်အတွင်းရှိ နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ တည်ထားကိုးကွယ်ရာ မဟာဝုန်တောသည် လေဒဏ်၊ မိုးဒဏ်များကြောင့် ပျက်စီးခြင်း၊ ယိုယွင်းခြင်း၊ မိုးတွင်းအခါများတွင် မိုးရေနှင့် ပြင်ပမှ မြောင်းရေများ၊ တစ်မိုးတွင်းလုံး ရေများဝင်ရောက်လျက်ရှိရာ အနိမ့်ပိုင်းနေရာများတွင် ကန်သဖွယ်ဖြစ်လျက်ရှိပါသည်။

သို့ပါသောကြောင့် နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်အား ကုန်းမြင့်နေရာသို့ ရွှေ့ပြောင်းခြင်း၊ မြေနိမ့်နှင့် ရေဝပ်သောနေရာများအား မြေဖို့ခြင်းလုပ်ငန်းများကို ဩဝါဒစရိယ ဆရာတော်များ၏ ခွင့်ပြုချက်အရ မြေဖို့ခြင်းလုပ်ငန်းကို စတင် ဆောင်ရွက်လျက်ရှိပါသည်။

ရုပ်ပွားတော်များ၏ မူလအလှူရှင်များနှင့် ပြုပြင်လိုသော အလှူရှင်အသစ်များသည် ဤအသိပေးအကြောင်းကြား နှိုးဆော်စာထည့်သည့်ရက်မှစ၍ တစ်လအတွင်း ဆက်သွယ်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဂေါပကအဖွဲ့

SEVEN စံ မာ်
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်) အိမ်အရောက် ငွေပေးချေသည်။ 'ပွဲခလုံးဝမယူပါ'။
09 - 33 333 511, 09 - 33 333 514, 09 - 33 333 644

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။
အိမ်အရောက် ငွေချေမည်၊ ပွဲခပေးရန်မလို
ဖုန်း 01-2339310,01-2339355,01-578044

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ချယ်ရီဥယျာဉ်မြို့တော်၊ ကွန်ဒိုမီယံ(၁) အခန်းအမှတ် 3(B)နေ ဦးထွန်းခင်သန်း၏သား မောင်ဇေယျာဘုန်းမြင့်အား မောင်ဇေယျာပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/3642၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၈-၂၀၁၈ရက် စာမျက်နှာ(၂၉) တွင်ပါရှိသော အများသိစေရန် ရှေ့နေဒေါ်မေသွယ်တင်လတ် ကြော်ငြာတွင် သာကေတစက်မှုဇုန်ရပ်ကွက်၊ မြမာလာလမ်း အမှတ်(၁၁၃) အစား သာကေတ စက်မှုဇုန်ရပ်ကွက် မြန္မာလမ်း အမှတ်(၁၁၃)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၄၃၇၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ပေါက်နွယ်ခြံအုပ်စု၊ သံပုရာပင်ကျေးရွာနေ ၇/ပခန(နိုင်)၀၅၀၄၆၄ကိုင်ဆောင်၏ အမည်မှန်မှာ ဦးစန်းမောင်ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ ကွမ်လှာကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကွမ်လှာ သတ္တမတန်းမှ မစုစုမင်း၏ ဖခင်အမည်မှန်မှာဦးဇော်လင်း ၈/မကန(နိုင်)၁၃၃၀၆၂ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဝေယံထူး ၁၂/တမန(နိုင်)၁၁၃၀၂၁၏ Passport No MC 903901 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၂၁၆၉၂၃၇

## ဖခင်အမည်မှန်

အင်းစိန်မြို့နယ် အထက(၁)၊ အဋ္ဌမတန်း(F)မှ မဖြူစင်သွယ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မင်းခိုင် ၈/မသန(နိုင်)၀၆၄၉၇၄ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ထင်ကျော် ၁၂/တတန(နိုင်)၁၆၄၉၀၃၏ သင်္ဘောသား SID လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ထင်ကျော် CDC-90135**

ဖုန်း-၀၉-၇၈၅၃၉၉၅၄၅

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/5296၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/5684၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/4087၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၄၇**

ဒေါ်ခင်ချမ်းမြေ့ နှင့် ဦးစိုးမင်းသိန်း
**တရားလို** **တရားပြိုင်**

အမှတ် ၇၂၊ တကောင်း ၄လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ယခုနေရပ်လိပ်စာမသိ) ဦးစိုးမင်းသိန်း သိစေရမည်။

တရားလိုက ငွေကျပ် ၆၉ သိန်းနှင့် နစ်နာကြေးငွေကျပ် ၂၁ သိန်း၊ စုစုပေါင်း ငွေကျပ်သိန်း ၉၀ ရလိုမှုနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် စက်တင်ဘာ ၁၄ရက်(၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းဟေမာန်ဝင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့)၊ ဦးပိုင်အမှတ် ၁၁၃၈၊ ဧရိယာ ၀ဒသမ၀၆၉ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၇၁၇-၅/၂၀၀၂-၂၀၀၃(စီ)သည် ဒေါ်သန်းသန်းအေးမှအမည်ပေါက်ပိုင်ဆိုင်ပြီး စာချုပ်မှတ်ပုံတင်အမှတ် ၇၇၉ VI/၂၀၁၂အရ အထူးကိုယ်စားလှယ်လွှဲအပ်ခံရသူ မောင်ရင်ဟွာမှ ၈-၃-၁၈ရက်တွင် ဒေါ်ရီးလီအား အရောင်းအဝယ်စာချုပ်အမှတ် ၁၁၀I/၂၀၁၈ ဖြင့် တရားဝင်လွှဲပြောင်း ရောင်းချပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ရာ ကန့်ကွက်လိုသူများရှိက အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက် ၂၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်ရက်ကျော်လွန်ပါက ဒေါ်ရီးလီ ၁၃/တယန(နိုင်)၀၁၇၂၂၀အား လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ ၉၊ အကွက်အမှတ်(၁+၁၀)တိုးချဲ့၊ ဦးပိုင်အမှတ် ၆၃၄၊ ဧရိယာ ၀ဒသမ၀၉၆ဧကရှိ အမှုတွဲအမှတ် ၁၉၉-၅/၂၀၀၅-၂၀၀၆(စီ) ဖြင့် ဦးမားယုဝေ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းမှာ(၂၆-၈-၂၀၀၄)ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏ဇနီးဒေါ်နန်စီမှ ကျမ်းကျိန်၍ ၁၈-၉-၂၀၁၂ရက်တွင် ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၉၄I/၂၀၁၂ ဖြစ် ချုပ်ဆိုပိုင်ဆိုင်ထားပြီး ဒေါ်နန်စီမှ ဒေါ်ဟွမ်လင်းအား စာချုပ်မှတ်ပုံတင်အမှတ် ၃၉၄၁/၂၀၁၅ဖြင့် အထူးကိုယ်စားလွှဲအပ်ပေးပြီးဖြစ်ရာ ၎င်းအထူးကိုယ်စားလှယ်ရရှိသူမှ ဒေါ်နန်စီ အမည်ပြောင်း လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက် ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်ရက်ကျော်လွန်ပါက လျှောက်ထားသူ ဒေါ်နန်စီ ၁၃/လရန(နိုင်)၀၅၄၈၈၆အား လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၇)၊ အကွက်အမှတ်(၃၁/ပန်လုံရပ်)၊ ဦးပိုင်အမှတ် (င⁹/၃၂)၊ ဧရိယာ ၀ဒသမ၁၆၀ဧကရှိအမှုတွဲအမှတ် ၂၄၂-၅/၂၀၀၆-၀၇(အေ)အား ဦးစိုင်းအောင်မြတ် အမည်ပေါက်ပိုင်ဆိုင်ထားပြီး ၂၇-၄-၂၀၁၁ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းအမှတ် ၁၂၉I/၂၀၁၁အရ ဒေါ်ချိုချိုမြင့်သည် အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်၍ ဒေါ်ချိုချိုမြင့် ၁၃/လရန(နိုင်)၀၇၈၁၀၀မှ အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ရက် ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်းထပ်မံအသစ် လျှောက်ထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၄၄**

ဦးကျော်ဝေ နှင့် ၁။ ဒေါ်ယဉ်ယဉ်ဌေး
၂။ ဦးဇော်ထွန်းမြင့်
၃။ ဦးစောမောင်
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၅၅၈/ခ နေ ဦးဇော်ထွန်းမြင့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်ဝေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ မြေကွက်အမှတ် (၅၁၉)ဟူသော မြေကွက်၏ရောင်းဖိုးငွေ ၁၆၂၀၀၀၀၀/-နှင့် နစ်နာကြေးငွေသိန်း ၁၀၀ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဩဂုတ် ၃၀ ရက် (၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဩဂုတ် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်းမ အမှတ်-၂၁၉ ဟုခေါ်တွင်သော (၂)ခန်းတွဲတိုက်၏ တိုက်ကိုမျက်နှာမူ(ဘယ်)(ဖြ-လွှာ)၊ အကျယ်အဝန်း (၁၂ပေ×၅၀)ပေရှိ တိုက်ခန်းဖြစ်ပြီး ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေမော်တာ၊ မီတာ၊ အဲယားကွန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသော ဒေါ်နှင်းနှင်းဦး [၁၂/စခန (နိုင်)၀၆၅၁၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ ဤကြေညာပါပြီး (၇)ရက်အတွင်း တိုက်ခန်းနှင့်ပတ်သက်သည့်စာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်အတူ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်လုံလုံဝင်းဟန် ( LL.B )
တရားလွှတ်တော်ရှေ့နေ ( စဉ်-၆၁၆၃ )
အမှတ်-၉/၁၁၊အခန်းအမှတ်-၁၀၁(အေ)၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
၀၉ ၅၀၀၆၈၄၃

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေ/မြောက်ရပ်ကွက်၊ ဦးရွှေမှန်လမ်း၊ အမှတ် (၁၄၁)တွင် ဆောက်လုပ်ထားသော သုံးထပ်ခွဲ ကန်ထရိုက်တိုက်မှ ပထမထပ် သုံးလွှာနှင့် ဒုတိယထပ်လေးလွှာတိုက်ခန်းများနှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်သပြေလမ်း၊ အမှတ် (၆၈)နေ ဒေါ်ခင်မြစိုး ၁၂/စခန(နိုင်)၀၃၃၂၆၆၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာလိုက်သည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြစိုးသည် ၁၉-၇-၂၀၁၃ရက်စွဲပါ မြေရှင် ဒေါ်ခင်ဝင်း၊ ဒေါ်ခင်ဌေးတို့နှင့် ကန်ထရိုက်တာ ဦးတင်ဝင်းတို့ချုပ်ဆိုခဲ့သော မြေရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူ တိုက်ဆောက်လုပ်ခြင်းလုပ်ငန်း ကတိစာချုပ်အရ ကန်ထရိုက်တာဦးတင်ဝင်းမှ ၎င်းရပိုင်ခွင့်ရှိသော အထက်ဖော်ပြပါ သုံးထပ်ခွဲတိုက်မှ ပထမထပ်သုံးလွှာနှင့် ဒုတိယထပ် လေးလွှာတိုက်ခန်းများအား ရောင်းချရန် ကမ်းလှမ်းခဲ့သောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြစိုးသည် ကန်ထရိုက်တာဦးတင်ဝင်းထံမှ (၉-၁-၂၀၁၇)ရက်က နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ပထမထပ် သုံးလွှာ တိုက်ခန်းအား အရောင်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀၀၀/-(ကျပ်သိန်းနှစ်ရာလေးဆယ့်ငါးသိန်းတိတိ)ဖြင့်လည်းကောင်း၊ ၉-၁-၂၀၁၇ရက်တွင်ပင် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်ဖြင့် ဒုတိယထပ်လေးလွှာတိုက်ခန်းအား အရောင်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀/-(ကျပ်သိန်းနှစ်ရာတိတိ)ဖြင့်လည်းကောင်း၊ အထက်ဖော်ပြပါတိုက်ခန်း နှစ်ခန်းအား စုစုပေါင်း အရောင်းတန်ဖိုးငွေကျပ် ၄၄၅၀၀၀၀၀/-(ကျပ်သိန်းလေးရာလေးဆယ့်ငါးသိန်းတိတိ)တို့အား အဆင့်ဆင့်အပြေအကျေ ပေးချေခဲ့ပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ တိုက်ခန်းများအား ကန်ထရိုက်တာ ဦးတင်ဝင်းမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြစိုးထံသို့ ၁၆-၂-၂၀၁၈ရက်တွင် လက်ရောက်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ တိုက်ခန်းများနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြစိုးမှသာ တရားဝင်လက်ရှိထားပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်နွယ်နီအောင် (LL.B, LL.M, D.I.R) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၈)
ဒေါ်ခိုင်ခိုင်ထွန်း (LL.B, DIPL) အထက်တန်းရှေ့နေ(စဉ်-၄၆၉၆၄)
အမှတ် (၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈၊ ၀၉-၃၃၇၄၈၀၇၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၅)၊ အကွက်အမှတ်(၂၅/တရုတ်ဈေးတန်း)၊ ဦးပိုင်(၂၂/စ)၊ ဧရိယာ ၀ ဒသမ ၄၀၄ဧကရှိ မြေဂရန် အမှုတွဲအမှတ် ၁၀၁-၅/၂၀၁၁-၂၀၁၂ ဦးယောပေါက် အမည်ပေါက် မြေဧရိယာမှ ၀ဒသမ၀၃၇ဧကအား ၁၀-၁၁-၁၆ရက်တွင် ညီမဖြစ်သူ မရောက်မေ အားပေးကမ်းခြင်း စာချုပ်အမှတ် [၃I/၂၀၁၇] ဖြင့်လည်းကောင်း၊ ၀ ဒသမ ၀၃၇ဧကအား ၁၀-၁၁-၁၆ရက်တွင် ညီမဖြစ်သူ မဆုံးမွှေးအား ပေးကမ်းခြင်းစာချုပ်အမှတ် [၅I/၂၀၁၇] ဖြင့်လည်းကောင်း၊ ၀ ဒသမ၀၈၀ဧကအား ၁၀-၁၁-၁၆ရက်တွင် ညီမဖြစ်သူ မစွမ်းတီအား ပေးကမ်းခြင်း စာချုပ်အမှတ် [၇I/၂၀၁၇]ဖြင့်လည်းကောင်း၊ ၀ဒသမ ၀၉၄ဧကအား ၇-၃-၁၈ရက်တွင် ညီမဖြစ်သူ မစွမ်းတီအား ပေးကမ်းခြင်းစာချုပ်အမှတ် [၁၁၁I/၂၀၁၈] ဖြင့် လည်းကောင်း အသီးသီးပေးကမ်းပြီးဖြစ်၍ ဦးပိုင်ခွဲစိတ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၂၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူ မရောက်မေ ၁၃/လရန(နိုင်)၁၆၅၇၅၂၊ မဆုံးမွှေး ၁၃/လရန(နိုင်)၁၆၉၇၇၈၊ မစွမ်းတီ ၁၃/လရန(နိုင်)၁၆၅၅၆၀ တို့အား ဦးပိုင်ခွဲစိတ်ခွင့် ထုတ်ပေးနိုင်ရေးဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၅)၊ အကွက်အမှတ်(၂၅/တရုတ်ဈေးတန်း)၊ ဦးပိုင်(၂၂/င)၊ ဧရိယာ ၀ ဒသမ ၅၀၂ဧကရှိ မြေဂရန် အမှုတွဲအမှတ်၀၉၉-၅/၂၀၁၁-၂၀၁၂ ဦးလီရောက်ယု အမည်ပေါက်မြေဧရိယာမှ ၀ ဒသမ ၀၅၈ဧကအား ၁၀-၉-၁၆ရက်တွင် သမီးဖြစ်သူ မရောက်မေအား ပေးကမ်းခြင်း စာချုပ်အမှတ် [၄I/၂၀၁၇] ဖြင့်လည်းကောင်း၊ ၀ ဒသမ ၀၄၃ဧကအား ၁၀-၁၁-၁၆ရက်တွင် သမီးဖြစ်သူ မဆုံးမွှေးအား ပေးကမ်းခြင်းစာချုပ်အမှတ် [၆I/၂၀၁၇]ဖြင့်လည်းကောင်း အသီးသီးပေးကမ်းပြီးဖြစ်၍ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၂၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူ မရောက်မေ ၁၃/လရန(နိုင်)၁၆၅၇၅၂၊ မဆုံးမွှေး ၁၃/လရန(နိုင်)၁၆၉၇၇၈ တို့အား ဦးပိုင်ခွဲစိတ်ခွင့်ထုတ်ပေးနိုင်ရေးဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)တွင်နေထိုင်သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးဆွဲပြီး မြေငှားဂရန်/လိုင်စင်အသစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၂၀ အတွင်း လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်/လိုင်စင် ထုတ်ပေးနိုင်ရေးဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည်/ မှတ်ပုံတင်အမှတ် | ရပ်ကွက်/ နယ်မြေ | အကွက်အမှတ် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | ပိုင်ဆိုင်မှု |
|---|---|---|---|---|---|---|
| ၁ | ဦးအိုက်ထွန်း ၁၃/လရန(နိုင်)၀၀၄၅၃၂ | ၁၂/၁၃ | ၃၄/ရှမ်းဈေးတန်းရပ် | ၉/င | ၀.၁၉၄ | မြေခွန်ပြေစာဖြင့် |
| ၂ | ဒေါ်နန်းစိန်ညွှန့် | ၁၂/၁၃ | ၃၄/ရှမ်းဈေးတန်းရပ် | ၉/ဃ | ၀.၁၁၀ | မြေခွန်ပြေစာဖြင့် |
| ၃ | ဒေါ်နန်းဆိုင်ခမ်း | ၁၂/၁၃ | ၃၄/ရှမ်းဈေးတန်းရပ် | ၉/ဆ | ၀.၁၃၁ | မြေခွန်ပြေစာဖြင့် |
| ၄ | ဒေါ်နန်းခမ်းဆာ | ၁၂/၁၃ | ၃၄/ရှမ်းဈေးတန်းရပ် | ၉/စ | ၀.၃၀၈ | မြေခွန်ပြေစာဖြင့် |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

ကျွန်မ မဘောက်နန် ၁၃/နမတ(နိုင်)၀၃၇၅၃၈ နှင့် ဦးအောင်မြင် ၁/မကန(နိုင်)၁၀၁၄၆၇ တို့သည် ၈-၈-၂၀၁၈ ရက်တွင် နှစ်ဖက်မိဘများရှေ့၌ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း။

**မဘောက်နန်**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(A)မှ စိုင်းလှဝင်း၏ ဖခင်အမည်မှန်မှာ ဦးဆန်ခင် ၁၃/လရန(နိုင်)၁၁၃၉၇၂ ဖြစ်ပါသည်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၈)၊ သိန္နီလမ်း၊ နယ်မြေ(၇)၊ အိမ်အမှတ်(၂)၊ ဖိနပ်ကမ္ဘာဆိုင်နေ ကျွန်မ ဒေါ်ရင်စိုးလန့်(ခ) ဒေါ်စောလှိုင် ၁၃/ကခန(နိုင်)၀၁၃၂၆၈ နှင့် ဦးလျိုကျုံးရှင့် ၁၃/ကခန(နိုင်)၀၁၈၈၄၅ တို့၏ သားဖြစ်သူ မောင်အောင်မြင့်တိုး ၁၃/ကခန (နိုင်)၀၅၈၂၆၅ သည်မိခင်ဖြစ်သူ ကျွန်မအပေါ်၌ သားသမီးဝတ္တရားမကျေပွန်ပဲ ဆဲဆိုကြိမ်းမောင်း ရိုက်နှက်ခဲ့ပါသည်။ ကျွန်မအားအလွန်တရာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ခဲ့ပါသည်။ ၎င်းအပြင် ကျွန်မ အသက်ရှိစဉ်ကာလ၌လည်း အမွေတောင်းခံခြင်းများ ပြုလုပ်နေပါသဖြင့် ယခုအချိန်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

**ဒေါ်ရင်စိုးလန့်(ခ)ဒေါ်စောလှိုင်**
**၁၃/ကခန(နိုင်)၀၁၃၂၆၈**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဝက်လက်မြို့နယ်ရှိ ရေထွက်ပျိုးဥယျာဉ်၊ ရွှေဘိုမြို့ ရွှေဘုံရတနာမင်္ဂလာနန်းတော်နှင့် မုံရွာမြို့နယ် ကျောက္ကာ(မြောက်)ကျေးရွာရှိ မြန်မာ့ရိုးရာလက်မှုပညာယွန်းထည်လုပ်ငန်းများသို့ သွားရောက်ကြည့်ရှု

မုံရွာ ဩဂုတ် ၁၆

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်မှ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့သို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဝက်လက်မြို့နယ်အတွင်းရှိ ရေထွက်ပျိုးဥယျာဉ်သို့ရောက်ရှိကြရာ ပျိုးဥယျာဉ်ရှင်းလင်းဆောင်၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ရေထွက်ပျိုးဥယျာဉ်၏ နောက်ခံသမိုင်းနှင့် ပျိုးဥယျာဉ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက တိုင်းဒေသကြီး သုံးခုအတွင်းရှိ ခရိုင် ၁၃ ခရိုင်တွင် အပူပိုင်းဒေသ

စာမျက်နှာ ၄ ကော်လံ ၁ ❑




ဒုတိယသမ္မတ ဦးမြင့်ဆွေ မုံရွာမြို့နယ် ကျောက္ကာ(မြောက်)ကျေးရွာရှိ ငွေကြယ်စင်မြန်မာ့ရိုးရာလက်မှုပညာယွန်းထည်လုပ်ငန်းမှ ယွန်းအချောထည်များကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ သတင်းစာရှင်းလင်း



နေပြည်တော် ဩဂုတ် ၁၆

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအကြံပေးအဖွဲ့၏ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးတည်သည့် အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်ခြင်းနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ M-Gallery Hotel ၌ ကျင်းပသည်။** (ဓာတ်ပုံ)

သတင်းစာရှင်းလင်းပွဲတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ Dr. Surakiart Sathirathai က ယနေ့အကြံပေးကော်မတီ၏ အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်သွင်းခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ် စက်တင်ဘာလအစောပိုင်းကတည်းက စတင်အကောင်အထည်ဖော်ဆောင်ခဲ့သည့် အကြံပြုချက်များနှင့် ပတ်သက်၍ အနည်းငယ်ရှင်းပြလိုကြောင်း၊ ထိုအချိန်ကတည်းက ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ယခုဩဂုတ်လတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၏ အစီရင်ခံစာတင်သွင်းခဲ့သည်မှာ တစ်နှစ်ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ ပထမဆုံး မိမိအနေဖြင့် ကိုဖီအာနန်ကော်မရှင်၏အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ခဲ့သည့် အကောင်အထည်ဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ

စာမျက်နှာ ၄ ကော်လံ ၁ ◆

